
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

#၆


■ စာမူခွင့်ပြုချက်အမှတ် – [ ၅၀၀၃၃၂၀၃၀၇ ]

■ မျက်နှာဖုံးခွင့်ပြုချက်အမှတ် – [ ၅၀၀၃၃၆၀၃၀၇ ]

■ ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ဧပြီလ၊ ၂၀၀၇ ခုနှစ်။

■ ထုတ်ဝေသူ

ဦးအောင်နိုင် (၀၄၂၄၃) (ရွှေအိမ်မှူးစာပေ)

အမှတ် (၂၂၁)၊ (၃၁)လမ်း (အထက်)၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

■ မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဦးတင်အောင်ကျော် (စွယ်တော်ပုံနှိပ်တိုက်) (၀၇၀၅၃)

အမှတ် (၈၇)၊ (၅၆)လမ်းတို၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

■ မျက်နှာဖုံးဒီဇိုင်း – ဥက္ကာ (ATOMIC Digital Art)


■ ကွန်ပျူတာစာစီ – သူသူ (ကွန်ပျူတာ)

■ အတွင်းဖလင် – ဦးအောင်တင်အေးနှင့်သမီးများ

■ စာအုပ်ချုပ် – စွယ်တော်

■ အုပ်ရေ – ၅၀၀ အုပ်

■ တန်ဖိုး – ၁၅၀၀ ကျပ်


www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး

★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး

★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး

★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## (နိဒါန်း)

မိုးသည်းသည့်ညတစ်ည. . .။

ဝင်းခနဲလက်လိုက်သည့် လျှပ်စီးအလင်းရောင်အောက်တွင် [illegible]၏ပြတင်းမှန်ချပ်တို့ ရောင်ပြန်ဟပ်သည်ကိုမြင်နေရသည်။

တဝေါဝေါရွာချနေသည့် မိုးစက်မိုးပေါက်တွေက လေကြမ်း[illegible]မ်းရာအတိုင်း ဒေါသတကြီး တဖြုန်းဖြုန်းတဒုန်းဒုန်း။

တစ်ချက်တစ်ချက်တွင် ကြောက်မက်ဖွယ်ရာ ထစ်ချုန်းလိုက်[illegible] မိုးခြိမ်းသံကိုလည်းကြားရသည်။

မိုးကြိုးပစ်သံတို့ကြားတွင် အိမ်ကြီးတစ်ခုလုံး သွက်သွက်ခါ[illegible]သကဲ့သို့ ထင်ရ၏။

ထိုအချိန်မှာပင် အိမ်ကြီး၏အပေါ်ထပ် အိပ်ခန်းတစ်ခန်းအတွင်း[illegible]တစ်ယောက်၏ သွေးပျက်ချောက်ချားဖွယ်ရာအော်ဟစ်သံက[illegible]ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"အား"

ထိုအမျိုးသမီး၏အော်ဟစ်သံက မိုးခြိမ်းသံတွေ လေကြမ်းတိုက်ခတ်သံတွေကြားမှာရောထွေးပျောက်ကွယ်သွားသဖြင့် ပတ်ဝန်းကျင်ရှိ တခြားအိမ်များက မကြားလိုက်ကြရချေ။

အိမ်ကြီးအတွင်း၌ကား . . .

✳✳✳

ရွှေရောင်ဆံပင် ဖို့ရိုဖားရားနှင့် အသက်(၅၀)ကျော်ခန့်ရှိသော ဥရောပတိုက်သား မျက်နှာဖြူလူမျိုးတစ်ဦး။ သူ့နာမည်က မစ္စတာဆင်မြူရယ်။

ပြာလဲ့သောသူ့မျက်ဝန်းတွေက ရူးသွပ်မှုဖြင့် ချာချာလည်နေသည်။ သူ့လက်ထဲတွင်တော့ သွေးဆာနေသောပုဆိန်ကြီးတစ်လက်။

"ရှင် . . . ရှင် . . . ကျွန်မအနားကိုမလာနဲ့၊ သွား . . . သွား"

သူ့ဇနီးဖြစ်သူကက်သရင်းက ဆင်မြူရယ်၏လက်ထဲမှ ပုဆိန်ကြီးကိုကြည့်ပြီး ကြောက်လန့်တကြားအော်ဟစ်နေ၏။

သူ့ခင်ပွန်း လုံးဝ သွက်သွက်ခါအောင်ရူးသွပ်သွားပြီမှန်းရိပ်မိသောကြောင့် ဆောက်တည်ရာမရအောင် ကြောက်လန့်နေသည်။

ဆင်မြူရယ်နှင့် ကက်သရင်းတို့၏သားငယ်လေးကတော့ ကုတင်ထောင့်မှာ တစ်ကိုယ်လုံး ကျုံ့ကျုံ့လေးကွေးကာ ပုန်းအောင်နေ၏။

ထိုကလေးငယ်ကား ဆင်မြူရယ်တို့လင်မယားနှစ်ယောက်စလုံး မြန်မာပြည်သို့ လာရောက်နေထိုင်ပြီး နှစ်အတော်ကြာမှ မွေးဖွားသူဖြစ်သည့်အပြင် ဒေသခံများနှင့် လက်ပွန်းတတီးအနေကြာသဖြင့် မြန်မာစကားကိုပင် မိခင်ဘာသာစကားထက် ပိုကျွမ်းကျင်နေသူကလေးဖြစ်သည်။

"ဆင်မြူရယ် . . . ရှင် . . . ရှင် . . . ရှေ့တိုးမလာနဲ့နော်"



"ဟား . . . ဟား . . . ဟား"

"ရှင် . . . ရှင် . . . မလုပ် . . . မလုပ်ပါနဲ့"

"ဒုတ်"

"အား"

ကုတင်ပေါ်မှာ သွေးတွေအိုင်ထွန်းသွားသည်။ ကုတင်ထောင့်မှကလေးငယ်က အထိတ်တလန့်ဖြင့် လက်ကိုင်တယ်လီဖုန်းပေါ်ရှိခလုတ်များကို နှိပ်လိုက်၏။

"တီ . . . တီ . . . တီ"

ဖုန်းခေါ်သံရှည်မြည်နေဆဲမှာပင် ပုဆိန်သွားက သူ့လည်ပင်းပေါ်သို့ . . .

"ဒုတ်"

"အား"

မိုးစက်နှင့်သွေးတွေ အရောရောအထွေးထွေး။

အပြင်ဘက်မှာတော့ လေနီကြမ်းကတိုက်ခတ်နေဆဲ။ မိုးခြိမ်းသံတွေ မိုးစက်မိုးပေါက်တွေနှင့် လျှပ်စီးလက်သည့် အလင်းမှုန်ဝါးဝါးအောက်တွင် အိမ်ကြီးသည် ကြန္တြေရစွာငြိမ်သက်နေဆဲ။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"ဒီအိမ်ကြီးကို ဒီလောက်သက်သာတဲ့ဈေးနဲ့ရတယ်ဆိုတော့ တန်တာပေါ့ကွ"

ကျွန်တော့်သူငယ်ချင်းဖြစ်သူ ဇော်မိုးက တအံ့တသြပြော၏။ ကျွန်တော်က ပြုံးရုံသာပြုံးနေလိုက်သည်။

အမှန်အတိုင်းဝန်ခံရလျှင် ဒီအိမ်ကြီးကို ဝယ်ရလျှင်ကောင်းမလားဟုဆိုကာ ကျွန်တော့်မေမေနှင့်အတူ ပထမအကြိမ်လာကြည့်စဉ်ကတည်းက ကျိတ်ပြီးသဘောကျနေခဲ့၏။

တကယ်တမ်းဝယ်ဖြစ်သွားတော့လည်း မထင်မှတ်ထားလောက်အောင် ဈေးသက်သက်သာသာဖြင့် ရလိုက်သောကြောင့် ကျွန်တော့်ဝမ်းသာမှုက ပြောမပြတတ်အောင်ပင်ဖြစ်သည်။

အိမ်ပြောင်းသည့်အခါ ဝိုင်းပြီးသယ်ပိုးကူညီပေးဖို့ ကျွန်တော့်သူငယ်ချင်းတွေနှင့် ကျွန်တော့်ညီမလေး၏ သူငယ်ချင်းတွေ



[illegible]တ်လာကြသည့်အခါတွင်လည်း . . .

"ဟာ. . . အိမ်ကြီးက လှလိုက်တာနော်"

"အပေါ်ထပ်ပတ်ပတ်လည်မှာ ဝရံတာထည့်ထားတော့ ပြင်[illegible]င်ကအိမ်ပုံစံလေးကျနေတာပဲ"

"အရမ်းဘိုဆန်တယ်ကွ"

"တောင်ကုန်းပေါ်မှာ နိမ့်လျှောလေးဖြစ်နေလို့ကို လှနေ[illegible]"

ရင်သပ်ရှုမောဖြစ်ကာ အမျိုးမျိုးချီးမွမ်းကြသည့်စကားတွေ[illegible] နားထောင်ရင်း ကျွန်တော် ပီတိဖြစ်မိ၏။

မီးဖိုချောင်သုံးပစ္စည်းများနှင့် အခန်းထောင့်တွင်ထားရန် ဗီရို[illegible]တစ်လုံးတို့ကို ကျွန်တော်နှင့်ဇော်မိုးတို့နှစ်ဦးသား အိမ်ထဲသို့[illegible]ယ်မကာ နေရာချထားပြီးနောက် ခြေပစ်လက်ပစ် ပင်ပန်းသွား[illegible]ည်။

ကျွန်တော်တို့နှစ်ယောက်သား နံရံကိုမှီကာထိုင်လျက် အပန်း[illegible]နေရင်း ရုတ်တရက် တစ်စုံတစ်ရာကို ကျွန်တော် သတိရသွား[illegible]. . .

"ဟေ့ကောင်. . . ဇော်မိုး၊ မင်းကို ငါ ပြဖို့ တစ်နေရာကျန်[illegible]ဘယ်ကွ၊ သိလား. . . ဒီအိမ်မှာ မြေအောက်ခန်းတစ်ခန်း[illegible]သေးတယ်"

"ဘာ. . . မြေအောက်ခန်းရှိသေးတယ်ဟုတ်လား၊ ဟား. . . [illegible]ယ်ကွာ၊ မြေအောက်ခန်းရှိတဲ့အိမ်ဆိုတာမျိုးကို စာအုပ်ထဲမှာပဲ [illegible]ား တစ်ခါမှ အပြင်မှာ မတွေ့ဖူးဘူးကွ"

"မင်း. . . မြေအောက်ခန်းထဲဆင်းကြည့်မလား၊ ငါလိုက်ပြ[illegible]"

ဇော်မိုးက ချက်ချင်းပင်ခေါင်းညိတ်သည်။

"လုပ်လိုက်လေ. . . ကြာသလားလို့၊ အခုပဲသွားရအောင် [illegible]. . . ထင်သန့်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကဦးဆောင်ပြီး ဇော်မိုးကိုခေါ်ကာ မြေအောက်ခန်းတွင်းသို့ဆင်းသောတံခါးအား ဖွင့်ပြီး လှေကားအတိုင်း ဖြည်းဖြည်းချင်းဆင်းလာခဲ့ကြ၏။

လှေကားရင်းသို့ရောက်ရောက်ချင်း ဇော်မိုးက မြေအောက်ခန်းကို လှည့်ပတ်ကြည့်လိုက်ပြီး . . .

"ဟား. . . အကျယ်ကြီးပါလားကွ လင်းသန့်ရ၊ ဒီအခန်းထဲမှာ စစ်တုရင်ခုံထားပြီး မင်းနဲ့ငါကစားရအောင်၊ မကောင်းဘူးလား"

"သိပ်ကောင်းတာပေါ့"

ကျွန်တော်ကပြုံးရင်း ပြန်ဖြေလိုက်သည်။

ထိုစဉ်မှာပင် . . .

"သားငယ်ရေ. . . လင်းသန့် . . . ဘယ်မှာလဲ. . . မြေအောက်ခန်းထဲမှာလား"

ကျွန်တော့်မေမေ၏အသံကို ကြားလိုက်ရသဖြင့် . . .

"ဟုတ်ကဲ့. . . မေမေ၊ သားတို့ဒီမှာ"

ဟု ပြန်ဖြေလိုက်သည်။ ထင်သည့်အတိုင်းပင် မေမေက. . .

"ရှင်းလင်းလို့ကျင်းရသေးတာလည်းမဟုတ်ဘဲနဲ့၊ တော်ကြာပိုးကောင်မွှားကောင်တွေရှိရင် အကိုက်ခံနေရဦးမယ်"

ကျွန်တော် သက်ပြင်းကိုသာချလိုက်တော့၏။

ကျွန်တော့်မေမေက သည်အတိုင်းပင်ဖြစ်သည်။ 'စိုးရိမ်ပူပန်သူ' ပြိုင်ပွဲလုပ်လျှင် ကျွန်တော့်အမေအတွက် ပထမဆုကတော့သေချာသည်။

■

## အခန်း (၂)

" 'ခဲတံကို အရမ်းမချွန်နဲ့ သား၊ မျက်လုံးကို ထိုးမိလိမ့်မယ်တဲ့၊ ငါ ဘာပဲလုပ်လုပ် ငါ့မားသားကြီးက အမြဲတမ်း လိုက်ပြောနေတာပဲ"

ကျွန်တော်က သူငယ်ချင်းဖြစ်သူ ဇော်မိုးအား မေမေ့အကြောင်းကို ပြန်ပြောပြနေခြင်းဖြစ်သည်။

ကျွန်တော့်စကားကြောင့် ဇော်မိုးက သဘောကျစွာရယ်လိုက်ပြီး. . .

"ဟာကွာ. . . မင်းတောင် တက္ကသိုလ်ကျောင်းသားဖြစ်နေပြီပဲကွာ. . . မင်းအမေက ဒီလိုပဲ အမြဲတမ်းလိုက်ပြောနေတာပဲလား. . . [illegible]ကြီးပဲ"

ကျွန်တော်က ဘာမှပြန်မဖြေဘဲ ခေါင်းကိုညိတ်ပြလိုက်ရင်း

"မနေ့ညကကွာ. . . ကျူတိုရီယယ်အတွက် ပုံတွေဆွဲစရာရှိလို့

www.burmeseclassic.com

www.burmeseclassic.com



ခဲတံချွန်နေတာ. . . အဲဒါ ငါ့မားသားကြီးက အိပ်ခန်းထဲဝင်လာတုန်း တွေ့သွားပြီး ပြောတော့တာပဲဟေ့''

ဖော်မိုးက ထပ်ရယ်လိုက်ကာ

''ဒါဆို မင်းအမေက ဘာနဲ့ပုံဆွဲစေချင်တာလဲ။ မီးသွေးခဲတို့ မြေဖြူခဲတို့နဲ့လား''

ဖော်မိုး၏ဟာသကို ကျွန်တော် လိုက်မရယ်မိပါ။ ထိုကိစ္စမှာ ကျွန်တော့်အတွက် ရယ်စရာမဟုတ်ချေ။ ကျွန်တော့်အသက် ဆယ့်ရှစ်နှစ်ကျော်ပြီဖြစ်သော်လည်း မေမေက ကျွန်တော့်ကိုကလေးတစ်ယောက်လို အမြဲတမ်း တဖျစ်တောက်တောက် ဆုံးမနေလေ့ရှိသည်။

ကျွန်တော် ဘာပဲလုပ်လုပ် မေမေ့ မြည်တွန်တောက်တီးစကားများနှင့် အပြောအဆိုမလွတ်။

ကျွန်တော် ငယ်ငယ်ကတည်းကပင် ထုံးစံလိုဖြစ်နေ၏။

''သစ်ပင်ပေါ်မတက်နဲ့. . . ပြုတ်ကျရင် ဖက်ကျိုးနေဦးမယ်''

''ရေချိုးကြွေဇလုံကို ရေအပြည့်ကြီးမဖြည့်နဲ့လေ. . . တော်ကြာ ရေနစ်နေမှဖြင့်. . .''

''ထမင်းကို မြန်မြန်မစားနဲ့. . . နင်နေလိမ့်မယ်''

ကျွန်တော်သည် စက္ကန့်တိုင်း မိနစ်တိုင်း အမှားအယွင်းများကို ချည်း လုပ်နေသော လူငယ်တစ်ယောက်တော့မဟုတ်ပါ။

သို့ရာတွင် ကျွန်တော် ဘာပဲလုပ်လုပ် မေမေကလိုက်ပြီး သတိပေးနေတတ်သည်။

'သား. . . အသက်ကိုပြင်းပြင်းမရှူနဲ့. နှာခေါင်းရိုးကျိုးသွားလိမ့်မယ်' ဟု မပြောရုံတမယ်ပင်။

မေမေ၏ ဆုံးမစကားများကို စိတ်ရှုပ်ရလွန်းသဖြင့် တစ်ခါတစ်ရံ ရူးချင်စိတ်ပင်ပေါက်မိသည်။ မေမေကလည်း မေမေပါပဲ။ ကျွန်တော် တစ်ခုခုလုပ်လျှင် မတော်တဆ ထိခိုက်ဒဏ်ရာရနိုင်သည့် အကြောင်း အရာအသစ်များကို တစ်နေ့တစ်မျိုး မရိုးရအောင် ရှာကြံတွေးထွင်နေ တတ်သည်။



''ခါးကို မတ်မတ်ထိုင်. . . တော်ကြာ ခါးကုန်းသွားလိမ့်မယ်''

''မျက်နှာကို ရှုံ့မထားနဲ့လေ. . . နောက်ဆို မျက်နှာ အကြော သေသွားပြီး ရှုံ့နေရင် အရုပ်ဆိုးသွားမှာပေါ့''

''နှာခေါင်းကို ခဏခဏ ကလော်မနေနဲ့''

ထို့အပြင် မေမေမှာ ရောဂါပိုးများနှင့်ပတ်သက်လျှင်လည်း အလွန်တန် ကျွမ်းကျင်သော ဂါရဂူတစ်ဆူနှယ်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော် ထိတွေ့ကိုင်တွယ်မိသည့် အရာဝတ္ထုတိုင်းတွင် ရောဂါပိုး ရှိသည်ဟု မေမေ ယူဆထားသည်။

''ခွေးကို ဖက်မထားနဲ့လေ. . . ရောဂါကူးလိမ့်မယ်''

''သူငယ်ချင်းတွေ မုန့်ကျွေးရင် မစားနဲ့နော်. . . ရောဂါကူး လိမ့်မယ်''

''ဘောင်းဘီအိတ်ထဲ လက်နှိုက်မနေနဲ့လေ. . . ရောဂါပိုးတွေ ရှိနေမှဖြင့်. . .''

မေမေမှာ အမြဲလိုလိုပင် ကျွန်တော့်ကို မျက်စိဒေါက်ထောက် ကြည့်ကာ သတိပေးနေလေ့ရှိသည်။ အခကြေးငွေဖြင့် ငှားရမ်းထား သော ကြေးစားသက်တော်စောင့်တစ်ဦးထက်ပင် မေမေက ပို၍ နိုး ကြားဖျတ်လတ်သေး၏။ ကျွန်တော် တစ်ခုခုလုပ်သည်နှင့် သတိပေး စကားပြောရန် မေမေက အဆင်သင့်ပြင်ဆင်ထားပြီးဖြစ်သည်။

အစိုးရိမ်ကြီးလွန်းသော မေမေ၏ သတိပေးစကားများကြောင့် ကျွန်တော်၏ဘဝမှာ အမြဲလေးလံကျဉ်းကျပ်ကာ စိတ်ညစ်ညူးစရာ ကောင်းလှသည်။

ကျွန်တော်၏ သူငယ်ချင်းများနှင့်အတူ သိုင်းသင်တန်းတက်ချင် တာကိုလည်း မေမေက လုံးဝသဘောမတူ။ ယခုလည်း ဖော်မိုးနှင့် အတူ သိုင်းသင်တန်းဆီသို့သွားနေရင်း မေမေ့အကြောင်းကို ပြောပြ နေခြင်းဖြစ်၏။

သိုင်းလေ့ကျင့်ရင်း ခြေထောက်ကျိုးသွားလိမ့်မည်ဟု မေမေ ပြောသည်။ ဒါတောင် ကံကောင်းလွန်းလို့ဖြစ်သည်။ အခန့်မသင့်

www.burmeseclassic.com



လျှင် ကျွန်တော့်တစ်ကိုယ်လုံးတွင် ရှိရှိသမျှ အရိုးတွေအားလုံး ကျိုးသွားလိမ့်မည်ဟုလည်း ပြောသေး၏။

တစ်ကိုယ်လုံးတွင် ရှိရှိသမျှ အရိုးတွေအကုန်ကျိုးကုန်လျှင် မည်မျှအခံရခက်မည်ကို သင်သိပါရဲ့လား . . .။

တကယ်တော့ ထိုသို့ဖြစ်ရန် ခဲယဉ်းလှပါသည်။

သို့ရာတွင် ကျွန်တော့်အမေက ကမ္ဘာပေါ်မှာ ရှိသမျှလူအားလုံးတို့မှာ နေ့တိုင်း တစ်ကိုယ်လုံးရှိ အရိုးများကျိုးနေကြသည်ဟု ထင်မှတ်ထားသလားမသိ။

ထို့ကြောင့် ဖော်မိုးနှင့် ကျောင်းမှ အခြားသူငယ်ချင်းများ သင်ကြားနေသော သိုင်းသင်တန်းတွင် မေမေမသိအောင် တိတ်တဆိတ် ခိုးပြီးတက်ရ၏။

ကောင်းကင်တွင် မည်သည့်တိမ်တိုက်မှရှိမနေဘဲ ကြည်လင်ပြာလဲ့နေသည်။ အင်းဝလမ်းဘေးတစ်ဖက်တစ်ချက်မှ မြက်ခင်းများက နေရောင်ခြည်အောက်တွင် စိမ်းစိုမြလက်ကာ ယိမ်းနွဲ့တောက်ပနေသည်။ မြက်ခင်းပြင်ကို ဖြတ်သန်းတိုက်ခတ်လာသောလေထုကို ရှူရှိုက်ရသည်မှာ ချိုမြလတ်ဆတ်ကာ သန့်ရှင်းနေသလို ခံစားရ၏။

သိုင်းသင်တန်းတွင် သူငယ်ချင်းများနှင့်အတူ ပေလားဝါးလားနှင့် ပျော်ရွှင်စွာ သင်ယူရသည့်အဖြစ်ကို တွေးကာ ဖော်မိုးနှင့်အတူ အပြေးတပိုင်းလျှောက်လာရင်း ကျွန်တော့်စိတ်တွေ ပေါ့ပါးလန်းဆန်းနေသည်။ ထိုစဉ် ဖော်မိုးက

''လင်းသန့် . . . မင်း သိုင်းသင်တန်းခိုးတက်နေတာ မင်းအိမ်က မသိသေးဘူးနော်။ မင်းမားသားကြီးသိသွားရင် မင်းတော့မချောင်ဘူး''

''သိသွားလည်း ငါ့ကို သတိပေးရုံကလွဲပြီး သည့်အပြင် ဘာမှ မပိုပါဘူး။ မေမေက ငါ တစ်ခုခုအများလုပ်မိရင် ဘယ်တော့မှအပြစ် မပေးဘူး။ သတိပေးရုံပဲပေးတယ် . . . ဒါပေမဲ့ အဲဒါက ပိုဆိုးသလိုပဲ''

''အင်း . . . ငါ့မိဘတွေကျတော့လည်း ငါ ဘာလုပ်လုပ်သတိ



ပေးဖို့စိတ်ကူးမရှိဘူး။ မင်းအမေနဲ့တော့ ကွာပါ့''

''မင်းမိဘတွေက ဘယ်သတိပေးမလဲကွ . . . မင်းဘဝမှာ အမှားအယွင်းတစ်ခုမှ မရှိခဲ့တာကိုး''

ကျွန်တော့်စကားကြောင့် ဖော်မိုးက အားရပါးရရယ်ရင်း ကျွန်တော့်ပုခုံးကို တစ်ချက်ခပ်ဖွဖွလှမ်းထိုးသည်။

တကယ်တော့ ကျွန်တော် ဖော်မိုးကို နောက်ပြောင်နေခြင်း မဟုတ်ပါ။ ဖော်မိုးမှာ အပြစ်ဆိုဖွယ်ရာမရှိအောင် လိမ္မာရေးခြားရှိသူ တစ်ယောက်ဖြစ်၏။ ကျောင်းစာဆိုလျှင်လည်း ဘာသာတိုင်းတွင် အမှတ်အပြည့်နီးပါးဖြင့် ထူးချွန်စွာအောင်မြင်လေ့ရှိသည်။ အားကစားဘက်တွင်လည်း ထူးချွန်သည်။ ညီမဖြစ်သူကိုလည်း သနားညှာတာ၍ အနွံတာခံလေ့ရှိသည်။ ဖော်မိုး၏ဘဝတွင် မည်သည့်အမှားကိုမှ ဆိုးဆိုးဝါးဝါး ကျူးလွန်ခဲ့ဖူးခြင်းလည်းမရှိချေ။

မေမေပြောသည့် ရောဂါပိုးများကိုလည်း ထိတွေ့ကိုင်တွယ်ခြင်း မရှိ။

ကျွန်တော်တို့နှစ်ယောက် စကားတပြောပြောဖြင့် ဘတ်စ်ကားမှတ်တိုင်တစ်ခုနှင့် ဝန်ထမ်းအိမ်ရာတစ်ခုကို ဖြတ်လျှောက်လာခဲ့၏။ ကျွန်တော်တို့၏ သိုင်းသင်တန်းကျောင်းကို ရှေ့တွင် လှမ်းမြင်နေရပြီ။ သိုင်းသင်တန်းကျောင်းမှာ ခြံဝန်းအကျယ်ကြီးထဲတွင် နှစ်ထပ်တိုက်လေးတစ်လုံးသာ ဆောက်လုပ်ထားပြီး မြင့်မားသောအုတ်တံတိုင်းများ ကာရံထားသည်။

အုတ်တံတိုင်းကို အနီရောင်ဆေးများသုတ်ထားသဖြင့် စိတ်ထဲတွင် သိုင်းသင်တန်းတစ်ခုလုံး သွေးရောင်လွှမ်းနေသလို ထင်မှတ်ရသည်။

ကျွန်တော်တို့ သိုင်းသင်တန်းခြံဝန်းထဲသို့ ရောက်သောအခါ လူတော်တော်စုံနေပြီဖြစ်ကြောင်း တွေ့ရ၏။ ကျွန်တော်တို့၏ သူငယ်ချင်းများဖြစ်သော အာကာနှင့် နေလင်းတို့လည်း ရောက်နေနှင့်ကြပြီ။

'ရဲသီဟ' နှင့် 'ရဲသူရ' ဆိုသည့် အမွှာညီအစ်ကိုနှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



လည်း ရောက်နေကြသည်။ သူတို့နှစ်ယောက်ကို ကျွန်တော်တို့ သူငယ်ချင်းများက သီဟသူရအမြွာညီအစ်ကိုဟု ခေါ်ကြ၏။ ထိုအမြွာညီအစ်ကို နှစ်ယောက်မှာ ထုံးစံအတိုင်း ကျယ်လောင်စွာအော်ဟစ်ငြင်းခုံနေကြသည်။ အမြွာညီအစ်ကိုဆိုသော်လည်း သူတို့နှစ်ယောက်မှာ ဘယ်သောအခါမှ တည့်သည်ဟူ၍မရှိသောကြောင့် သိုင်းလေ့ကျင့်ချိန်တွင် တစ်ယောက်တစ်နေရာစီခွဲကာ လေ့ကျင့်ခိုင်းရ၏။

"ကဲ. . . သင်တန်းဆရာလာပြီကွ. . . တပည့်တို့စလိုက်ကြရအောင်"

ဇော်မိုးက အရှုန်းဖောက်ရင်း အားလုံးကို ရယ်ရယ်မောမောနှင့် နှုတ်ဆက်လိုက်သည်။

ဇော်မိုးက မြက်ခင်းပြင်ဆီသို့ လျှောက်သွား၏။ အောင်ကျော်မိုးနှင့် အခြားသူငယ်ချင်းများက ကျွန်တော်တို့ကို လှမ်းခေါ်နေကြသည်။

ကျွန်တော်က လှမ်းလျှောက်သည့်အရှိန်ကို လျှော့ချရင်း အသက်ကို ဖြည်းညင်းစွာရှူကာ အသက်ရှူလေ့ကျင့်ခန်းလုပ်နေမိသည်။

'ရည်မွန်ကျော်' ဆိုသည့် ကောင်မလေးတစ်ယောက်ကတော့ သိုင်းကစားသည့် တုတ်ရှည်ကို လက်ထဲတွင် ဝှေ့ယမ်းဆော့ကစားရင်း 'စိုးစိုးခိုင်' ဆိုသည့် ကောင်မလေးတစ်ယောက်နှင့် စကားပြောနေသည်။ ရည်မွန်ကျော်မှာ မိန်းကလေးဖြစ်သော်လည်း သူမ၏ ကိုယ်ခန္ဓာက ယောကျ်ားတစ်ယောက်လို တုတ်ခိုင်ထွားကြိုင်းကာ သန်စွမ်းလှသည်။ ထို့အပြင် ရည်မွန်ကျော်က သူမ၏ သိုင်းစွမ်းရည်မှာ သိုင်းသင်တန်းတစ်ခုလုံးရှိ ယောကျ်ားလေးများအားလုံးထက် သာလွန်ကြောင်း သက်သေပြနိုင်ရန် အမြဲကြိုးပမ်းနေသည့်သူဖြစ်၏။ ထို့ကြောင့် သူမ၏နောက်ကွယ်တွင် အားလုံးက 'ကျားခင်စိန်' ဟု နောက်ပြောင်ခေါ်ဝေါ်ကြ၏။

သင်တန်းတွင် သူမကို မည်သူကမှ ကြည့်လို့မရချေ။ သို့ရာတွင် နှစ်ဖွဲ့ခွဲ၍ သိုင်းယှဉ်ပြိုင်သည့်အခါမျိုးတွင် ရည်မွန်ကျော်ကို မိမိ



ဘက်မှသာ ပါဝင်ကစားပေးစေလိုကြသည်။ သိုင်းစွမ်းရည်ကောင်းသည် မကောင်းသည် အပထား အနိုင်အရှုံးအော်ဟစ်ငြင်းခုံရာတွင် ကို မည်သူမှမနိုင်ဘဲ အရှုံးပေးထားရသောကြောင့်ဖြစ်၏။

"ကိုင်း. . . ဒီနေ့တော့ တစ်ယောက်ချင်း တုတ်သိုင်းစပြိုင်ကြမယ်"

သင်တန်းနည်းပြ ကိုကျော်အောင်က သင်တန်းသားအားလုံး အောင် အော်ဟစ်အမိန့်ပေးလိုက်သည်။

"ဘယ်သူနဲ့ ဘယ်သူ စပြိုင်ကြမှာလဲ"

ဟု ကျွန်တော်က မေးလိုက်၏။

"မင်းနဲ့ ရည်မွန်ကျော်နဲ့ အရင်စပြိုင်ကြ"

သင်တန်းဆရာက ပြောကာ လူသတ်မှတ်ပေးလိုက်သည်။

ကျွန်တော်က စင်ပေါ်မှ တုတ်ရှည်တစ်ချောင်းဆွဲယူကာ ရည်ကျော်နှင့် မျက်နှာမူပြီး ရပ်လိုက်၏။ ရည်မွန်ကျော်၏လက်ထဲတွင် တတ်ကဲ့သို့ လည်ပတ်နေသော တုတ်ရှည်က လေတိုးသံတဝီဝီပေါ်နေသည်။

ပြိုင်ပွဲမစခင် တစ်ယောက်ကိုတစ်ယောက် လေးစားကြောင်း ည်အနေဖြင့် ကျွန်တော်က ရည်မွန်ကျော်ကို ဦးတစ်ချက်ညွှတ်၏။

သို့ရာတွင် ရည်မွန်ကျော်က ကျွန်တော် ဦးညွှတ်ပြသည်ကို က်ပုံမရ။

ကျွန်တော် ခေါင်းအငုံ့တွင် သူမလွှဲရိုက်လိုက်သော တုတ်ရှည် ဦးခေါင်းတည့်တည့်သို့ ဝီကနဲပြေးဝင်လာသည်။

ခေါင်းမော့လိုက်စဉ် တည့်မတ်စွာ အရှိန်ဖြင့် ပြေးဝင်လာသော တ်ရှည်ကို ဖျတ်ခနဲမြင်လိုက်ရ၏။

သို့ရာတွင် မြန်ဆန်လွန်းသောကြောင့် ကျွန်တော် ရှောင်တိမ်းအချိန်မရလိုက်တော့ချေ။

တုတ်ချောင်းနှင့် ကျွန်တော့်ဦးခေါင်းခွံတို့ ပြင်းထန်စွာ ရိုက်ခတ်

www.burmeseclassic.com

www.burmeseclassic.com



မိသောအသံက ခွပ်ခနဲကျယ်လောင်စွာထွက်ပေါ်လာသည်။

ပထမတော့ ကျွန်တော် မည်သို့မှ မခံစားရချေ။

ထို့နောက် ကျွန်တော့်တစ်ကိုယ်လုံး လေထဲလွင့်မျောသွားသလို ခံစားရပြီး မြေပြင်တစ်ခုလုံး ချာချာလည်သွားသည်။

ထို့နောက် နာကျင်မှုက ခေါင်းထဲသို့ တစ်ဟုန်ထိုးဆောင့်တက်လာပြီး ကျွန်တော်၏မျက်စိထဲတွင် ကြယ်တွေလတွေမြင်သွား၏။

အလင်း. . . အလင်း. . . အနီရောင်အလင်း. . . ။

ကျွန်တော်၏အမြင်အာရုံတစ်ခုလုံး သွေးရောင်လွှမ်းထားသလို နီရဲတောက်ပလွန်းနေသည်။

စူးရှတောက်ပလွန်းသောကြောင့် ကျွန်တော်၏မျက်လုံးများကို တင်းကျပ်စွာပိတ်ထားမိ၏။

နားထဲတွင် မြင်းအကောင်ပေါင်းများစွာ ပြေးနေသလို ဆူညံသံတွေကြားရသည်။ တစ်ခါမှ မကြားဖူးသည့် စူးရှပြီး ကျောချမ်းစရာကောင်းလှသည့်ငိုသံရှည်ကြီးတစ်သံကိုလည်း ကြားလိုက်ရ၏။

ထို့နောက် ဖြုန်းခနဲ အသံတွေအားလုံးရပ်ဆိုင်းသွားပြီး ပိန်းပိတ်နေသောအမှောင်ထုက ကျွန်တော့်အား ဝါးမြိုသွားလေတော့သည်။

■

## အခန်း (၃)

ကျွန်တော်က မျက်စိနှစ်လုံးကို ဖွင့်လိုက်ပြီး မျက်နှာကြက်ကို ငေးကြည့်နေမိသည်။

မျက်နှာကြက်တွင် ထွန်းထားသော ပြာလဲ့လဲ့မီးအလင်းရောင်ကြောင့် မိုးကောင်းကင်ကို မော့ကြည့်နေရသလို ခံစားရ၏။ ကျွန်တော်၏ အမြင်အာရုံက ဝေဝါးလာလိုက်၊ ပြတ်သားသွားလိုက်၊ ဝေဝါးလာလိုက်၊ ပြတ်သားသွားလိုက်နှင့် ဖြစ်နေသည်။

ကြည့်နေရင်း မေမေ၏မျက်နှာက ကျွန်တော်၏မြင်ကွင်းထဲသို့ တိုးဝင်လာ၏။

ကျွန်တော်က မျက်တောင်ကို တစ်ချက်နှစ်ချက် ပုတ်ခတ်ပုတ်ခတ်လုပ်လိုက်မိသည်။ ငါ အိမ်ပြန်ရောက်နေတာပဲဆိုသည့် အတွေးက ခေါင်းထဲသို့ဝင်လာသည်။

မေမေ၏မျက်ဝန်းများက နီရဲမို့အစ်နေသောကြောင့် ငိုထားမှန်း

www.burmeseclassic.com

www.burmeseclassic.com



သိသာ၏။ မေမေက သူမ၏မျက်နှာပေါ်သို့ ဖရိုဖရဲကျနေသောဆံပင်များကို သပ်တင်လိုက်သည်။ သို့ရာတွင် ဆံနွယ်မျှင်အချို့က မေမေ၏နဖူးအထက်တွင် ဝဲကျနေဆဲပင်။

သူမ၏မေးဖျားလေးက တဆတ်ဆတ်တုန်ယင်နေသည်။

မေမေက ကျွန်တော့်ကို တိုးဖွဖွာ အသာအယာခေါ်ငင်လိုက်၏။

"လင်းသန့်. . . သား သတိရလာပြီလား"

ကျွန်တော်က မပီမသ ညည်းတွားသံတစ်ချက်ပြုလိုက်သည်။

ကျွန်တော်၏ဦးခေါင်းတစ်ခုလုံး ကိုက်ခဲနာကျင်နေ၏။ ကျွန်တော်၏စိတ်ထဲတွင် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေသလို ခံစားရသည်။

အခုတော့ မေမေပြောတဲ့အတိုင်း ဖြစ်လာပြီထင်ပါရဲ့ဟု ကျွန်တော် တွေးလိုက်မိ၏။ ကျွန်တော်၏ကိုယ်ခန္ဓာပေါ်မှ ရှိသမျှအရိုးတွေအားလုံး ကျိုးကြေကုန်ပြီထင်သည်။

မေမေက လေသံသဲ့သဲ့ဖြင့် ထပ်မေးလိုက်၏။

"လင်းသန့်. . . သားလေး သတိရပြီလား"

"အင်း. . ."

ကျွန်တော်က မသဲမကွဲညည်းညူရင်း ပြန်ဖြေလိုက်၏။

တစ်စုံတစ်ရာက ကျွန်တော်၏ဦးခေါင်းပေါ်တက်ထိုင်ပြီး ဖိထားသလို ခံစားရသောကြောင့် စိတ်ထဲမွန်းကြပ်လာ၏။

ဂျမ်ဘို. . . ဒီခွေးက ဘာဖြစ်လို့ ငါ့ခေါင်းပေါ်တက်ထိုင်နေရတာလဲ။

ဦးခေါင်းဆီသို့ ဖြည်းဖြည်းချင်းမြှောက်ကာ စမ်းကြည့်လိုက်သော ကျွန်တော်၏လက်များလည်း နာကျင်ကိုက်ခဲလာကြသည်။

ကျွန်တော်၏လက်များက မည်သည့်ခွေးကိုမှ မစမ်းမိဘဲ ခေါင်းတစ်ခုလုံး ထူလပိန်းထနေအောင် ရစ်ပတ်စီးနှောင်ထားသော ပတ်တီးထုကြီးကိုသာ စမ်းသပ်မိ၏။

ကျွန်တော်က လက်နှစ်ဖက်ကို ဖြည်းဖြည်းချင်း ပြန်ချထားလိုက်သည်။ ကျွန်တော်၏စိတ်ထဲတွင် အခန်းတစ်ခုလုံး ချာချာလည်



သွားသလို ခံစားရ၏။ သေခါနီးလူမမာတစ်ယောက်က သူ့အသက်ကို ကြောက်လန့်တကြား ဖက်တွယ်ထားသလိုမျိုး ဆိုဖာခုံရှည်၏လက်ရမ်းနှစ်ဖက်ကို ကျွန်တော် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားမိသည်။

ပြာလဲ့လဲ့မျက်နှာကြက်မီးအလင်းရောင်အောက်တွင် မြင်ကွင်းတစ်ခုလုံး ပီသပြတ်သားလာအောင် ကျွန်တော် ကြိုးစားရင်းအားစိုက်၍ ကြည့်နေမိ၏။ ဧည့်ခန်းထဲရှိ ဆိုဖာခုံရှည်တစ်လုံးပေါ်တွင် ကျွန်တော် အစန့်သားလဲလျောင်းနေခြင်းဖြစ်သည်။

မေမေ၏မျက်နှာက ကျွန်တော်၏မြင်ကွင်းထဲသို့ တိုးဝင်စီးမျောသာပြန်၏။ သူမ၏ မေးဖျားလေးက တုန်ယင်နေဆဲပင်။ မေမေက ကျွန်တော်၏မေးစေ့နားအထိ စောင်ကို ဆွဲယူခြုံပေးလိုက်သည်။

"သားသတိရလာပြီလား. . . အခု ဘယ်လိုနေသေးလဲ. . . အကိုသာရဲ့လား"

"သက်သာပါတယ် မေမေ"

မေမေက ကျွန်တော့်ကို ငုံ့ကြည့်ရင်း

"သား မေမေ့ကို သေချာမြင်ရရဲ့လား၊ မှတ်ကောမှတ်မိရဲ့လား၊ အခုမြင်နေရတာ သားရဲ့မေမေလေ"

"ဟုတ်ကဲ့. . . သေချာမြင်ရပါတယ် မေမေ"

မေမေက သူမ၏မျက်ဝန်းတစ်ဖက်ကို လက်ကိုင်ပဝါဖြင့် အသာအယာတို့ထိပြီး သုတ်လိုက်၏။ ထို့နောက် ကျွန်တော့်အား မျက်စိအောက်မှ ပျောက်သွားမည်ကို စိုးရိမ်သည့်အလား အသေအချာ စိုက်ကြည့်နေလေသည်။

"သား အားလုံးကိုသေချာမြင်ရပါပြီ မေမေ"

"အဲဒီလိုမြင်ရတာ ကောင်းတာပေါ့ သားရယ်"

မေမေက ကျွန်တော်၏ရင်ဘတ်ကို လက်ဖြင့် ခပ်ဖွဖွပုတ်ရင်း ပြောလိုက်၏။

ကျွန်တော်က အွတ်ကနဲ ထွက်ပေါ်လာသော အော်ဟစ်ညည်းညူသံဖြင့်သာ ပြန်ဖြေလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



'သားကို မေမေပြောသားပဲလို့ မပြောလိုက်ပါနဲ့ မေမေ' ဟု ကျွန်တော် စိတ်ထဲကကြိတ်ပြီး ဆုတောင်းနေမိ၏။

သားကို မေမေပြောသားပဲလို့ မပြောလိုက်ပါနဲ့ မေမေ။

သို့ရာတွင် ကျွန်တော် ဆုတောင်းနေသလိုမျိုးဖြစ်မလာပါ။

ကျွန်တော်၏အတွေးကို ကြိုသိသည့်အလား မေမေ၏မျက်နှာအမူအရာက ချက်ချင်းပြောင်းလဲသွားသည်။ မေမေက ကျွန်တော့်ကို မျက်မှောင်ကြုတ်ပြီး စိုက်ကြည့်လိုက်ရင်း

''သားကို မေမေ လှုပ်လှုပ်ရှားရှားအားကစားတွေ မလုပ်ပါနဲ့လို့ မှာထားတယ်မဟုတ်လား''

''သား အားကစားလုပ်တာမဟုတ်ပါဘူး မေမေ၊ သိုင်းသွားလေ့ကျင့်တာပါ''

''အဲဒါပိုဆိုးတာပေါ့။ သားဟာလေ မေမေ့ပြောစကားဆို ဘယ်တော့မှ နားမထောင်ဘူး။ အခုတော့ သားရဲ့ခေါင်းက ကြက်ဥခွံကွဲသလို ဟောင်းလောင်းကြီးပွင့်သွားပြီ''

''ဟမ်. . . ကြက်ဥခွံကွဲသလို ဟောင်းလောင်းကြီးပွင့်သွားတယ်ဟုတ်လား။ ဒါဆို သားရဲ့ခေါင်းက အကောင်းအတိုင်း ပြန်ဖြစ်ပါ့မလား မေမေ''

ကျွန်တော်၏စကားကို မေမေက ပြန်မဖြေ။

''မေမေ သားကို အမှန်အတိုင်းပြောပြပါ။ ဆရာဝန်က ဘာပြောသလဲဟင်. . . သားရဲ့ခေါင်းက နဂိုအတိုင်း ပြန်ကောင်းလာပါဦးမလား''

■

## အခန်း (၄)

''ပြန်ကောင်းသွားမှာပေါ့ သားရဲ့''

ဟု မေမေက ပြန်ဖြေလိုက်သည်။ မေမေကပြောနေစဉ်ခဏ[illegible] ကျွန်တော့်မျက်နှာကိုကြည့်ပြီး တစ်ဖက်သို့ မျက်နှာဖျတ်ခနဲလွှဲ[illegible]သည်။

မေမေ၏ငါကိုပြောလိုက်တဲ့အသံကတစ်မျိုးပဲဟု စိတ်ထဲမှ တွေး[illegible]မိသည်။ မေမေ့အသံက တစ်စုံတစ်ခုကို ကွယ်ဝှက်ဖုံးဖိထားသည့်[illegible]မျိုး. . .။ အဆုံးစွန်ပြောရလျှင် သေအံ့မူးမူး လူမမာတစ်ယောက်[illegible] ပြန်ကောင်းလာမှာပါဟု နှစ်သိမ့်ဖျောင်းဖျနေသလို ခံစားရသည်။

''မေမေ သားကို အမှန်အတိုင်းပြောစမ်းပါ၊ သားရဲ့ခေါင်းက [illegible]ယ်ပြန်ကောင်းလာမှာရော ဟုတ်ရဲ့လား''

ကျွန်တော် သိလိုသည့်အချက်ကို သေချာအောင် ထပ်မေးလိုက်[illegible] မေမေ့ထံမှ မည်သည့်အဖြေစကားမှ ထွက်မလာပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လှဲနေရာမှ ခေါင်းထောင်ပြီး မေမေ့ကို လှမ်းကြည့်လိုက်သည်။ ပြင်းထန်စူးရှသောနာကျင်မှုက လည်ပင်းတစ်လျှောက် ထိုးတက်လာ၏။

မေမေက အခန်းထဲတွင် မရှိတော့ချေ။ နောက်ဖေးမီးဖိုချောင်တွင် မေမေ ပန်းကန်ခွက်ယောက်များ ဆေးကြောနေသည့်အသံကို ကျွန်တော် ကြားရသည်။

ကျွန်တော် မေမေ့ကို အော်ခေါ်ရန်ကြိုးစားကြည့်သေးသည်။ သို့ရာတွင် ကျွန်တော့်အသံက လေသံသဲ့သဲ့ဖြင့် တိုးတိုးလေးကြားနိုင်သည်ဆိုရုံမျှသာ ထွက်ပေါ်လာ၏။

ကျွန်တော်က ထိုင်ခုံရှည်ဆိုဖာပေါ်သို့ ခေါင်းကိုဖြည်းညင်းစွာ ပြန်မှီချလိုက်ပြီး မျက်လုံးကိုစုံမှိတ်ထားလိုက်သည်။

ကျွန်တော် မေ့ခနဲ ပြန်အိပ်ပျော်သွား၏။ ထိုစဉ် ကျယ်လောင်သော တယ်လီဖုန်းသံကြောင့် ကျွန်တော် ပြန်လန့်နိုးလာသည်။

ကျွန်တော်က အပြာရောင်မျက်နှာကြက်မီးအလင်းရောင်ကို စိုက်ကြည့်ကာ မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း အမြင်အာရုံကြည်လင်ပြတ်သားလာအောင် စိုက်ကြည့်နေမိသည်။

တယ်လီဖုန်းသံကလည်း အဆက်မပြတ် ထွက်ပေါ်နေ၏။ မေမေ တယ်လီဖုန်းလာကိုင်မလားဟု ကျွန်တော် စောင့်ဆိုင်းနေမိသည်။ သို့ရာတွင် မေမေ တယ်လီဖုန်းကိုင်ပြီးပြန်ဖြေသည့်အသံကို ကျွန်တော် မကြားရချေ။

မေမေက ငါ့ကို တစ်ယောက်တည်းထားခဲ့ပြီး အပြင်ထွက်သွားပြီလားဟု ကျွန်တော် တွေးလိုက်မိ၏။ သို့ရာတွင် ယခုလိုအချိန်မျိုးတွင် မေမေ ထိုသို့ပြုလုပ်လိမ့်မည်မထင်ပါ။ ဒါဖြင့် မေမေ ဘယ်ရောက်သွားတာလဲ။

ကျွန်တော် ဘေးသို့ တစောင်းလှဲချလိုက်၏။ နာကျင်မှုကြောင့် အော်ဟစ်ညည်းတွားရင်း စားပွဲပေါ်မှ တယ်လီဖုန်းစကားပြောခွက်ကို ကောက်ကိုင်လိုက်သည်။ ထို့နောက် တယ်လီဖုန်းခွက်ကို ကျွန်တော်၏



နားတွင် ဖိကပ်နားထောင်လိုက်၏။

"အား!"

တယ်လီဖုန်းခွက်က ခေါင်းတွင်စီးထားသောပတ်တီးနှင့် ပြင်းထန်စွာဆောင့်မိသဖြင့် ကျွန်တော် အသည်းခိုက်မတတ် နာကျင်သွားသည်။ နာကျင်မှုက ကျွန်တော့်ဦးခေါင်းတစ်ခုလုံးသို့ လျင်မြန်စွာ ပျံ့နှံ့သွား၏။

"ဟဲလို"

ကျွန်တော်က အက်ကွဲရှတစွာ ထူးလိုက်၏။

အခြားတစ်ဖက်မှ အသက်ရှူသံကို ကျွန်တော် ကြားနေရသည်။ ထို့နောက် ကျွန်တော်နှင့် မရင်းနှီးသောအသံတစ်သံကို ကြားလိုက်ရ၏။

"လင်းသန့်. . . မင်း သက်သာမယ်လို့ ငါ မျှော်လင့်ပါတယ်ကွာ"

"အခု. . . အခုပြောနေတာ ဘယ်သူလဲ"

ကျွန်တော်က အထစ်ထစ်အငေါ့ငေါ့ဖြင့် ပြန်မေးလိုက်သည်။ ဦးခေါင်းထဲမှ အပြင်းအထန်နာကျင်မှုကိုလည်း ကျွန်တော်မျက်စိနှစ်လုံးကို တင်းကျပ်စွာမှိတ်ကာ ဖယ်ရှားနေမိ၏။

"မင်း သက်သာမယ်လို့ မျှော်လင့်ပါတယ်ကွာ၊ မင်းကို ဘာမှ ဆိုးဆိုးဝါးဝါး မဖြစ်စေချင်ပါဘူး"

ထိုအသံက ထပ်ပြောလိုက်၏။ အသံမှာ ယောကျ်ားလေးတစ်ယောက်၏ စကားပြောသံဖြစ်သည်။

"ဆိုးဆိုးဝါးဝါးမဖြစ်စေချင်ဘူး. . . ဟုတ်လား။ အေးပါကွာ. . . ကျေးဇူးတင်ပါတယ်"

ကျွန်တော် စကားပြန်ပြောနေသော်လည်း မျက်စိအစုံကို တင်းကျပ်စွာမှိတ်ထားမိ၏။ နာကျင်မှုက ကျွန်တော့်သွေးကြောများတစ်လျှောက် ဒုတ်ဒုတ်နှင့် တိုးဝင်နေ၏။ ပတ်တီးအထူကြီး စည်းထားသည့်နားမှ တယ်လီဖုန်းခွက်ကို နားထောင်ရသည်မှာ ကျွန်တော့်အတွက် လုံးဝအဆင်

www.burmeseclassic.com

www.burmeseclassic.com



မပြေပါ။

"စိတ်မရှိပါနဲ့ဗျာ. . . အခုပြောနေတာ ဘယ်သူလဲ"

ကျွန်တော်က သိလိုစိတ်ဖြင့် လှမ်းမေးလိုက်သည်။

"မင်းကို ငါ ဆိုးဆိုးဝါးဝါး မဖြစ်စေချင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ငါ့ဆီကို လာတွေ့ရမယ့်သူဟာ မင်းမို့လို့ပဲ"

"ဟမ်. . . မင်းဘာပြောလိုက်တာလဲ ငါနားမလည်ဘူး"

ကျွန်တော်က နားမလည်နိုင်စွာဖြင့် ပြန်မေးလိုက်သည်။

အခြားတစ်ဖက်မှ တုံ့ပြန်သည့်စကားသံကို မကြားရဘဲ တိတ်ဆိတ်ငြိမ်သက်နေသည်။

ကျွန်တော် အသက်ကိုတစ်ဝကြီး ရှူသွင်းလိုက်သည်။ ခုနက ချွေးစို့သည်ကိုပင် ကျွန်တော်နောက်တစ်ကြိမ် ထပ်မေးရန်ဆုံးဖြတ်လိုက်သည်။

"ဒါနဲ့ အခုပြောနေတာ ဘယ်သူလဲမသိဘူး"

"ငါပါကွ. . . 'ဒီမွန်း' . . . လေ"

"ဒီမွန်း. . . ဟုတ်လား"

"အေး ဟုတ်တယ် ဒီမွန်းပါ"

"ဘယ်. . . ဘယ်က ဒီမွန်းလဲ ငါမသိဘူး"

ကျွန်တော်က အထစ်ထစ်အငေါ့ငေါ့ဖြင့် ပြန်မေးလိုက်၏။ တစ်ဖက်မှ အေးစက်နူးညံ့သောပြန်ဖြေသံကို ကြားလိုက်ရသည်။

"မင်း သိသင့်တယ်၊ မင်းငါ့ကို သိဖို့ကောင်းတယ်. . . လင်းသန့်၊ ဘာဖြစ်လို့လဲဆိုတော့ ငါကမင်းတို့ရဲ့ မြေအောက်ခန်းထဲမှာနေတာမို့လို့ပဲ"

■

## အခန်း (၅)

ကျွန်တော်က ဖုန်းချလိုက်သလား၊ ဒီမွန်းပဲ ဖုန်းချသွားသလား မှတ်မိတော့ပါ။

ကျွန်တော့်စိတ်တွေ လွင့်စွာရှုပ်ထွေးနေ၏။ စိတ်ဓါတ်လည်းကျနေမိသည်။

ဒီမွန်း၏လေသံက ခင်မင်ရင်းနှီးစွာဖုန်းဆက်သည့် ပုံစံမျိုးမပေါက်ပဲ သူ ကျွန်တော့်အားခြောက်လှန့်ရန် ကြိုးစားနေခြင်းသာ ဖြစ်သည်။

ဒါပေမဲ့ ဘာဖြစ်လို့ သူဒီလိုလုပ်ရတာလဲ။

ဒါမှမဟုတ် ကျောင်းမှသူငယ်ချင်းတစ်ယောက်က ကျွန်တော့်ကို ကျီစယ်ပြီးနောက်ပြောင်တာများလား။ ကျွန်တော့်အတွက်တော့ ထိုကိစ္စသည် နောက်စရာကောင်းသည့် ကိစ္စတစ်ခုမဟုတ်ပါ။

နာကျင်မှုဖြင့် မှုန်နောက်ရီဝေသည့်ကြားမှ ကျွန်တော်မျက်နှာကြက်ပေါ်ရှိ အဆိပ်ပွဲယပ်မှုန်ကို ငေးမောကြည့်နေမိသည်။ ထိုသို့ ငေးမောကြည့်နေရင်း

www.burmeseclassic.com

www.burmeseclassic.com



အချိန်တွေ မည်မျှကုန်ဆုံးသွားမှန်းမသိတော့။

ကျွန်တော်နှင့် ရည်မွန်ကျော်တို့နောက်ဆုံးတွေ့ခဲ့သည့်အချိန်ကို စိတ်ကူးထဲ၌ ပြန်လည်ပုံဖော်ကြည့်နေမိ၏။

ရည်မွန်ကျော်၏လက်ထဲမှ ချားရဟတ်ကဲ့သို့ ချာချာလည်နေသော တုတ်ရှည်တစ်ချောင်း. . .။ ထိုတုတ်ရှည်က ကျွန်တော်၏ဦးခေါင်းဆီသို့ အရှိန်ဖြင့်တိုးဝင်လာ. . .။ ခွပ်. . .။

"အား"

ကျွန်တော်က မသဲမကွဲညည်းညူရင်း ခေါင်းထဲတွင် ပုံဖော်ထင်ဟပ်နေသော အကြောင်းအရာများကို ကြိုးစားမေ့ဖျောက်လိုက်သည်။

"သားရဲ့ဒဏ်ရာ ဘယ်လိုနေသေးလဲ"

ရုတ်တရက်ထွက်ပေါ်လာသော စကားသံတစ်ခုကိုကြားလိုက်ရ၏။ စကားသံကြား၍ လှည့်ကြည့်လိုက်စဉ် အခန်းထဲသို့ဝင်လာသော မေမေ့ကို ကျွန်တော်တွေ့လိုက်ရသည်။

"သား. . . သက်သာရဲ့လား သားအတွက် မေမေဆန်ပြုတ်ပြုတ်ပြီး ယူလာခဲ့မယ်။ တစ်ခုခုတော့ သားစားထားမှဖြစ်မယ်။ အစာမရှိရင် အစာအိမ်ရောဂါဖြစ်တတ်တယ်"

"မေမေ ခုနက တယ်လီဖုန်းလာ. . ."

"ဟုတ်တယ် သားသူငယ်ချင်း ဇော်မိုးဖုန်းဆက်တာလေ၊ သားကို လူနာလာမေးလို့ရမလား သိချင်လို့တဲ့"

"ဟင် ခုနကဖုန်းဆက်တာ ဇော်မိုး. . . ဟုတ်လား"

"ဟုတ်တယ်၊ ဒီနေ့ သားကသူငယ်ချင်းတွေနဲ့ တွေ့ပြီးစကားပြောလို့ရအောင် အခြေအနေမကောင်းသေးဘူးလို့ မေမေ သူ့ကိုပြန်ပြောလိုက်တယ်။ မနက်ဖြန်ဆိုရင်တော့ သူ သားကိုလာကြည့်လို့ရပါပြီလို့လည်း ပြောလိုက်သေးတယ်"

"ဟင့်အင်း. . . သားပြောတာ အဲဒီဖုန်းမဟုတ်ဘူး"

ပြောပြောဆိုဆိုနှင့် ကျွန်တော်က တံတောင်ဆစ်ကိုအားပြုပြီး ဖြည်းညင်းစွာထထိုင်လိုက်သည်။ ကျွန်တော်၏ဦးခေါင်းမှာ တဒုတ်ဒုတ်နှင့်



နာကျင်ခြင်းမရှိတော့ချေ။ အခန်းမှာလည်း အိုးထိန်းစက်လို ချာချာလည်နေခြင်းမရှိတော့. . .။

နေရထိုင်ရ အနည်းငယ်သက်သာလာသလို ကျွန်တော်ခံစားသည်။

"နောက်ထပ် ဖုန်းလာသေးတယ်။ အဲဒီတုန်းက မေမေမရှိလို့ သားကိုင်လိုက်တာ"

"ဒါပေမဲ့. . . လင်းသန့်"

"အဲဒီဖုန်းဆက်တဲ့ကောင်လေးက ထူးဆန်းတယ်၊ သူပြောတဲ့အကြောင်းအရာတွေကလည်း ထူးဆန်းတယ် မေမေ။ အဲဒီကောင်လေးက သူ့နာမည် ဒီမွန်းလို့ပြောတယ်၊ ပြီးတော့ သူကသားတို့ရဲ့ မြေအောက်ခန်းထဲမှာ နေတယ်လို့လည်းပြောသွားသေးတယ်"

ကျွန်တော့်စကားကြောင့် မေမေ၏မျက်နှာအမူအရာက တစ်မျိုးဖြစ်သွား၏။

"ဟင်. . . ဟုတ်လား"

ဟု သူမက ခပ်တိုးတိုးရေရွတ်လိုက်သည်။

"အဲဒီလူနဲ့ ဖုန်းပြောရတာ တော်တော်ကျောချမ်းစရာကောင်းတယ်။ ဘာဖြစ်လို့ တစ်ယောက်ယောက်က ဖုန်းဆက်ပြီး ကျွန်တော်တို့ရဲ့မြေအောက်ခန်းထဲမှာ နေတယ်လို့ပြောချင်ရတာလဲ မသိဘူးနော်"

မေမေက ကျွန်တော့်စကားကို ဘာမှပြန်မပြောသေးဘဲ သူမ၏ [illegible]က်နေသော လက်တစ်ဖက်ကို ကျွန်တော်၏ပူနွေးသော နဖူးပေါ် [illegible]သပ်လိုက်၏။ ပြီးမှ သူမက စိုးရိမ်ပူပန်စွာ ပြောလိုက်သည်။

"မေမေ သားကိုကြည့်ပြီး စိတ်ပူလာပြီ လင်းသန့်"

"အမ်. . . မေမေက ဘာကိုဆိုလိုတာလဲ"

"သားက မေမေ့ပြောစကားကိုမှ နားမထောင်တာ၊ အခုတော့ ခေါင်းကိုထိခိုက်သွားတာပေါ့"

"ဒါပေမဲ့ မေမေ အဲဒီတယ်လီဖုန်းခေါ်သံက. . ."

"မေမေပြောတာ သား နားမလည်သေးဘူး လင်းသန့်"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. . . မေမေက ဘာကိုပြောချင်တာလဲ"

မေမေက ကျွန်တော့်ကို မျက်မှောင်ကျုံ့ပြီးစိုက်ကြည့်လိုက်၏။ မေမေ၏မေးဖျားလေးက တုန်ယင်နေပြန်သည်။ ပြီးမှ သူမက တစ်လုံးချင်းပြောလိုက်၏။

"မေမေပြောချင်တာက ဒီအခန်းထဲမှာ ဘာတယ်လီဖုန်းမှ မရှိဘူး"

■

## အခန်း (၆)

နောက်နေ့နံနက်ခင်းတွင် ကျွန်တော် စောစီးစွာအိပ်ရာမှ နိုးထလာ၏။ မျက်စိနှစ်လုံးဖွင့်ဖွင့်ချင်း ငေါက်ကနဲထထိုင်လိုက်သည်။ ကျွန်တော်၏တစ်ကိုယ်လုံး မနေ့ကထက်ပို၍ ပေါ့ပါးလန်းဆန်းနေ၏

မတ်တတ်ထမရပ်နိုင်ခင်မှာပင် ကျွန်တော်၏အခြေအနေအတော်ကောင်းမွန်လာပြီဖြစ်ကြောင်း သိလိုက်ရသည်။

ကျွန်တော်၏ ဦးခေါင်းမှာ သွေးခုန်နှုန်းတိုးတိုင်း နာကျင်မှုမရှိတော့ချေ. . .။ ကျွန်တော်၏ ကိုယ်ခန္ဓာကြွက်သားများမှာလည်း နာကျင်မှုမရှိတော့. . .။

ယခုမှ ရေချိုးခွင့်ရသဖြင့် ရေကို အကြာကြီးစိမ်ပြေနပြေချိုး လိုက်သည်။

ကျွန်တော်၏ တစ်ကိုယ်လုံးရေခြောက်အောင် ပြန်သုတ်နေစဉ် ခေါင်းတွင်စည်းထားသော ပတ်တီးမရှိတော့ကြောင်း ယခုမှပင်သတိ

www.burmeseclassic.com

www.burmeseclassic.com



ထားမိ၏။ မျက်လုံးတစ်ချက်ဝှေ့အကြည့်တွင် အိပ်ရာပေါ်တင်ကျန်နေရစ်သော ပတ်တီးစကိုတွေ့လိုက်ရသည်။ ညက အိပ်နေရင်းပတ်တီးပြေသွားတာဖြစ်မည်ဟု တွေးလိုက်မိ၏။

ထို့နောက် ကျွန်တော်မှန်ရှေ့တွင်ရပ်ပြီး ခေါင်းမှဒဏ်ရာကို အကဲခတ်ကြည့်လိုက်သည်။ ကျွန်တော်၏ဒဏ်ရာက အခြေအနေသိပ်မဆိုးလှပါ။ ညာဘက်ချိုစောင်းတွင်တော့ အာလူးအရွယ်ခန့် ခရမ်းရောင်ဘုသီးကြီးတစ်လုံးက ဖူးရောင်နေ၏။

သို့ရာတွင် ထိုနေရာမှလွဲ၍ ကျွန်တော့်ဦးခေါင်း၏ ကျန်အစိတ်အပိုင်းများကတော့ ပုံမှန်ပကတိအတိုင်းပင်။

ကျွန်တော့်ကိုယ်ကျွန်တော် မှန်ထဲ၌မြင်နေရသော ပုံရိပ်ကို မျက်စိတစ်ချက်မှိတ်ပြလိုက်သည်။ ယခုအခါ အရာအားလုံးကို ပုံမှန်အတိုင်း ကြည်လင်ပြတ်သားစွာ ပြန်မြင်ရပြီဖြစ်သည်။

ကျွန်တော်က ခပ်မြုံးမြုံး အသံတစ်ချက်ပြုကြည့်လိုက်၏။ စကားပြောလိုက်တိုင်း ကျွန်တော်၏လည်ချောင်းများမှာလည်း နာကျင်ခြင်းမရှိတော့။ နဂိုမူလအတိုင်း ပြန်လည်ကျန်းမာသန်စွမ်းလာသည့်အတွက် ကျွန်တော် လွန်စွာဝမ်းမြောက်မိသည်။

လူတစ်ယောက် ကျန်းမာနေလျှင် မည်မျှပျော်စရာကောင်းကြောင်း ကျွန်တော် ယခုမှပင်သေချာသိတော့၏။

"မီးဖိုခန်းထဲကို အဲဒီလိုသုတ်သီးသုတ်ပျာနဲ့ လျှောက်ပြေးမလာနဲ့လေ၊ တော်ကြာအခန့်မသင့်ရင် နံရံနဲ့ဝင်ဆောင့်မိပြီး ဒူးခေါင်းကက်ုညင်းရိုးတွေ ကွဲအက်ကုန်ဦးမယ်"

ကျွန်တော့်ကိုတွေ့တွေ့ချင်း မေမေက လှမ်းပြီးဆူပူလိုက်သည်။

"ဒူးခေါင်းကက်ုညင်းရိုးတွေ ကွဲကုန်ဦးမယ်" . . . တဲ့။

ထိုအကြောင်းအရာသည် မေမေ့ထံမှ ကျွန်တော်တစ်ခါမှ မကြားဖူးသည့် အသစ်ဖြစ်သည်။

"ဗိုက်ဆာလွန်းလို့သေတော့မယ် . . ."

ကျွန်တော်ကအော်ဟစ်ရင်း မေမေပြုတ်ပေးထားသော ခေါက်



ပြုတ်ချဉ်စပ်ထဲသို့ ကြက်ဥတစ်လုံးဖောက်ထည့်ပြီး မွှေလိုက်သည်။ တော်က ခေါက်ဆွဲပြုတ်ကို ပါးစပ်ထဲသို့ အလောသုံးဆယ် ထိုးည့်ပြီး စားလိုက်၏။

"ဟဲ့သား . . . အစားအသောက်ကို ဒီလို အလောတကြီးမစားရလေ၊ တော်ကြာ ခေါက်ဆွဲဖတ်တွေ အစာအိမ်လမ်းကြောင်းထဲမှာ နေဦးမယ်"

ထိုစကားကိုတော့ ကျွန်တော်မေမေ့ထံမှ ကြားဖူးပါသည်။

"သားကိုကြည့်ရတာ တော်တော်သက်သာသွားပြီထင်တယ်"

မေမေကပြုံး၍ကြည့်ရင်း ကျွန်တော့်လက်ကို ဖျစ်ညှစ်ကာ စမ်းကြည့်လိုက်၏။

"အင်း . . . ဟုတ်တယ်၊ သားနေကောင်းသွားပြီ၊ ဒါနဲ့ ဒီနေ့ နေ့လဲဟင်မေမေ"

"ဒီနေ့ စနေနေ့လေ . . . သား၊ သားနေပြန်ကောင်းလာတဲ့ က် မေမေဝမ်းသာတယ်၊ ဒါပေမဲ့ ဒီနေ့ သားဘယ်မှလျှောက်ဘဲ အိမ်ထဲမှာ ငြိမ်ငြိမ်လေးနေစေချင်တယ်"

"မေမေကလည်း သားကို မိန်းကလေးကျနေတာပဲ၊ တစ်ချိန် အိမ်တွင်းပုန်းပဲလုပ်ခိုင်းနေတယ်"

"ဩော် . . . သားက ခုမှနလန်ထကာစဆိုတော့ အားနည်းနေတယ်လေ၊ တော်ကြာ လမ်းလျှောက်ရင်းမူးမေ့လဲကျပြီး ပလက်င်းနဲ့ နောက်စေ့နဲ့ဆောင့်မိရင် ဘယ်လိုလုပ်မလဲ"

"ပြီးရော . . . ပြီးရော၊ ဒါဆိုလည်း သားအိမ်ထဲမှာပဲနေတော့

ကျွန်တော်က နားငြီးသက်သာလျှင်ပြီးရောဟု သဘောထားမေ့အလိုကျ ကတိပေးလိုက်၏။

ထိုစဉ် တဒေါက်ဒေါက်နှင့် ထွက်ပေါ်လာသောအသံကြောင့် ာ်လန့်ပြီး ထခုန်မိသည်။ ပါးစပ်မှလည်း လွှတ်ကနဲအော်ပိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ဘာသံကြီးလဲမသိဘူး"

"အဲဒါ တစ်ယောက်ယောက် တံခါးခေါက်တဲ့အသံလေ. . . သားကိုကြည့်ရတာ စိတ်နဲ့လူနဲ့မကပ်သလိုပဲ၊ အိမ်ထဲမှာ အားပြည့်အောင်အနားယူနေနော်"

မေမေက မတ်တတ်ထရပ်လိုက်ပြီး ကျွန်တော့်ကိုသေသေချာချာ အကဲခတ်ရင်း ပြောလိုက်သည်။

"အင်းပါ၊ ဘယ်မှမသွားပါဘူးလို့ပြောပြီးပြီပဲ မေမေရာ"

ကျွန်တော့်စကားအဆုံးတွင် ဇော်မိုးက မီးဖိုခန်းထဲသို့ဝင်လာသည်။ သူက အခန်းထဲသို့လျှောက်လာရင်း ကျွန်တော့်ကိုလှမ်းမေးလိုက်၏။

"ဩော်. . . မင်း အသက်ရှင်လျက်ရှိသေးတာကိုး"

"အေး. . . မင်းပို့သတဲ့မေတ္တာကြောင့် ကျန်းကျန်းမာမာပဲရှိသေးတယ်"

ကျွန်တော်က ကိုယ့်လက်မောင်းကိုယ်ဆွဲဆိတ်ပြရင်း ရယ်ကျဲကျဲဖြင့် ပြန်ဖြေလိုက်သည်။

"လက်မောင်းကို အဲဒီလိုမဆိတ်ရဘူးလေ၊ တော်ကြာ အညိုအမည်းစွဲနေဦးမယ်"

မေမေက ကျွန်တော့်ကို ဆူပူလိုက်ပြန်၏။

ဇော်မိုးက ရှေ့သို့ထပ်တိုးမလာတော့ဘဲ သူ၏ခြေလှမ်းကို ရပ်လိုက်သည်။ သူက အခန်းအလယ်မှနေ၍ ကျွန်တော့်ကို ပြုံးစေ့စေ့ဖြင့်လှမ်းကြည့်နေ၏။

"ဇော်မိုး. . . ဘာဖြစ်လို့ ငါမနက်စာစားပြီးတဲ့အထိ စားပွဲမှာလာထိုင်ပြီး မစောင့်တာလဲ၊ ဒီမှာ အေးအေးဆေးဆေး လာထိုင်လို့ရပါတယ်ကွ"

ကျွန်တော်က မနက်စာစားနေရာမှ ဇော်မိုးကို လှမ်းပြောလိုက်သည်။ မေမေကလည်း ဇော်မိုးအားလှမ်းမေးလိုက်၏။

"မနက်စာစားခဲ့ပြီးပြီလား ဇော်မိုး၊ မစားရသေးရင်စားနော်



...စားဘဲနဲ့တော့ အပြင်တွေလျှောက်မသွားနဲ့၊ အစာအိမ်ရောဂါ ...လိမ့်မယ်"

ဇော်မိုးက စားပွဲဆီသို့ ဖြည်းညင်းစွာလျှောက်လာရင်း ပြော...

"ရည်မွန်ကျော်လွှဲလိုက်တဲ့တုတ်ရှည်နဲ့ မင်းရဲ့ခေါင်းဆောင့်မိ...ကို ငါ့စိတ်ထဲမှာ ပြန်ပြီးပုံဖော်ကြည့်နေတာ၊ အဖြစ်အပျက်က ...တော့ သွေးပျက်စရာတော်တော်ကောင်းတယ်၊ ငါကလည်း အဲဒီ ...ာင်းတစ်ခုလုံးကိုမှ အစအဆုံးမြင်လိုက်ရတာဆိုးတယ်"

ပြောပြောဆိုဆိုနှင့် ဇော်မိုးက ကျွန်တော့်ဘေးမှကုလားထိုင် ...သို့ ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။ သူကဆက်၍ . . .

"အဲဒီတုန်းက ရည်မွန်ကျော်ရဲ့လက်ချက်နဲ့ ခေါင်းနဲ့ကိုယ် ...ကွဲပြီလို့တောင် ထင်လိုက်မိသေးတယ်၊ ဘေးကရပ်ကြည့်နေတဲ့ ...ောင် အူတွေအသည်းတွေ ပြောင်းဆန်ကုန်ပြီလားအောက်မေ့ရ... မြက်ခင်းပြင်ပေါ်တောင် ငါထိုးအန်မိတော့မလို့"

"အစားစားနေတုန်း အန်တဲ့အကြောင်းမပြောရဘူးလေ ဇော်..."

ဇော်မိုး၏စကားအဆုံးတွင် မေမေက ဆူပူငေါက်ငမ်းလိုက်...ည်။ ထို့နောက် မေမေက ထိုင်ခုံမှထကာ တံခါးဝဆီသို့ ...ာက်သွားရင်း ကျွန်တော့်ကို လှမ်းပြောလိုက်၏။

"မေမေ အပြင်ခဏသွားလိုက်ဦးမယ် လင်းသန့်၊ မေမေမှာ... ...ထားတာမမေ့နဲ့နော်၊ ဒီနေ့ အပြင်ကိုလုံးဝမထွက်နဲ့"

"အင်းပါ. . . မမေ့ပါဘူး"

ကျွန်တော်က စိတ်ပျက်လက်ပျက်ဖြင့်ပြန်ဖြေလိုက်သည်။ သို့... မေမေက ထပ်ပြီးမှာပုံတော်ဖွင့်နေပြန်၏။

"အိမ်ထဲမှာ ငြိမ်ငြိမ်လေးထိုင်ပြီး စကားပြောနေကြနော်၊ ...လုံး ပြောင်းဆန်အောင်လည်း သောင်းကျန်းမနေကြနဲ့ဦး"

...မေအပြင်ထွက်သွားတော့မှ ဇော်မိုးက ကျွန်တော့်ဘက်

www.burmeseclassic.com



လှည့်ပြီး မေးလိုက်သည်။

"မင်း. . . တကယ်ပဲသက်သာသွားပြီလား"

"သက်သာသွားပါပြီကွ၊ သိပ်ပြီး ဆိုးဆိုးဝါးဝါးမခံစားရပါဘူး။ မနေ့ကထက်တော့ ပိုပြီးသက်သာလာတာအမှန်ပဲ"

ကျွန်တော်က စားလက်စမနက်စာကို လက်စသတ်ရင်း ပြန်ဖြေလိုက်၏။

"ရည်မွန်ကျော်တောင် ညတုန်းက ငါ့ဆီဖုန်းဆက်သေးတယ်၊ မင်းရဲ့ခေါင်းကဒဏ်ရာ သက်သာရဲ့လားလို့ သူလည်းသိချင်နေပုံပဲ၊ မင်း ခေါင်းကိုရိုက်မိတဲ့အတွက်လည်း တော်တော်စိတ်ရှုပ်ပြီး စိတ်မကောင်း ဖြစ်နေပုံရတယ်"

"မင်းပြောတဲ့အရဆိုရင် ရည်မွန်ကျော်က သူ့ရဲ့ပြောင်မြောက်လှတဲ့ တုတ်သိုင်းစွမ်းရည်အတွက် ဂုဏ်ယူမနေဘူးပေါ့"

"ဟာ. . . ဒီလိုကိစ္စမျိုး ဘယ်သူက ဂုဏ်ယူနိုင်မှာလဲကွ"

"တကယ်တော့ ငါ့ခေါင်းကိုရိုက်မိတာ သူ့အပြစ်မဟုတ်ပါဘူးကွာ၊ သူတုတ်လွှဲလိုက်တဲ့အချိန်နဲ့ ငါခေါင်းမော့လိုက်တာနဲ့ ကြုံသွားလို့ပါကွာ၊ မျက်စိထဲမှာ ဖျတ်ကနဲတော့မြင်လိုက်သား၊ ဒါပေမဲ့ ရှောင်ချိန်မရလိုက်ဘူး"

အချိန်အတန်ကြာသည်အထိ ကျွန်တော်၏ခေါင်းကို ထိခိုက်မိသည့်ကိစ္စအား နှစ်ယောက်သားထိုင်ပြောနေမိကြသည်။

ထို့နောက် ကျွန်တော်က ဇော်မိုးအားစနောက်လိုစိတ်ဖြင့်. . .

"ငါ့ရဲ့ညာဘက်ချိုင်းမှာ ထွက်နေတဲ့အဖုကြီးကို လက်နဲ့ကိုင်ကြည့်မလား. . . ဇော်မိုး"

"ဟာ. . . မကိုင်ကြည့်ချင်ပါဘူးကွာ"

ဇော်မိုးက ချက်ချင်းပင် အကြောက်အကန်ငြင်းဆန်လိုက်သည်။

အနာရောဂါစသည်တို့နှင့်ပတ်သက်လျှင် ဇော်မိုးရှိတတ်ကြောင်း သိလျက်သားနှင့် ကျွန်တော် တမင်သက်သက် စနောက်နေခြင်းဖြစ်သည်။



ကျွန်တော်က တစ်ချက်ရယ်လိုက်ပြီး မနက်စာစားထားသည့် ပန်းကန်များကိုရှင်းလင်းနေစဉ် ဇော်မိုးကလည်း ပိုင်းကူပြီးသိမ်းဆည်းသေး၏။

"ဒီနေ့ မင်း ဘာအစီအစဉ်ရှိလဲ"

ကျွန်တော်က ဇော်မိုးကိုမေးလိုက်သည်။

"ဟင်. . . ဘာလုပ်မလို့လဲ၊ မင်းအမေက မင်းကို အပြင်ထွက်ရဘူးလို့မှာထားတယ်မဟုတ်လား"

"ဒါဆိုလည်း အိမ်ထဲမှာပဲနေပြီး အချိန်ဖြုန်းကြတာပေါ့ကွာ၊ တီဗီမှာက ကြည့်စရာဘာအစွဲမှလည်း မရှိဘူး"

"ဒါဆိုလည်း ထုံးစံအတိုင်း စစ်တုရင်ပဲထိုးကြတာပေါ့ကွာ"

ဟု ဇော်မိုးကအကြံပြုလိုက်၏။

မြေအောက်ခန်းထဲတွင် ကျွန်တော်နှင့်ဇော်မိုးပြုလုပ်ထားသော စစ်တုရင်ခုံအကြီးကြီးတစ်ခု ရှိသည်။ ထိုစစ်တုရင်ခုံကြီးတွင် စစ်တုရင်ရုပ်ကြီးများဖြင့် ကစားရသည်မှာ အားရပါးရရှိလှ၏။ ဇော်မိုးလာလည်သည့်အခါတိုင်း ကျွန်တော်တို့နှစ်ယောက် စစ်တုရင်ကစားလေ့ရှိသည်။

"အေး. . . အဲဒါကောင်းတယ်၊ စစ်တုရင်ထိုးကြမယ်"

စစ်တုရင်ထိုးရာတွင် ဇော်မိုးက ကျွန်တော့်ထက်ပို၍ လက်ရည်ကောင်းသည်။ သို့ရာတွင် တစ်ခါတစ်ရံ၌ ကြက်ကန်းဆန်အိုးတိုးပြီး ကျွန်တော်က သူ့ကိုနိုင်တတ်သည်။

ကျွန်တော်က မနက်စာစားပြီးသည့်ပန်းကန်များကို ကြွေဇလုံထဲ၌ သေချာဆေးကြောပြီး သေသေသပ်သပ်ပြန်စီထားလိုက်၏။ ထို့နောက် ကျွန်တော်နှင့်ဇော်မိုးတို့ စစ်တုရင်ထိုးရန် မြေအောက်ခန်းထဲသို့ ဆင်းလာခဲ့ကြသည်။

ကျွန်တော်က မြေအောက်ခန်းတံခါးဖွင့်ရန် တံခါးလက်ကိုင်ဘုသို့ လက်လှမ်းလိုက်၏။ တံခါးလက်ကိုင်ဘုနှင့်ထိမိသည့်အချိန်

www.burmeseclassic.com

www.burmeseclassic.com



တွင် အတွေးတစ်ခု ခေါင်းထဲသို့ဝင်လာပြီး ကျွန်တော်၏လက်မှာ အလိုအလျောက်ရပ်တန့်သွားသည်။

"ငါက မင်းတို့ရဲ့မြေအောက်ခန်းထဲမှာ နေတာမို့လို့ပဲ"

တယ်လီဖုန်းထဲမှပြောလိုက်သော လူငယ်၏စကားသံကို ပြန်လည်ကြားယောင်လာမိသည်။ အလွန်တရာ သွေးအေးပြီး ကျောချမ်းစရာကောင်းသောအသံ။

"မင်း ငါ့ကို တွေ့အောင်လာရှာရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ငါက မင်းတို့ရဲ့မြေအောက်ခန်းထဲမှာ နေတာမို့လို့ပဲ"

ပြန်လည်ကြားယောင်မိသော ထိုစကားများက ကျွန်တော့်အား မြေအောက်ခန်းတံခါးကိုမဖွင့်ဖြစ်တဲ့ တွေဝေတုံ့ဆိုင်းနေစေ၏။

ဒါပေမဲ့ အဲဒါဟာ ငါစိတ်ကူးယဉ်ပြီး အရူးထတဲ့ဇာတ်လမ်းတစ်ပုဒ်ပဲတဲ့ ကျွန်တော့်ကိုယ်ကျွန်တော် ပြောလိုက်မိသည်။

မည်သည့်. . . လူငယ်. . . တယ်လီဖုန်းသံ. . . ဒီမွန်း. . . မှ တကယ်ရှိမနေကြပါ။

ကျွန်တော်၏ခေါင်းကို ထိခိုက်သွားသောကြောင့် ကယောင်ချောက်ချားနှင့် ထင်ယောင်ထင်မှားဖြစ်မှုသက်သက်သာ ဖြစ်သည်။

ကျွန်တော်ပြောတာမှန်ရဲ့လား. . .။

ကျွန်တော်ကတံခါးကို ဖြည်းဖြည်းချင်းဆွဲဖွင့်ပြီး မြေအောက်ခန်းထဲသို့ဆင်းသည့် လှေကားထစ်များကို လှမ်းပြီးငုံ့ကြည့်လိုက်၏။

ကျွန်တော်က လှေကားလက်ရန်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း မြေအောက်ခန်းထဲသို့ ဆင်းခဲ့လေတော့သည်။

■

## အခန်း (၇)

မြေအောက်ခန်းထဲသို့ရောက်ရောက်ချင်း ရှိသမျှမီးများအားလုံး ထိန်လင်းနေအောင် မီးခလုတ်များကို ကျွန်တော် ကသောကမျော ဖိုက်ဖွင့်လိုက်သည်။ စွန့်ပစ်ပစ္စည်းများထားရှိသည့် အမှိုက်ခန်းထဲမှ မီးကိုပင်မချန်ဘဲ ဖွင့်ထားလိုက်၏။

ဇော်မိုးကတော့ စစ်တုရင်ခုံကြီး၏ဘေးတစ်ဖက်တွင် ဝင်ထိုင်ပြီး အရုပ်များကိုစီနေရင်း လှမ်းမေးလိုက်၏။

"လာလေ. . . မင်း ဘာတွေလျှောက်လုပ်နေတာလဲ လင်းသန့်၊ ငါတို့ စစ်တုရင်ထိုးဖြစ်ဦးမှာလား၊ မထိုးဖြစ်တော့ဘူးလား"

"နေပါဦးကွာ၊ မီးရောင်လင်းလင်းချင်းချင်းနဲ့ဆိုရင် စစ်တုရင်ထိုးရတာ ပိုပြီးအဆင်ပြေမလားလို့ မီးခလုတ်တွေလိုက်ဖွင့်နေတာပါ"

ကျွန်တော်က ဇော်မိုးကိုပြန်ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဇော်မိုးကိုလှမ်းပြောနေရင်းမှ ကျွန်တော်က သစ္စာ့ကျူသည့် မီးဖိုကြီး၏နောက်သို့ ဖျတ်ကနဲလှမ်းကြည့်လိုက်သည်။ သစ္စာ့ကျူသည့်မီးဖိုကြီးနောက်တွင် တစ်စုံတစ်ယောက်များ ပုန်းအောင်းနေသလားဆိုသည့်အတွေးဖြင့် လှမ်းကြည့်လိုက်မိခြင်းဖြစ်သည်။

သို့ရာတွင် အလိပ်လိပ်ထနေသောဖုန်များကလွဲပြီး မည်သူ တစ်ဦးတစ်ယောက်မျှရှိမနေပါ။ ကျွန်တော်၏လုပ်ရပ်မှာ အနည်းငယ် မိုက်မဲရူးနှမ်းရာကျသည်ဟု ခံစားမိပြီး ကိုယ့်အတွေးနှင့်ကိုယ်ရှက် သွားသည်။

ဒီလောက်တောင်ရှုပ်ပွနေတဲ့ ငါတို့ရဲ့မြေအောက်ခန်းထဲမှာ ဘယ်သူက လာပြီးနေနိုင်မှာမို့လဲ၊ မင်းဟာလေ တော်တော်တုံးတဲ့ ကောင်ပဲ လင်းသန့် ဟု ကိုယ့်ကိုယ်ကို အပြစ်တင်လိုက်မိ၏။

ကျွန်တော်က စစ်တုရင်ခုံကြီး၏အခြားတစ်ဖက်သို့ ခပ်သွက် သွက် လျှောက်သွားပြီး ဝင်ထိုင်လိုက်သည်။ ဇော်မိုးက ကျွန်တော့် အတွက်ပါ စစ်တုရင်အရုပ်များကို ကြိုပြီးစီပေးထား၏။ ပြီးနောက် ကျွန်တော်နှင့်ဇော်မိုးတို့ စစ်တုရင်စကစားကြလေသည်။

ဇော်မိုးက ဘုရင်ရှေ့မှနယ်ရုပ်ကို ရှေ့သို့ စရွှေ့လိုက်၏။

ကျွန်တော်ကလည်း အားကျမခံ ဇော်မိုးရွှေ့သည့်အကွက် အတိုင်း လိုက်ရွှေ့လိုက်သည်။

သို့ရာတွင် ကျွန်တော့်မှာ စစ်တုရင်ပွဲထဲတွင် အပြည့်အဝ အာရုံစိုက်နိုင်ခြင်းမရှိချေ။ များမကြာမီမှာပင် ကျွန်တော်၏ရထားနှင့် စစ်ကဲမှာ ဇော်မိုး၏ ဘုရင်မလက်ချက်ဖြင့် ကျသွားလေသည်။

ဇော်မိုးက နောက်တစ်ကွက်ရွှေ့ရန်ကြိုးစားရင်း ကျွန်တော့် ကိုမေးလိုက်၏။

"မင်း. . . ရည်မွန်ကျော်နဲ့ စစ်တုရင်ကစားဖူးလား"

"ဟင့်အင်း. . . မကစားဖူးဘူးကွ၊ ရည်မွန်ကျော်က စစ်တုရင် ထိုးတတ်တယ်ဟုတ်လား။ အဲဒီမိန်းမက စစ်တုရင်ကောင်းကောင်း ကစားတတ်လို့လားကွာ"



"ကစားတတ်ပါတယ်၊ ဒါပေမဲ့ ရည်မွန်ကျော်က စစ်တုရင် ကို သိုင်းကစားသလိုမျိုး ကစားတာကွ၊ သူက စစ်တုရင်ရုပ်တွေကို အကြမ်းပတမ်းနဲ့ဆောင့်ချပြီး ရွှေ့လို့ တခြားအရုပ်တွေပါလဲကုန်ပြီး ခွက်ပေါင်းလည်းမနည်းတော့ဘူး၊ တစ်ခါတလေ သူရှုံးနေရင် စစ် တုရင်ခုံကိုမပြီး ကိုင်ပေါက်ပစ်တတ်လို့ ရည်မွန်ကျော်နဲ့ဆို ဘယ် သူမှ စစ်တုရင်မကစားချင်တော့ဘူး"

"ဟားဟား. . . ဖြစ်နိုင်ပါတယ်ကွာ၊ မင်းပြောတာနဲ့တင် ငါ ရည်မွန်ကျော်နဲ့ ဘယ်တော့မှ စစ်တုရင်မကစားတော့ဘူးလို့ စိတ် ဆုံးဖြတ်လိုက်ပြီ"

ကျွန်တော်ကရယ်ရင်း ဇော်မိုးကိုပြောလိုက်၏။ ဇော်မိုးကလည်း ကျွန်တော့်စကားကို သဘောကျစွာလိုက်ရယ်သည်။

ရယ်နေရင်း ကျွန်တော့်ခေါင်းမှဒဏ်ရာက ပြန်နာလာသလို ခံစားရ၏။ ရည်မွန်ကျော်အကြောင်း စဉ်းစားမိ၍များ ခေါင်းမှဒဏ်ရာ က ပြန်နာလာသလားမပြောတတ်ပါ။

ဇော်မိုးက သူ့၏စစ်ကဲရုပ်ကို ညာဘက်အစွန်သို့ ရွှေ့လိုက် သည်။ ကျွန်တော်က ထိုစစ်ကဲရုပ်ကို ကျွန်တော်၏နယ်ရုပ်ဖြင့် တက် ဆယ်လိုက်၏။

"ဟာကွာ. . . အဲဒီမှာ နယ်ရုပ်တစ်ရုပ်ရှိနေတာ မမြင်လိုက် ဘူး"

ဇော်မိုးက မချင့်မရဲဖြင့် ညည်းတွားရေရွတ်လိုက်သည်။

ကျွန်တော်က ဘာမှမပြောဘဲ ပြုံးရုံသာပြုံးလိုက်၏။

ဇော်မိုးမှာ ဒီလိုမျက်စိလျှမ်းတတ်ခြင်းကြောင့် တစ်ခါတစ်ရံ ရ ကျွန်တော့်ကို ရှုံးနိမ့်ခြင်းဖြစ်သည်။

ထိုစဉ် ထူးဆန်းသောအသံတစ်သံကြားလိုက်ရသောကြောင့် ကျွန်တော် ချာကနဲလှည့်ကြည့်လိုက်မိ၏။

"ဂျစ်ဂျစ်. . . ဂျစ်ဂျစ်"

နံရံကို တစ်စုံတစ်ခုက လက်သည်းရှည်များနှင့်ကုတ်ခြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



သလိုအသံမျိုး။ အသံကို ကြားလိုက်ရစဉ် ကျွန်တော့်နှလုံးသားကို တစ္ဆေတစ်ကောင်၏လက်သည်းရှည်များဖြင့် ကုတ်ခြစ်ခြင်းခံလိုက်ရသကဲ့သို့ ကျောရိုးတစ်လျှောက် စိမ့်ကနဲဖြစ်သွားသည်။

ကုတ်ခြစ်သည့်အသံက ထပ်မံပေါ်ထွက်လာပြန်၏။ ထို့နောက် သစ်သားနံရံကို ဘုန်းကနဲ လက်ဖြင့်ရိုက်လိုက်သလို အသံတစ်သံကိုပါ ထပ်မံကြားလိုက်ရ၏။

"ဘာသံလဲမသိဘူး၊ မင်းရောကြားရလား"

ကျွန်တော်က လေသံတိုးတိုးဖြင့် ဇော်မိုးကိုလှမ်းမေးလိုက်သည်။

"အေး. . . ကြားတယ်"

ဇော်မိုးက ခေါင်းညိတ်ကာပြန်ပြောရင်း အသံထွက်ပေါ်လာရာ လှေကားအိမ်ဆီသို့ လက်ဖြင့်လှမ်းညွှန်ပြလိုက်သည်။

နောက်ထပ် ဘုန်းကနဲအသံကို ထပ်ကြားလိုက်ရပြန်သည်။

အသံက မြေအောက်ခန်းသို့ဆင်းသည့် လှေကားအိမ်အတွင်းမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ ထိုလှေကားအိမ်ဆီသို့ ကျွန်တော်တို့နှစ်ယောက်စလုံး မျက်တောင်မခတ်တမ်း စိုက်ကြည့်နေမိသည်။

နောက်ထပ် ဘုန်းကနဲအသံကို ကြားလိုက်ရပြန်၏။

"အဲဒီလှေကားအိမ်ထဲမှာ သတ္တဝါတစ်ကောင်ကောင် ပိတ်မိနေတယ်ထင်တယ်၊ အဲဒီအကောင်က အပြင်ထွက်လို့ရအောင် ကြိုးစားနေတာဖြစ်မယ်"

ကျွန်တော်က ခပ်တိုးတိုးရေရွတ်လိုက်သည်။

ဇော်မိုးက ကျွန်တော့်ကို နားမလည်နိုင်သလို မျက်မှောင်ကျုံ့ပြီး စိုက်ကြည့်ရင်း. . .

"မင်းတို့မြေအောက်ခန်းက လှေကားအိမ်ထဲမှာ ဘယ်သူက ဘာကိစ္စနဲ့ လာပြီးပုန်းနေရမှာတုန်း"

ကျွန်တော်က ဇော်မိုး၏အမေးကို ပြန်မဖြေဘဲ လှေကားအိမ်ဆီသို့ လျှောက်သွားပြီးအော်မေးလိုက်၏။

"ဟေ့. . . အထဲမှာဘယ်သူရှိလဲ"



ပြန်ဖြေသည့်စကားသံကို မကြားရ။

လှေကားအိမ်၏တံခါးကို တစ်စုံတစ်ခုဖြင့်ပွတ်တိုက်ကုတ်ခြစ်နေသည့်အသံကိုသာ ကြားနေရသည်။

ထိုလှေကားအိမ်ထဲတွင် တစ်စုံတစ်ယောက်ရှိနေသည်မှာ ကျိန်းသေ၏။

"အထဲက ဘယ်သူလဲလို့မေးနေတယ်လေကွာ"

ကျွန်တော်က အသံကိုမတုန်အောင်ထိန်းရင်း ထပ်မေးလိုက်သည်။

မည်သည့်အဖြေစကားသံကိုမှ မကြားရ။

ကျွန်တော်က လှေကားအိမ်၏တံခါးကို လှမ်းကိုင်လိုက်၏။ ထို့နောက် အသက်ကို တစ်ဝကြီးရှူသွင်းပြီး တံခါးကို ဝုန်းကနဲဆွဲဖွင့်လိုက်၏။

မှောင်မည်းနေသော လှေကားအိမ်အတွင်းမှ သတ္တဝါတစ်ကောင်က ကျွန်တော့်ကိုယ်ပေါ်သို့ ဖျတ်ကနဲခုန်တက်လာသောကြောင့် ကြောက်လန့်တကြား အော်ဟစ်လိုက်မိလေသည်။

"အား"

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"မကြောက်ပါနဲ့၊ ရှဉ့်တစ်ကောင် ခုန်ထွက်လာတာပါကွ"

ဇော်မိုးကအော်ပြောလိုက်၏။ မီးခိုးရောင်ရှဉ့်တစ်ကောင်က လှေကားအိမ်အတွင်းမှနေ၍ ကျွန်တော်၏ခြေထောက်ပေါ်သို့ ခုန်တက်လာခဲ့ခြင်းဖြစ်သည်။

ကျွန်တော်က ခြေထောက်ကို ရှေ့သို့ဆတ်ကနဲခါထုတ်လိုက်ရာ ထိုရှဉ့်မှာ ကြမ်းပြင်ပေါ်သို့ ဖုတ်ကနဲပြုတ်ကျသွား၏။ ရှဉ့်က ယက်ကန်ယက်ကန်ဖြင့်ထလာပြီး ဖယောင်းပုဆိုးပေါ်မှ လှစ်ကနဲဖြတ်သန်းကာ မြေအောက်ခန်းထဲသို့ ပြေးထွက်သွား၏။

"ဒီရှဉ့်က ဘယ်လိုလုပ်ပြီး လှေကားအိမ်ထဲရောက်နေရတာလဲ"

ဇော်မိုးက နားမလည်နိုင်စွာမေးလိုက်သည်။

ကျွန်တော်က ဇော်မိုး၏အမေးကို ပြန်မဖြေနိုင်ဘဲ အခန်းထဲ



ပြေးနေသော ရှဉ့်ကိုသာ နပေတိမ်တောင်ဖြင့်ငေးကြည့်နေမိ၏ ထိုရှဉ့်က မြေအောက်ခန်းအတွင်းရှိ အင်္ဂတေဖြင့်ပြုလုပ်ထားသော ခုတ်တန်းများပေါ်သို့ ခွယ်ကာပ်ပြေးတက်သွားသည်။ ထိုမှတဆင့် ရှဉ့်က အဝတ်လျှော်သည့်အခန်းထဲသို့ ပြေးဝင်သွား၏။

ကျွန်တော်ငေးကြည့်နေရာမှ သတိဝင်လာပြီး ဇော်မိုးကို လှမ်းပြောလိုက်သည်။

"ငါတို့ အဲဒီရှဉ့်ကို အခန်းထဲကမောင်းထုတ်ပစ်မှဖြစ်မယ်၊ မားသားကြီးက အကောင်ဘလောင်တွေအထဲဝင်မှာကို အရမ်းကြောက်တာကွ၊ အဲဒီအကောင်တွေမှာ ရောဂါပိုးတွေကပ်ပါလာတတ်တယ်လို့ သူကထင်နေတာ"

ထိုရှဉ့်ကလည်း အဝတ်လျှော်သည့်အခန်းတံခါးဝမှနေ၍ ကျွန်တော်တို့ကို စူးစမ်းသလိုလှမ်းကြည့်နေ၏။

ကျွန်တော်က ဇော်မိုးကိုအော်ပြောလိုက်သည်။

"အဲဒီရှဉ့်ကို မိအောင်ဖမ်းကြစို့"

ထို့နောက် ကျွန်တော်နှင့်ဇော်မိုးတို့ ရှဉ့်ကိုလိုက်ဖမ်းကြ၏။

ပထမတော့ ရှဉ့်က အဝတ်လျှော်သည့်အခန်းထဲတွင် ပတ်ပြေးနေသေးသည်။ သို့ရာတွင် မကြာခင်မှာပင် ထိုရှဉ့်မှာ အဝတ်လျှော်တ်ထဲအနောက်ဘက်တွင် ချောင်ပိတ်မိသွား၏။ ပြေးစရာမရှိတော့။

"ဟေး. . . မိပြီကွ"

ကျွန်တော်က ဝမ်းမြောက်ဝမ်းသာအော်ဟစ်ရင်း လက်နှစ်ဘက်ကိုဆန့်တန်းကာ ရှဉ့်ကိုခုန်အုပ်လိုက်၏။

သို့ရာတွင် ထိုရှဉ့်က ကျွန်တော်၏ကျောကုန်းပေါ်သို့ ပြေးတက်လာသည်။ ဇော်မိုးက လှမ်းဖမ်းလိုက်သော်လည်း ရှဉ့်က သူ့လက်အောက်မှ ငုံ့ပြီးဖြတ်ပြေးသွား၏။ ရှဉ့်က မြေအောက်ခန်းအလယ်ထဲသို့ ပြေးထွက်သွားသည်။

ကျွန်တော်၏ဦးခေါင်းမှာ တဒုတ်ဒုတ်နှင့် သွေးဆောင့်ထိုးအောင့်ကျင်လာပြန်၏။ ကျွန်တော့်မှာ အသက်ကို ပင်ပန်းခဲယဉ်းစွာ မနည်း

www.burmeseclassic.com

www.burmeseclassic.com



ရှုနေရသည်။

ကျွန်တော်က အဝတ်လျှော်သည့်အခန်းထဲမှ တစ်ဟုန်ထိုးပြေး ထွက်လာခဲ့သည်။ ရှဉ့်က ကျွန်တော်တို့၏စစ်တုရင်ခုံအောက်သို့ ဝင် ပြေးသွားပြန်သည်။ သူ၏အမြီးဖွားဖွားကြီးက လေထဲသို့ ဖြောင့်တန်း တည့်မတ်စွာ ထောင်နေသည်။

ကျွန်တော်က မြေအောက်ခန်း၏ပြတင်းပေါက်တံခါးများ ဖွင့် ထားရဲ့လားဟု သေချာအောင်လှမ်းကြည့်လိုက်၏။ ပြီးမှ နံရံတွင် ထောင်ထားသော ဝါးလုံးရှည်တပ်ထားသည့် ငါးဖမ်းပိုက်အဟောင်းကို လှမ်းဆွဲယူလိုက်သည်။

ကြောက်ရွံ့တုန်လှုပ်နေပုံရသော ရှဉ့်က ပြေးနေရာမှရပ်တန့် ပြီး ကျွန်တော်တို့နှစ်ယောက်အား မျက်လုံးအဝိုင်းသားဖြင့် စိုက် ကြည့်နေ၏။

ရှဉ့်၏တစ်ကိုယ်လုံးမှာ တဆတ်ဆတ်တုန်ယင်နေသည်။ သူ ၏သေးငယ်သော အနက်ရောင်မျက်လုံးလေးများက ကျွန်တော်တို့ နှစ်ယောက်အား တောင်းပန်တိုးလျှိုးနေသည်ဟု ထင်မှတ်ရသည်။

''လာ. . . လာ. . . ရှဉ့်ကလေး၊ လာ. . . ငါတို့ မင်းကို ဘာမှမလုပ်ဘူး''

ကျွန်တော်က ပိုက်ကွန်ကိုဝှေ့ယမ်းပြီး ရှဉ့်ကို ချော့မြှူသလို ခေါ်ငင်လိုက်၏။

ပြောနေရင်း ကျွန်တော်က ရှဉ့်ကို ပိုက်ကွန်နှင့်အုပ်ဖမ်းလိုက် သော်လည်း လွတ်သွားသည်။

ရှဉ့်က လျင်မြန်ပါးနပ်စွာ ဖျတ်ကနဲရှောင်သွားသည်။ ဇော်မိုး က လက်နှစ်ဖက်ဖြင့်အုပ်ပြီး လှမ်းဖမ်းသော်လည်း မမိလိုက်ချေ။

ကျွန်တော်တို့နှစ်ယောက် ဘာဆက်လုပ်ရမှန်းမသိဘဲ မျှော် လင့်ချက်ကင်းမဲ့စွာဖြင့် ငေးကြည့်နေစဉ် ရှဉ့်က သတ္တုကျိုသည့်မီးဖို ဘေးတွင်စီထားသော စက္ကူဘူးများပေါ်သို့ ပြေးတက်သွား၏။ မကြာ ခင် အပေါ်ဆုံးတွင်စီထားသော ကတ်ထူစက္ကူဘူးပေါ်သို့ရောက်သွား



ပြီး ပြတင်းပေါက်မှတဆင့် ခုန်ချပျောက်ကွယ်သွားလေပြီ။

''ဟေး. . . ဟုတ်ပြီကွ''

ကျွန်တော်နှင့်ဇော်မိုးမှာ ဝမ်းသာအားရအော်ဟစ်ရင်း တစ် ယောက်နှင့်တစ်ယောက် လက်ဝါးချင်းရိုက်လိုက်ကြ၏။

''ရှဉ့်မျိုးနွယ်စုကြီးတစ်ခုလုံးကို အောင်မြင်တဲ့အတွက်''

ဇော်မိုးက ဝမ်းခေါင်းသံကြီးဖြင့်အော်ဟစ်ရင်း အရှုံးပေးသော ထိုက်သည်။ သူ ဘာအဓိပ္ပါယ်နှင့်ပြောမှန်း ကျွန်တော်မသိပါ။ သို့ ရာတွင် ဇော်မိုး၏စကားအဆုံးတွင် ကျွန်တော်တို့နှစ်ယောက်စလုံး အားရပါးရ ဝါးလုံးကွဲရယ်လိုက်ကြ၏။

ထိုစဉ် အပေါ်ထပ်လှေကားထိပ်မှထွက်ပေါ်လာသော မေမေ့ စကားသံကြောင့် ကျွန်တော်တို့၏ရယ်သံများ တိကနဲရပ်သွားကြသည်။

''လင်းသန့်. . . မြေအောက်ခန်းထဲမှာ ဘာတွေသောင်းကျန်း နေကြတာလဲ''

''ဘာမှမသောင်းကျန်းပါဘူး မေမေ၊ ဇော်မိုးနဲ့သား စစ်တုရင် ထိုးနေကြတာပါ''

''စစ်တုရင်ကစားရင်လည်း သတိထားနော်၊ တော်ကြာ စစ် တုရင်ရုပ်တွေနဲ့ မျက်လုံးထိုးမိလိမ့်မယ်''

***

ဇော်မိုးနှင့်ကျွန်တော်မှာ စစ်တုရင်လေးငါးပွဲခန့် ဆက်ကစား ကြသည်။ ပွဲတိုင်း ဇော်မိုးကသာ အေးအေးဆေးဆေးဖြင့်အနိုင်ရ သွားသည်။ သို့ရာတွင် စစ်တုရင်ထိုးရသည်မှာ ကျွန်တော်တို့နှစ် ယောက်အတွက် တော်တော်ပျော်စရာကောင်းသည်။ မေမေပြောသလို စစ်တုရင်ရုပ်များဖြင့် မျက်လုံးကိုထိုးမိခြင်းလည်းမရှိပါ။

မေမေက ကျွန်တော်တို့နှစ်ယောက်အား နေ့လည်စာအဖြစ် ခေါက်ဆွဲကြော်နှင့်ကြက်ရိုးဟင်းချိုကျွေး၏။ ဟင်းချိုသောက်သည့်အခါ

www.burmeseclassic.com

www.burmeseclassic.com



တွင်လည်း ဟင်းချိုကို မှုတ်မသောက်ဘဲ အလောတကြီးသောက်ရင် လျှာကျွက်သွားလိမ့်မည်ဆိုသည့် မေမေ၏ဆုံးမသြဝါဒကို ခံယူရသေးသည်။

နေ့လည်စာစားပြီးချိန်တွင်တော့ ကျွန်တော် ပင်ပန်းနွမ်းနယ်စပြုလာပြီး အနားယူချင်စိတ်ပေါက်လာ၏။ ထို့နောက် ဖော်မိုးက ကျွန်တော့်ကိုနှုတ်ဆက်ပြီး အိမ်ပြန်သွားသည်။

ဝါးကနဲသမ်းလိုက်သော ကျွန်တော့်ကိုကြည့်ပြီး မေမေက ပြောလိုက်၏။

"သား. . . တီဗွီကြည့်ပြီးနားချင်လည်းနား၊ ဒါမှမဟုတ် အခန်းထဲမှာ တစ်ရေးတစ်မောအိပ်ချင်လည်းအိပ်၊ ဒါပေမဲ့ အကြာကြီးလည်းအိပ်မနေနဲ့ဦး"

"အင်းပါမေမေရာ၊ ခဏလေး တစ်ရေးပဲအိပ်မှာပါ"

ကျွန်တော်က စိတ်ပျက်စွာညည်းတွားရင်း အပေါ်ထပ်ရှိ ကျွန်တော်၏အိပ်ခန်းသို့ တက်လာခဲ့၏။ တစ်ရေးတစ်မောအိပ်မှာပါဟု မေမေ့ကိုပြောလိုက်သော်လည်း ညခုနစ်နာရီထိုးခါနီးမှ ကျွန်တော် ပြန်နိုးလာခဲ့၏။

နေ့ခင်းအကြာကြီးအိပ်ပစ်လိုက်သည့်အတွက် ညအိပ်ရာဝင်ချိန်တွင် ကျွန်တော် တော်တော်နှင့်အိပ်မပျော်ဘဲ မျက်စိကြောင်နေတော့သည်။

အိပ်ငိုက်လာလေမလားဟု စာအုပ်တစ်အုပ်ကောက်ကိုင်ပြီး ဖတ်နေသော်လည်း ဘာမှထူးခြားမလာ။ တီဗွီဖွင့်ပြီး ကြိုလ်တုစလောင်းမှလာသော အစီအစဉ်များကို ထိုင်ကြည့်မိပြန်တော့လည်း စိတ်ဝင်တစားကြည့်စရာ ဘာတစ်ခုမှမရှိ။

ကျွန်တော်က ကုတင်ဘေးတွင်တင်ထားသော စားပွဲတင်နာရီကို တစ်ချက်လှမ်းကြည့်လိုက်၏။ သန်းခေါင်ယံအချိန်ကိုရောက်ရန် မိနစ်အနည်းငယ်သာလိုတော့သည်။

ကျွန်တော်ထိုင်ပြီး တီဗွီကြည့်နေရင်း ဗိုက်ဆာလာသလို ခံ



ရ၏။ အဆာပြေတစ်ခုခုဆင်းစားရရင် ကောင်းမယ်ဟု ကျွန်တော် တွေးလိုက်မိသည်။

ကျွန်တော်က လှေကားမီးခလုတ်ကိုဖွင့်ပြီး မီးဖိုခန်းထဲသို့ ဆင်းလာခဲ့၏။ မီးဖိုခန်းထဲဝင်ကာနီးတွင် မြေအောက်ခန်းတံခါးပွင့်နေသည်ကို မြင်လိုက်သဖြင့် ကျွန်တော် အံ့သြသွားသည်။

"ထူးဆန်းလိုက်တာ"

ကျွန်တော်က တအံ့တသြဖြင့် လွတ်ကနဲရေရွတ်လိုက်မိ၏။ အကယ်ဆိုလျှင် ထိုတံခါးက ပွင့်နေစရာအကြောင်းမရှိ။ မေမေမှာ ညအိပ်ရာဝင်ခါနီးတိုင်း ပြတင်းပေါက်များနှင့်တံခါးများကို သေချာပိတ်ပြီးမှ အိပ်တတ်သူဖြစ်သည်။ သည်လိုမြေအောက်ခန်းတံခါး ပွင့်နေတာတွေ့လို့ကတော့ မေမေ ညအိပ်၍ပျော်နိုင်မည် မထင်ပါ။

ကျွန်တော်က မြေအောက်ခန်းတံခါးဆီသို့ လျှောက်သွား၏။ တံခါးပိတ်ရန် ကျွန်တော်လက်လှမ်းလိုက်သည်။

သို့ရာတွင် မြေအောက်ခန်းထဲမှ ချိုးချိုးချွတ်ချွတ်နှင့်အသံတစ်ခုကို ကြားလိုက်ရသောကြောင့် တံခါးမပိတ်ဖြစ်တော့ဘဲ ရပ်ပြီး နားစွင့်လိုက်၏။

တစ်စုံတစ်ယောက်၏ခြေသံများလား?

ကျွန်တော်က တံခါးကြားထဲမှနေ၍ အမှောင်ထုထဲသို့ လှမ်းကြည့်ပြီးအော်မေးလိုက်၏။

"ဘယ်သူလဲ. . . မြေအောက်ခန်းထဲကဘယ်သူလဲ"

ကျွန်တော်ကြားနေရသည့် ခြေသံလိုလို ချိုးချိုးချွတ်ချွတ်နှင့်အသံများက ပိုမိုကျယ်လောင်လာသည်။

ထို့နောက် လှမ်းအော်ပြောလိုက်သော လူငယ်တစ်ယောက်၏ အသံကို ကြားလိုက်ရသည်။

"ငါပါကွ. . . ဒီမွန်းပါ၊ မင်းမမှတ်မိတော့ဘူးလား၊ ငါက မြေအောက်ခန်းထဲမှာနေတာလေကွာ"

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"မဟုတ်ဘူး. . . မင်းက အပြင်မှာတကယ်မရှိဘူး"

ကျွန်တော်က ဗလုံးဗထွေးရေရွတ်ရင်း အော်လိုက်မိသည်။ ကျွန်တော်၏အော်သံက စူးရှကျယ်လောင်ပြီး ကြောက်ရွံ့ထိတ်လန့်မှုဖြင့် တုန်ယင်နေ၏။

မြေအောက်ခန်း၏ကြမ်းခင်းဖယောင်းပုဆိုးကို နင်းလျှောက်လာသောခြေသံများကို ကျွန်တော် ထပ်ကြားလိုက်ရပြန်သည်။ မရှေးမနှောင်းမှာပင် မြေအောက်ခန်းမီးက ဖျတ်ကနဲလင်းလာ၏။

"ဟင်"

လူရိပ်တစ်ရိပ်ကိုမြင်လိုက်ရသဖြင့် ကျွန်တော်လှမ်းကြည့်လိုက်သောအခါ မေမေဖြစ်နေသည်ကို တွေ့လိုက်ရသည်။

"မေမေပါလား"

ကျွန်တော်က အံ့သြစွာရေရွတ်လိုက်၏။



"လင်းသန့်. . . သား ဘာဖြစ်လို့ အခုအချိန်အထိ မအိပ်တာလဲ"

မေမေက မျက်မှောင်ကြုတ်ပြီး ကျွန်တော့်ကိုစိုက်ကြည့်ရင်း လိုက်သည်။

"သား အိပ်လို့မှမပျော်တာမေမေရဲ့ ဒါနဲ့ မေမေကရော မြေအောက်ခန်းထဲမှာ ညကြီးမင်းကြီးဘာလုပ်နေတာလဲ"

"မီးလာတုန်း အဝတ်လျှော်နေတာလေ၊ ပြီးတော့ မေမေ အိပ်ပျော်တာနဲ့ အဝတ်လျှော်နေတာအကျိုးရှိမယ်ဆိုပြီး အိပ်ရာကထတာ"

"မေမေ. . . လာ. . . အပေါ်မြန်မြန်တက်၊ မြေအောက်ခန်းထဲ သရဲရှိတယ်"

ကျွန်တော်၏စကားကြောင့် မေမေ အနည်းငယ်အံ့အားသင့်ပြီး ကျွန်တော့်ကို အကဲခတ်သလို သေချာစိုက်ကြည့်လိုက်၏။ နောက်. . .

"သားဘာပြောလိုက်တာလဲ၊ သားပြောတာ မေမေ နားမရှင်း"

မေမေက ညင်သာစွာမေးသည်။ ကျွန်တော်က . . .

"မြန်မြန်လာ၊ သားဆီဖုန်းဆက်တယ်ဆိုတဲ့ကောင်လေးလေ၊ သူ သားကို ထပ်ပြောပြန်ပြီ၊ သူအခု ဒီအောက်ထဲမှာရှိတယ်၊ သူက အောက်ခန်းထဲမှာနေတာလို့ပြောတယ် မေမေ"

"သားကိုကြည့်ရတာ မေမေစိတ်ပူလိုက်တာကွယ်၊ သားပြောအရာတွေကလည်း ဘာမှအဓိပ္ပါယ်မရှိဘူး"

"သားတကယ်ပြောတာ မေမေ၊ သူပြောတာသားကြားရတယ်၊ သားကို သူ့စကားပြောနေတယ်၊ အခုလေးတင်ပဲ၊ သူ အခု က်ထဲမှာရှိတယ်"

"ဒီအချိန် ဒေါက်တာရဲ့မြင့်ကို ဖုန်းဆက်ခေါ်ရရင်လည်း အားစရာကြီး"

www.burmeseclassic.com

www.burmeseclassic.com



မေမေက ကျွန်တော့်ဘေးတွင်လာရပ်ပြီး ပြောလိုက်၏။ မေမေ၏အသံက စိုးရိမ်ပူပန်မှုများနှင့် ပြည့်နှက်နေသည်။

ကျွန်တော်၏နဖူးကို မေမေက လက်ဖြင့်စမ်းသပ်ရင်း . . .

''သားမှာ အဖျားသွေးလည်းမရှိပါဘူး''

''မေမေ သားဖျားပြီး ကယောင်ကတမ်းလျှောက်ပြောနေတာ မဟုတ်ဘူး''

ကျွန်တော်က စိတ်ပျက်လက်ပျက်ဖြင့်အော်ပြောလိုက်သည်။

''မနက်ဖြန် တနင်္ဂနွေနေ့ဆိုတော့ သား တစ်နေ့လုံး အိမ်မှာပဲ နားနားနေနေနေရမယ်၊ တနင်္လာနေ့ကျရင် သားကျောင်းပြန်တက်လို့ရပြီလားလို့ မေမေစောင့်ကြည့်ရဦးမယ်''

''ဒါပေမဲ့ မေမေ. . . သားက. . .''

ကျွန်တော်၏စကားကို ဖြတ်ပြောလိုက်သော လူငယ်တစ်ယောက်၏အသံက မြေအောက်ခန်းအတွင်းသို့ဆင်းသည့် လှေကားထစ်များဆီမှ ထွက်ပေါ်လာသည်။

''လင်းသန့်. . . မင်းအမေရဲ့ပြောစကားကို နားထောင်လိုက်လေကွာ''

ထိုအသံကြောင့် ကျွန်တော်က အထိတ်တလန့်ဖြင့် မေမေ့ကို လှမ်းမေးလိုက်သည်။

''မေမေ. . . သူပြောတာ. . . ကြားလိုက်ရလား''

■

## အခန်း (၁၀)

''ဘာသံကိုကြားရမှာလဲ''

မေမေက ကျွန်တော့်ကို သေချာစွာအကဲခတ်ကြည့်ရင်း မေးလိုက်၏။

''ဟိုကောင်လေး. . .''

စကားမဆုံးခင်မှာပင် တစ်စုံတစ်ယောက်က ကျွန်တော်၏ ခေါင်းကျောမှ အရှိန်ပြင်းစွာဝင်တိုက်လိုက်သည်။

ကျွန်တော်က ဟန်ချက်ပျက်ကာ ရှေ့သို့ ငိုက်ဆင်းသွားပြီး လှေကားထစ်များပေါ်မှ ပြုတ်ကျတော့မလိုဖြစ်သွား၏။

''ဟာ''

ကျွန်တော်က ပါးစပ်မှ အထိတ်တလန့်ရေရွတ်ရင်း နောက်သို့ လှည့်ကြည့်လိုက်သည်။

အမြီးလှုပ်ယမ်းပြနေသော ကျွန်တော်တို့၏ခွေး ဂျပ်ဆိုကိုသာ

www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရသည်။ စင်စစ် ဂျမ်ဘိုက တစ်ဟုန်ထိုးပြေးလာပြီး ကျွန်တော့်ကိုဝင်တိုက်လိုက်ခြင်းပင်ဖြစ်၏။ ဂျမ်ဘိုက ထိုသို့ အမြဲတမ်းပြုလုပ်ကာ ကျွန်တော့်အား ကျီစယ်ဆော့ကစားလေ့ရှိသည်။

သို့ရာတွင် သည်တစ်ကြိမ်တွင်တော့ ကျွန်တော်၏ဒေါသမှာ ပေါက်ကွဲသွားသည်။

"အရေးထဲ ဒီခွေးကလည်း တမှောင့်ကွာ၊ ဂျမ်ဘို. . . မင်းလုပ်တာ ငါလှေကားပေါ်ကပြုတ်ကျတော့မလို့"

ကျွန်တော်က ဂျမ်ဘိုအား စိတ်တိုတိုနှင့် အော်ဟစ်ငေါက်ငမ်းလိုက်၏။

"ဟဲ့သား ခွေးကိုသွားအော်မနေနဲ့လေ၊ ခွေးဆိုတာ လူမှ မဟုတ်တော့ အသိဉာဏ်ဘယ်ရှိပါ့မလဲ၊ သားလည်း သွားအိပ်ချေတော့ သားကိုကြည့်ရတာ အရမ်းပင်ပန်းပြီး နေထိုင်မကောင်းဖြစ်နေသလိုပဲ"

**"ဒါပေမဲ့. . . မေမေ. . ."**

ကျွန်တော်က မေမေနှင့်ဆက်ငြင်းမနေရန်ဆုံးဖြတ်ပြီး ပြောလက်စ စကားကို ရပ်လိုက်သည်။ ဘယ်လောက်ပဲပြောပြော ကျွန်တော့်စကားကို မေမေယုံကြည်မည်မထင်ပါ။

ဒီမွန်းဆိုသည့်လူငယ်၏အရိပ်အယောင်ကို တွေ့ရလေမလား။ ကျွန်တော်က မြေအောက်ခန်းထဲသို့ တစ်ချက်လှမ်းကြည့်လိုက်သည်။ သို့ရာတွင် မည်သူ့ကိုမှမတွေ့ဘဲ အမှောင်ထုကိုသာ မြင်ရသည်။

ဒီမွန်းဆိုတဲ့လူ ဘယ်ရောက်သွားပြီလဲ။ အခု သူ ဘယ်မှာ ပုန်းနေတာလဲ။

ကျွန်တော်၏စိတ်တွေ ထင်ယောင်ထင်မှားဖြစ်ခြင်းမဟုတ်မှန်း သဘောပေါက်လာ၏။ ဒီမွန်း၏အသံကို နားနှင့်ဆတ်ဆတ်ကြားခဲ့ခြင်းဖြစ်သည်။

ဘာတွေဘယ်လိုဖြစ်ကုန်မှန်း ကျွန်တော်မသိတော့ပါ။

✳✳✳



တနင်္လာနေ့တွင် မေမေက ကျွန်တော့်ကို ကျောင်းပြန်တက်ခွင့်ပြုသဖြင့် တော်သေးသည်။ ယုံနိုင်စရာမရှိပါ။ ကျွန်တော်၏စိတ်ထဲတွင် မေမေက ကျွန်တော့်အား အိမ်မှာပဲနေခိုင်းလိမ့်ဦးမည်ဟု ထင်မှတ်ထားသောကြောင့်ဖြစ်သည်။

ကျွန်တော်နေပြန်ကောင်းနေပြီ။ ညာဘက်ချိုင်းစောင်းတွင်ထွက်နေသော ဘုသီးကြီးကတော့ ခရမ်းရောင်သမ်းနေဆဲပင်ဖြစ်သည်။ သို့ရာတွင် ထိုဘုသီးမှာ မူလအရွယ်အစား၏ လေးပုံတစ်ပုံခန့်အထိ သေးငယ်သွားပြီဖြစ်သည်။

ကျွန်တော်တို့စာသင်ကြားရာ Lecture Room ထဲသို့ ဝင်သွားသည့်အခါ တွေ့လိုက်သမျှလူတိုင်းက ကျွန်တော့်အား ဝမ်းသာအယ်လဲနှုတ်ဆက်ကြ၏။ ရဲသီဟနှင့်ရဲသူရတို့အမြွှာညီအစ်ကိုမှာ တစ်ယောက်နှင့်တစ်ယောက် ကျောပိုးအိတ်ချင်းမှားသဖြင့် ငြင်းခုံနေကြသည်။

အမြွှာညီအစ်ကိုဖြစ်သောကြောင့် အသုံးအဆောင်ပစ္စည်းများဆင်တူသဖြင့် မကြာခဏမှားလေ့ရှိသည့်ကြားထဲ သူတို့၏ကျောပိုးအိတ်များကို မည်သူတွေက လဲပေးသွားမှန်းမသိပါ။ သို့ရာတွင် ရဲသီဟနှင့်ရဲသူရမှာ ကျွန်တော့်ကိုတွေ့သွားသောအခါ ကျောပိုးအိတ်ကိစ္စကို သတိမရတော့ဘဲ ကျွန်တော့်ထံသို့ ခပ်သွက်သွက်လျှောက်လာကြ၏။

"လင်းသန့်. . . မင်းနေကောင်းသွားပြီလား"

"ခေါင်းကဒဏ်ရာ ဘယ်လိုနေသေးလဲ"

"မင်းရဲ့ခေါင်းက ဘုသီးကြီးကိုပြပါဦး"

"ဘယ်လိုကြီးလဲမသိဘူးနော်၊ အာလူးကြီးကျနေတာပဲ"

"လက်နဲ့ထိကြည့်ရင်နာလား"

"ငါတို့က မင်းကျောင်းတောင်ပြန်မတက်နိုင်တော့ဘူး ထင်နေတာ"

"ဦးနှောက်နဲ့ အာရုံကြောကိုများရောက်သွားပြီလားလို့"

တွေ့သမျှလူတိုင်းက ရယ်မောပျော်ရွှင်စွာဖြင့် ကျွန်တော့်အား ဝိုင်းပြီးဂရုစိုက်ကြသည်။ ထိုသို့ လူတိုင်း၏ဂရုစိုက်မှုကို ခံယူရသည့်

www.burmeseclassic.com

www.burmeseclassic.com



အတွက် ကျွန်တော်ကြိတ်ပြီး ဝမ်းသာမိ၏။ ပုံမှန်အတိုင်းဆိုလျှင် မည်သူမျှ ကျွန်တော့်ကို ဂရုစိုက်ကြည့်ခြင်းမရှိပါ။

အခုလိုဖြစ်သွားသည်ကိုပဲ ကျွန်တော့်မှာ ဂုဏ်ယူကျေနပ်ရတော့မလို။

စာသင်ချိန်မစမီ အင်္ဂလိပ်စာဌာနမှူး ဒေါ်သီတာက ကျွန်တော့်အား အတန်းရှေ့ထွက်ရပ်ခိုင်း၏။ ဌာနမှူးက . . .

"ဒီနေ့ကျောင်းပြန်တက်နိုင်တဲ့အတွက် ဆရာမတို့အားလုံး ဝမ်းသာပါတယ် လင်းသန့်"

ဌာနမှူးဒေါ်သီတာ၏စကားအဆုံးတွင် ဇော်မိုးက လက်ခုပ်စတီးသည်။ ကျန်သည့်လူများမှာ သူ့နောက်မှလိုက်ပြီး တီးကြ၏။ ဌာနမှူး၏ရှေ့တွင်ထိုင်နေသော ရည်မွန်ကျော်ကလည်း လက်ခုပ်တီးပြီး အားပေးနေသည်ကိုတွေ့ရသည်။

"ဆရာမတို့ကို သား ဆေးရုံတက်တဲ့အတွေ့အကြုံလေးကို ပြောပြပါဦး"

ဌာနမှူးဒေါ်သီတာက သူမ၏စကားကို ဆက်ပြောသည်။

ဆေးရုံဆိုသည့်စကားကြောင့် ကျွန်တော်က ဌာနမှူးအား အကြောင်းသားငေးကြည့်နေမိ၏။ ကျွန်တော်၏ဦးနှောက်က မီးအားကျနေသော မီးချောင်းတစ်ချောင်းလို လင်းတလှည့်မှိန်တလှည့်ဖြစ်နေသည်။ ကျွန်တော် ပါးစပ်အဟောင်းသားဖြစ်နေ၏။

ငါ ဆေးရုံတက်ခဲ့ရသေးလား။

"ဆေးရုံမှာ သားရဲ့အခန်းမျိုးက ဘယ်လိုပုံစံမျိုးရှိသလဲ၊ ဘယ်လိုဆရာဝန်မျိုးက သားရဲ့ရောဂါကိုကုပေးတာလဲ၊ ဒဏ်ရာကိုဘယ်လိုကုပေးသလဲ"

ဌာနမှူးက ထပ်မေးလိုက်ပြန်သည်။

ကျွန်တော်က ဘာပြောရမှန်းမသိဘဲ မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်နေမိ၏။ ကျွန်တော် ဆေးရုံတက်ခဲ့ရသလား မတက်ခဲ့ရဘူးလားဆိုသည့်အကြောင်းကို မှတ်မိအောင် မနည်းပြန်စဉ်းစား



နေရသည်။

"ကဲ လင်းသန့်ရေ ဆေးရုံမှာတွေ့ခဲ့ရတာလေးတွေ ဆရာမတို့ကို ပြန်ပြောပြပါကွယ်"

ဌာနမှူးမှတိုက်တွန်းလိုက်၏။ သူမက လက်ပိုက်ထားရင်း ရွှေရောင်မျက်မှန်ကိုင်းနောက်မှ ကျွန်တော့်ကိုစိုက်ကြည့်ကာ ကျွန်တော်ပြောပြမည့်စကားတို့ကို စောင့်စားနေသည်။

"ကျွန် . . . ကျွန်တော် မမှတ်မိတော့ဘူး"

အမြွှာညီအစ်ကိုနှစ်ယောက်အနက် ရဲသီဟက ဝါးကနဲရယ်လိုက်၏။ အချို့ကျောင်းသားကျောင်းသူများက တစ်ယောက်နှင့်တစ်ယောက် တီးတိုးပြောနေကြသည်။

"ကောင်းပြီလေ၊ ဒါဖြင့် ဆေးရုံနဲ့ပတ်သက်ပြီး သား ဘယ်လိုအကြောင်းအရာတွေကို မှတ်မိသေးလဲ"

ဌာနမှူးဒေါ်သီတာက သုံးနှစ်သားကလေးတစ်ယောက်ကို စာသင်နေသလိုမျိုး ပီသရှင်းလင်းစွာ တစ်လုံးချင်းမေးလိုက်၏။

"ကျွန်တော် ပြန်စဉ်းစားလို့မရတော့ဘူး။ ကျွန်တော် ဘာဆိုဘာမှမမှတ်မိတော့ဘူး"

ကျွန်တော်က အနည်းငယ်ရှက်ရွံ့စွာဖြင့် ဗလုံးဗထွေးနှင့် ပြောလိုက်သည်။

ရည်မွန်ကျော်က ဌာနမှူး သူမအား သတိထားမိအောင် ကိုယ်ကိုရှေ့သို့ တိုးလိုက်ပြီးပြော၏။

"သမီး သူ့ခေါင်းကို တုတ်နဲ့ နောက်တစ်ချက်ထပ်ရိုက်လိုက်ရင်ကောင်းမယ်၊ ရုပ်ရှင်တွေထဲမှာဆို အဲဒီလိုပြန်ရိုက်လိုက်ရင် အတိတ်မေ့နေတာတောင်မှ ပြန်သတိရလာတယ်"

သူမ၏စကားကို တချို့ဝိုင်းရယ်ကြ၏။

"ဘာဖြစ်လို့ အဲဒီလိုပြောရတာလဲသမီး၊ ဒါ နောက်စရာကိစ္စမဟုတ်ဘူး၊ ခေါင်းကိုအရိုက်ခံလိုက်ရလို့ မှတ်ဉာဏ်ချို့ယွင်းသွားတယ်ဆိုတာ အင်မတန်အရေးကြီးတဲ့ကိစ္စပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဌာနမှူးက ရည်မွန်ကျော်အား မျက်မှောင်ကျုံ့ကာစိုက်ကြည့်ရင်း ဆိုလိုက်သည်။

"သမီးကနောက်တာပါ ဆရာမ၊ ဒါကို ဟာသလို့သဘောမထားနိုင်တဲ့အတွက် ဆောရီးပါပဲ"

ရည်မွန်ကျော်က ပုခုံးတွန့်ပြရင်း ခပ်တိုးတိုးပြောလိုက်၏။

ထိုအချိန်တွင် ကျွန်တော်ကတော့ အတန်းရှေ့၌ တစ်ယောက်တည်း ကြောင်တက်တက်ဖြင့်ရပ်နေရသည်။ ဘာကိုမျှပြန်စဉ်းစား၍မရသည့်အတွက် ကျွန်တော် ရှက်လည်းရှက် စိတ်လည်းရှုပ်နေ၏။

ဆေးရုံတက်ခဲ့ရတဲ့အကြောင်းတွေ ဘာကြောင့် ငါပြန်စဉ်းစားလို့မရတာလဲ။ သတိရချင်း ညှော်ခန်းအတွင်းရှိ ဆိုဖာခုံရှည်ပေါ်တွင် လှဲလျောင်းနေမိသည့်အဖြစ်အပျက်ကိုသာ ပြန်စဉ်းစား၍ရတော့သည်။

ထိုစဉ် ဆရာမက နေရာတွင်သွားထိုင်ရန် ကျွန်တော့်အား လက်ဟေ့ယမ်းပြီး ပြောလိုက်၏။

"ဘာပဲဖြစ်ဖြစ် နေပြန်ကောင်းလာတဲ့အတွက် ဆရာမတို့ဝမ်းသာပါတယ်၊ သားမမှတ်မိတော့တဲ့အကြောင်းတရားတွေအတွက်လည်း တွေးပြီး စိတ်သောကရောက်မနေပါနဲ့။ မကြာခင် ပြန်မှတ်မိလာမှာပါ"

ထိုအချိန်မှစပြီး တစ်နေ့လုံး အချိန်တွေဘယ်လိုကုန်သွားမှန်း ကျွန်တော်မသိတော့ပါ။ ကျွန်တော်က ထိုင်ခုံပေါ်တွင် အားအင်ဖျော့တော့စွာထိုင်နေမိသည်။

အရာရာသည် ကျွန်တော့်အတွက် မှုန်ဝါးဝေသီနေ၏။

ကျွန်တော် အိမ်သို့ပြန်လာစဉ် မနက်ခင်းမှအကြောင်းအရာအား စိတ်ထဲမှမေ့ဖျောက်၍မရဘဲ ဖြစ်နေသည်။

သိုင်းသင်တန်းရှေ့မှဖြတ်လာစဉ် မြန်မာ့သိုင်းလေ့ကျင့်နေကြသော လူငယ်များကို ကျွန်တော်လှမ်းမြင်နေရ၏။ သူတို့လေ့ကျင့်နေကြသည့် တုတ်ရှည်များကိုကြည့်ပြီး ကျောရိုးထဲ၌ စိမ့်ကနဲဖြစ်သွားသည်။



သိုင်းသင်တန်းမှ အကြည့်လွှဲဖယ်လိုက်စဉ် တစ်စုံတစ်ယောက်နှင့် မျက်လုံးချင်းဆုံမိ၏။

ရည်မွန်ကျော်ပင်ဖြစ်လေသည်။

သူမက မြက်ခင်းပြင်ကိုဖြတ်ကာ ကျွန်တော့်ထံသို့ ခပ်သွက်သွက်လျှောက်လာ၏။ သူမ၏လက်ထဲတွင် တုတ်ရှည်တစ်ချောင်းကို ဝှေ့ယမ်းကိုင်ဆောင်လာသည်။

တစ်စုံတစ်ရာကို သံမိဍာန်ချထားသည့်ပုံက သူမမျက်နှာပေါ်တွင် အထင်းသားပေါ်လွင်နေ၏။

"လင်းသန့် . . . ဟဲ့ လင်းသန့် . . . နေဦး"

သူမကလက်ဝှေ့ယမ်းပြရင်း ကျွန်တော့်ကိုခေါ်လိုက်၏။

ရည်မွန်ကျော်က ကျွန်တော့်ခေါင်းကို တုတ်ဖြင့်ရိုက်တော့မည်ဟူသည့် အတွေးက အလိုလိုဖျတ်ကနဲပေါ်လာသည်။

"မလုပ်နဲ့"

ကျွန်တော်က ထိတ်လန့်တုန်လှုပ်စွာအော်ဟစ်ရင်း သူမအား ပါးစပ်အဟောင်းသားဖြင့် ငေးစိုက်ကြည့်နေမိ၏။

"ရည်မွန်ကျော် . . . မလုပ်နဲ့"

ကျွန်တော် အသံကုန်အော်ဟစ်ရင်း တောင်းပန်သော်လည်း မရတော့။

နောက်ကျသွားပြီထင်သည်။

■

www.burmeseclassic.com

## အခန်း (၁၁)

"လင်းသန့် . . . ဟဲ့ လင်းသန့် . . . နေပါဦး"

ရည်မွန်ကျော်က ကျွန်တော့်ကိုလှမ်းခေါ်လိုက်၏။ သူမ၏မျက်နှာက တစ်စုံတစ်ရာကို စိတ်ပိုင်းဖြတ်ထားသလိုပင်။ သူမက ကျွန်တော့်ကိုခေါ်ရင်း လက်ထဲမှတုတ်ရှည်ကို တစ်ချက်ဝှေ့ယမ်းလိုက်သည်။

ကျွန်တော်၏တစ်ကိုယ်လုံးမှ သွေးများအေးခဲသွားကြသလို ခံစားရသည်။ ကျွန်တော်၏ခြေထောက်များက လမ်းလျှောက်ရမည်ကို ငြင်းဆန်နေသည့်အလား နေရာ၌ပင် တောင့်တောင့်ကြီးရပ်နေမိ၏။

နောက်ဆုံးတွင် ကျွန်တော်က တစ်ချက်မာန်သွင်းအော်ဟစ်ပြီး ထွက်ပြေးရန် အရှိန်ယူလိုက်သည်။ ကျွန်တော် ထိုနေရာမှ အမြန်ပြေးထွက်လာခဲ့၏။

ပြေးထား . . . ပြေး။



မော်တော်ကားလမ်းမများတွင် ယာဉ်အသွားအလာရှုပ်ထွေးနေသော်လည်း ကျွန်တော် ဘာကိုမှဂရုမစိုက်အားဘဲ ကမူးရှူးထိုး ဖြတ်ကူးလာခဲ့မိ၏။ မီးပွိုင့်နီနေသလား စိမ်းနေသလားလည်း ကျွန်တော်မသိတော့။

ပြေးစမ်း . . . အမြန်ပြေးထား . . . ပြေး . . . ပြေး။

ရည်မွန်ကျော်က ဘာဖြစ်နေတာလဲ။ သူမ စိတ်မမှန်သေးရဲ့လား။ သူမက ဘာဖြစ်လို့သည်လိုလုပ်ရတာလဲဆိုသည့် အတွေးများသာ ကျွန်တော့်ခေါင်းထဲတွင် ချာချာလည်နေသည်။

ကျွန်တော်၏ခေါင်းကို တုတ်ဖြင့် အရှိန်ပြင်းစွာပြန်ရိုက်ခံရလျှင် ချွတ်ယွင်းနေသော ကျွန်တော်၏မှတ်ဉာဏ်တွေ ပြန်ကောင်းသွားလိမ့်မည်ဟုများ သူမက ထင်မှတ်ယုံကြည်ထားသလားမသိပါ။

ဟောဟဲ . . . ဟောဟဲ . . . ဟော . . . ဟောဟဲ . . .။

ကျွန်တော်က မောပန်းစွာအသက်ရှူရင်း လမ်းထောင့်ချိုးတစ်ခုကိုချိုးကွေ့လိုက်၏။ ကျွန်တော် နောက်ပြန်လှည့်ကြည့်လိုက်စဉ် ရည်မွန်ကျော်မှာ အခြားလမ်းမတစ်ဖက်၌ကျန်ခဲ့ကြောင်း တွေ့လိုက်ရသည်။ ကျောင်းကားနှစ်စီးက သူမရှေ့မှ ဖြတ်သန်းသွားသည်ကို ရပ်ပြီးစောင့်ဆိုင်းနေ၏။

ကျွန်တော်က ခေါင်းကို ဖျတ်ကနဲငုံ့လိုက်ပြီး ကျောပိုးအိတ်ကိုထောင်ကာ သုတ်ခြေတင်ပြေးလေတော့သည်။

အိမ်သို့ပြန်ရောက်သောအခါ နှလုံးသားက ပြင်းထန်စွာ ခုန်နေသောကြောင့် ရင်ဘတ်ပင်အောင့်လာသည်။ ကျွန်တော်၏ ညာဘက်ချိုစောင်းမှ ဘုသီးကလည်း သွေးတိုးဆောင့်လိုက်တိုင်း တဒုတ်ဒုတ်နှင့်နာကျင်နေ၏။

ပြေး . . . ပြေး . . .။

ကျွန်တော်က အိမ်ထဲသို့ ဟပ်ထိုးလဲကျလုမတတ် အရှိန်ပြင်းပြင်းဝင်ပြီး တံခါးကို ဝုန်းကနဲဆောင့်ပိတ်လိုက်သည်။ တံခါးကို ကျောမှီပြီး အသက်ရှူမှန်အောင် ကြိုးစားနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"အခုအိမ်ထဲဝင်လာတာ လင်းသန့်လား"

မေမေက ညွှန်းခန်းထဲမှနေ၍ လှမ်းအော်ပြီးမေးလိုက်၏။

ပင်ပန်းခဲ့ယဉ်းစွာ အသက်ရှူနေရသည့်ကြားမှ ကျွန်တော်က ပြန်ဖြေရန်ကြိုးစားလိုက်၏။ သို့ရာတွင် မသဲမကွဲအသံတချို့ကသာ ကျွန်တော်၏လည်ချောင်းမှ ခပ်တိုးတိုးထွက်ပေါ်လာသည်။

မေမေက ညွှန်းခန်းတံခါးဝတွင် ဘွားကနဲပေါ်လာ၏။ သူမက မျက်မှောင်ကျုံ့ကာ ကျွန်တော့်ကို အကဲခတ်သလိုစိုက်ကြည့်ရင်း . . .

"သား ဒီနေ့ကျောင်းပြန်တက်ရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ်"

"ကျောင်းမှာ ဘာမှ ပင်ပင်ပန်းပန်းမလုပ်ခဲ့ဘူးမဟုတ်လား၊ ဘာဖြစ်လို့ သားမျက်နှာက သွေးမရှိသလို ဖြူရော်ရော်ဖြစ်နေတာလဲ၊ ကျောင်းမှာ အားကစားတွေဘာတွေ လုပ်လာသေးလား"

"ဒီနေ့ ကျွန်တော်တို့မေဂျာရဲ့ကာယအချိန် မရှိဘူး"

"ဒါဆိုရင် ဘာဖြစ်လို့ သားကိုကြည့်ရတာ အရမ်းမောပန်းတဲ့ပုံစံ ပေါက်နေရတာလဲ"

မေမေက ညွှန်းခန်းတံခါးဝမှနေ၍ ကျွန်တော့်ထံလျှောက်လာရင်း မေးလိုက်သည်။ သူမက ကျွန်တော်၏နဖူးကို လက်ဖြင့်စမ်းသပ်ရင်း . . .

"ဟင် . . . ချွေးစေးတွေလည်းပြန်နေပါလား၊ ချွေးအရမ်းထွက်လွန်းရင် အအေးပတ်တတ်တယ်လို့ သားကို မေမေပြောထားတယ်မဟုတ်လား"

"စိတ်ချပါမေမေရာ၊ သား ဘာမှမဖြစ်ပါဘူး၊ တကယ်ပါ"

ကျွန်တော်က လေသံကို အတတ်နိုင်ဆုံးပုံမှန်ဖြစ်အောင် ကြိုးစားရင်းပြောလိုက်သည်။ ကျွန်တော်၏နဖူးကိုစမ်းနေသော မေမေ၏ လက်အောက်မှရုန်းထွက်ပြီး အိမ်ရှေ့ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်အကဲခတ်လိုက်၏။

ရည်မွန်ကျော်က တုတ်ဖြင့် ခေါင်းကိုရိုက်ရန် အိမ်အထိများ



ထွက်လာသေးသလား။ အိမ်အပြင်ဘက်တွင် ရည်မွန်ကျော်ကို အရိပ်အယောင်မျှပင်မမြင်ရပါ။

"သား ဒီနေ့အဆင်ပြေပါတယ်၊ ဘာမှမဖြစ်ပါဘူး"

ကျွန်တော်၏စိတ်ထဲတွင် ဆေးရုံအကြောင်း မေမေ့အားမေးချင်နေမိသည်။ သို့ရာတွင် ကျွန်တော် ဘာကိုမှပြန်စဉ်းစားမရသည့်ကိစ္စအား မေမေသိသွားမည်ကိုလည်း စိုးရိမ်မိ၏။ ထိုကိစ္စအား မေမေသိသွားလျှင် ကျွန်တော်တို့နှစ်ယောက်လုံး စိတ်အနှောင့်အယှက်ဖြစ်ရသည်သာ အဖတ်တင်လိမ့်မည်။

ထို့ကြောင့် ကျွန်တော်က ဘာကိုမျှမမေးရန် ဆုံးဖြတ်ချက်ချလိုက်သည်။ ကျွန်တော်က အပေါ်ထပ်သို့တက်ရန် ခြေလှမ်းပြင်လိုက်ရင်း . . .

"သား အပေါ်တက်ပြီး စာကျက်လိုက်ဦးမယ်၊ သားအခန်းထဲ ဝင်နေမယ်"

"သား အဆာပြေ မုန့်တွေဘာတွေစားဦးမလား၊ ဗိုက်ထဲမှာ အစာမရှိဘဲ စာမကျက်နဲ့လေ"

"တော်ပါပြီမေမေရာ၊ မစားတော့ပါဘူး"

ကျွန်တော်က ပြောပြောဆိုဆိုနှင့် အပေါ်ထပ်သို့ ကသောကမျောပြေးတက်လာခဲ့သည်။ သို့ရာတွင် အိပ်ခန်းတံခါးဝ၌ ကျွန်တော်၏ခြေလှမ်းများ ရပ်တန့်သွားကြ၏။

ကျွန်တော်၏ကုတင်တွင်ထိုင်နေသော လူငယ်တစ်ယောက်ကို တွေ့လိုက်ရသည့်အတွက် ထိတ်လန့်တုန်လှုပ်စွာ အော်ဟစ်လိုက်မိသည်။

ထိုလူငယ်မှာ ကျွန်တော်နှင့်မတိမ်းမယိမ်းခန့်။ သူ၏ရှည်မျောမျောမျက်နှာပေါ်တွင် လိုင်းတွန့်နေသော ရွှေရောင်ဆံပင်များက ဝဲကျနေသည်။ သူက ဝိုင်းစက်သောမျက်လုံးများဖြင့် ကျွန်တော့်ကို စိုက်ကြည့်နေ၏။ တစ်ပြိုင်နက်တည်းမှာပင် သူ၏မျက်ဝန်းများအဓိ ရှင် လှောင်ပြောင်သရော်လိုမှုနှင့် ကြေကွဲမှုအရိပ်အယောင်များ

www.burmeseclassic.com

www.burmeseclassic.com



ယှက်သန်းနေသည်။ ထိုလူငယ်က အနက်ရောင်ဂျင်းဘောင်းဘီတစ်ထည်နှင့် ဖလံထည်ရှပ်အင်္ကျီ ခပ်နွမ်းနွမ်းတစ်ထည်ကို ဝတ်ဆင်ထား၏။

သူ့ကိုကြည့်ရသည်မှာ ကျွန်တော်နှင့်ဆုံတွေ့ရသည့်အတွက် အံ့အားသင့်ပုံမရချေ။ ကျွန်တော်က အထစ်ထစ်အငေါ့ငေါ့ဖြင့် . . .

"မင်း. . . မင်း ဘယ်သူလဲ၊ ဘာဖြစ်လို့ ဒီအိမ်ထဲရောက်နေရတာလဲ"

"ငါပါကွ. . . ဒီမွန်းပါ၊ ငါက မင်းတို့ရဲ့မြေအောက်ခန်းထဲမှာနေတာလေကွာ"

"ဟင်"

■

## အခန်း (၁၂)

ကျွန်တော် ဘာပြောရမှန်းမသိဘဲ မှင်သက်ငေးမောနေ၏။ ကျွန်တော်၏စိတ်ထဲတွင် ဗလာဟင်းလင်းကြီးဖြစ်နေသည်။

ရုတ်တရက် ကျွန်တော်၏ဒူးများက ခွေညွတ်လဲကျမတတ်တုန်ယင်လာကြသည်။ ကျွန်တော်က လဲပြိုကျမသွားအောင် တံခါးဘောင်အား ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ပြီး အားပြုမှီတွယ်ထားရသည်။

ကောက်ကျစ်စဉ်းလဲသောအပြုံးတစ်ခုက ဒီမွန်း၏မျက်နှာပေါ်တွင် တွဲလဲခိုလာသည်။ သူ၏ အနက်ရောင်မျက်ဝန်းများကလည်း တလက်လက်တောက်ပလာကြ၏။ သူက . . .

"လာပါကွ၊ ငါတို့ တစ်ယောက်အကြောင်းတစ်ယောက် သိထားသင့်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းက ငါ့ကို တွေ့အောင်လာရှာရမယ့်သူကိုး"

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် ကျွန်တော်က တံတွေးတစ်ချက်ကို ခက်ခက်ခဲခဲမျို့ချလိုက်၏။ ကျွန်တော်က အချိန်အတန်ကြာအောင် ဘောက်ရုပ်တစ်ရုပ်လို တောင့်တောင့်ကြီးရပ်နေမိသည်။ ပြီးမှ အသံကုန်အော်ဟစ်လိုက်၏။

"မဖြစ်ဘူး. . . မဖြစ်နိုင်ဘူး"

"ဒုန်း"

ကျွန်တော်က အော်ဟစ်ရင်း အိပ်ခန်းတံခါးကို ဝုန်းကနဲ ဆောင့်ပိတ်လိုက်သည်။ တံခါးလက်ကိုင်ဘုတွင် အိပ်ခန်းတံခါးသော့ က အဆင်သင့်ရှိနေ၏။

"ချောက်"

ထိုတံခါးသော့ကိုလှည့်ပြီးပိတ်လိုက်စဉ် ကျွန်တော်၏လက်များ က တဆတ်ဆတ်တုန်ယင်နေသည်။

ဘုရား. . . ဘုရား. . . ။

သော့ခတ်ပြီးနောက် ကျွန်တော် တံခါးကျက်ကျမကျ သေချာ စစ်ဆေးလိုက်၏။

ဟုတ်ပြီ။ ယခု ကျွန်တော် ဒီမွန်းကို အိပ်ခန်းထဲ၌ သော့ ခတ်ထားနိုင်ခဲ့ပြီ။ သူ ကျွန်တော်၏အိပ်ခန်းထဲတွင် ပိတ်မိနေပြီဖြစ် သည်။

မေမေက ဒီမွန်းအား မျက်ဝါးထင်ထင်တွေ့မြင်ရပေတော့ မည်။ သို့မှသာ ကျွန်တော်၏စကားကို မေမေ ယုံကြည်လက်ခံလာ မည်ဖြစ်၏။

"မေမေ. . . အပေါ်အမြန်တက်ခဲ့၊ အရေးကြီးတယ်"

မေမေပြန်ဖြေသည့်အသံကို မကြားရချေ။

ဒုက္ခပဲ၊ မေမေ အပြင်ထွက်သွားပြီလားမသိ။

မဖြစ်နိုင်ပါ။ သည်အချိန်ဆိုလျှင် ညနေစာစားရန်အတွက် မီး ဖိုချောင်ထဲတွင် မေမေ ဟင်းချက်နေပေလိမ့်မည်။

တံခါးကိုသေချာသော့ခတ်ထားရဲ့လားဟု ကျွန်တော် နောက် [illegible]ကြိမ် ထပ်မံစစ်ဆေးလိုက်ပြန်၏။ ထို့နောက် ကျွန်တော်က မမေ့အားအော်ခေါ်ရင်း အောက်ထပ်သို့ပြေးဆင်းလာလိုက်သည်။



"လင်းသန့်. . . ရေးကြီးသုတ်ပျာနဲ့ ဘာတွေဖြစ်လာတာလဲ"

ကျွန်တော်၏ခေါ်သံကြောင့် မေမေက အခွံနွှာလက်စကြက် သွန်နီတစ်လုံးနှင့် ဓားတစ်ချောင်းကိုကိုင်ပြီး ပျာယီးပျာယာနှင့် ပြေး ထွက်လာ[illegible]လိုက်၏။

"မေမေ. . . လာ အပေါ်ထပ်ကိုမြန်မြန်တက်ခဲ့၊ ဟိုကောင် ကို သားဖမ်းမိထားပြီ၊ သူ အခု သားရဲ့အခန်းထဲမှာပိတ်မိနေတယ်"

"ဘယ်သူ့ကိုဖမ်းမိထားတာလဲ၊ သားရဲ့အခန်းထဲမှာ ဘယ် သူရောက်နေတာလဲ"

"ဒီမွန်းလေမေမေရာ၊ သားတို့ရဲ့မြေအောက်ခန်းထဲမှာ နေ ခဲ့တယ်ဆိုတဲ့သူလေ"

ကျွန်တော်က မေမေ့ကို လက်မောင်းမှကိုင်၍ အတင်းဆွဲ ခေါ်ပြီး အလောတကြီးပြောလိုက်၏။

"လင်းသန့်. . . နေပါဦး၊ ဒီကိစ္စကို အစပြန်ဖော်လာပြန်ပြီ လား အဲဒီလို အဓိပ္ပါယ်မရှိတာတွေ သားလျှောက်ပြောတာ မေမေ ဘယ်လောက်စိတ်ပူရသလဲသိလား"

မေမေက သူမ၏လက်မောင်းကို ကျွန်တော်ဆုပ်ကိုင်ထားရာ မှ ရုန်းထွက်ရင်း စိုးရိမ်ပူပန်သည့်လေသံဖြင့် ပြောလိုက်သည်။

"သားရူးနေတာမဟုတ်ဘူး မေမေ"

ကျွန်တော်ကအော်ဟစ်ရင်း မေမေ၏လက်မောင်းကို ထပ်ဆွဲ လိုက်ပြန်၏။ ကြက်သွန်ဥက မေမေ၏လက်ထဲမှလွတ်ကျပြီး ကြမ်း ပြင်ပေါ်သို့လိမ့်သွားသည်။

"မေမေ့ကို အတင်းဆွဲခေါ်မနေနဲ့၊ မေမေလိုက်ကြည့်မယ်၊ သားရဲ့အပြုအမူတွေက တော်တော်ထူးဆန်းနေတယ် လင်းသန့်၊ ဒေါက်တာရဲ့မြင့်ကလည်း သား ထူးထူးခြားခြားတွေဖြစ်နေရင် သူ့ကို ချက်ချင်းဖုန်းဆက်ပြီးခေါ်လို့ မေမေ့ကိုမှာထားတယ်

www.burmeseclassic.com



ပြီးတော့. . ."

"မေမေ ဘာမှမပြောနဲ့ဦး၊ သားနဲ့ အပေါ်ထပ်ကိုသာ ခဏ လောက်လိုက်ခဲ့၊ သူ့ကို အခု သားရဲ့အခန်းထဲမှာ သော့ပိတ်ထား တယ်၊ ဒီမွန်းကို မေမေ့မျက်စိနဲ့ တပ်အပ်မြင်ရရင် သားမရူးဘူးဆို တာ မေမေသိလိမ့်မယ်"

ကျွန်တော်က မေမေ့ကို တောင်းပန်တိုးလျှိုးသည့်အသံဖြင့် ပြောလိုက်၏။ မေမေက စိတ်ပျက်လက်ပျက်နှင့် တစ်ချက်ညည်းည လိုက်သော်လည်း ကျွန်တော်နှင့်အတူ အပေါ်ထပ်သို့လိုက်လာသည်။

ကျွန်တော်က အခန်းရှေ့တွင်ရပ်ပြီး သော့ဖွင့်ရန် လက်လှမ်း လိုက်သည်။ စိတ်လှုပ်ရှားမှုကြောင့် ကျွန်တော်၏နှလုံးသားက ပြင်း ထန်စွာခုန်နေ၏။ ကျွန်တော့်ရင်ဘတ်တစ်ခုလုံး ပွင့်ထွက်ကုန်ပြီလား ဟု ထင်မှတ်ရသည်။ ကျွန်တော်၏ဦးခေါင်းမှာလည်း တဒုတ်ဒုတ်နှင့် သွေးတိုးစပြုလာသည်။

ကျွန်တော်က သော့ကိုလှည့်ဖွင့်ပြီး အိပ်ခန်းတံခါးကို တွန်း ဖွင့်လိုက်သည်။

"ကဲ. . . တွေ့ပြီလား"

ကျွန်တော်က ကုတင်ဆီသို့ မေမေ့ကိုညွှန်ပြရင်း ပြောလိုက် လေသည်။

"ဟင်"

■

## အခန်း (၁၃)

အံ့အားသင့်စွာ ရေရွတ်လိုက်ကြသည့် ကျွန်တော်နှင့် မေမေ၏ [illegible]တ ပြိုင်တူထွက်ပေါ်လာသည်။

ကုတင်ပေါ်တွင်ထိုင်ကာ ကျွန်တော်တို့ကို ငေးစိုက်ကြည့်နေ [illegible] နွေးကလေးဂျမ်ဘိုကို တွေ့လိုက်ရသောကြောင့်ပင်။ ဂျမ်ဘိုက [illegible]တော်နှင့် မေမေ့ကို တွေ့သောအခါ အမြီးလေးတနန့်နန့်နှင့် [illegible] ထမ်းပြနေ၏။

မေမေက ကျွန်တော့်ပုခုံးတစ်ဖက်ပေါ် လက်တင်ပြီး အမိန့် [illegible]န်ဆန်ဖြင့် . . .

"အိပ်ရာပေါ်မှာ သွားလှဲနေချည်တော့ လင်းသန့်၊ သားကို [illegible]ည်ဖို့ မေမေ ဆရာဝန်ခေါ်လိုက်ဦးမယ်"

"နေပါဦး မေမေ. . . ခဏလေးစောင့်ကြည့်ပါဦး"

ကျွန်တော်က မေမေ၏လက်အောက်မှ လွတ်အောင်ရုန်းထွက်

www.burmeseclassic.com

ရင်း ပြောလိုက်၏။

ကြမ်းပြင်ပေါ်တွင်ဒူးထောက်ပြီး ကုတင်အောက်သို့ ကျွန်တော် ငုံ့ကြည့်ရင်း အော်ခေါ်လိုက်သည်။

''ဒီမွန်း. . . မင်း ဘယ်ရောက်သွားတာလဲ''

ဒီမွန်းကို ဘယ်နေရာမှာမှ မမြင်ရတော့ချေ။

ကျွန်တော်က မတ်တတ်ပြန်ရပ်လိုက်ပြီး အခန်းထဲ၌ ဟိုဟိုဒီဒီ ကြည့်ရင်း လိုက်ရှာနေမိ၏။ အဝတ်ဗီရိုကိုလည်း ဆွဲဖွင့်ကြည့်မိသည်။

''ဒီမွန်း. . . ရှိလား'

သူ. . . မရှိတော့ပါ။ အခန်းပတ်ပတ်လည်သို့ ကျွန်တော် ချာချာ နဲ လှည့်ကြည့်လိုက်သည်။ သူ ဘယ်နေရာမှာ သွားပုန်းနေတာပါလိမ့်။

ခွေးကလေးဂျမ်ဘိုကတော့ ကုတင်ပေါ်မှ ခုန်ဆင်းကာ ကျွန် တော့်အခန်းထဲမှ ထွက်ခွာသွား၏။ မေမေက ဂျမ်ဘိုကိုကြည့်ရင်း

''အပြစ်မရှိတဲ့ခွေးကို အိပ်ခန်းထဲမှာ ဒီလိုမျိုးပိတ်လှောင်ထား ဖို့မကောင်းဘူး. . . သား''

''သား. . . ဂျမ်ဘို့ကို အခန်းထဲမှာ သော့ပိတ်ထားခဲ့တာမဟုတ် ဘူး။ ဒီမွန်းကိုပဲ သော့ခတ်ပြီးပိတ်ထားခဲ့တာ''

ကျွန်တော်၏စကားအဆုံးတွင် မေမေက သနားသလိုမျိုး 'ကျွတ်ကျွတ်' ဟု စုတ်သပ်လိုက်၏။

''သား. . . မကြာခင် ပြန်ကောင်းသွားမှာပါ. . . တကယ် ပြန် ကောင်းသွားမှာပါကွယ်''

မေမေ၏စကားသံက တုန်ယင်နေလေသည်။

သို့ရာတွင် မေမေ တကယ်ပြောချင်သည့် အဓိပ္ပာယ်ကို ကျွန် တော် စိတ်ကူးပုံဖော်ကြည့်၍ ရပါသည်။

'ခေါင်းကိုတုတ်နဲ့ အရိုက်ခံလိုက်ရတာနဲ့ ငါ့သားလည်း အရူး လုံးလုံးဖြစ်သွားပါပြီလား' ဆိုသည့် အဓိပ္ပာယ်မျိုးကို မေမေက ဆို လိုခြင်းသာဖြစ်သည်။

ကျွန်တော်က သက်ပြင်းတစ်ချက်ချလိုက်ပြီး ထပ်မံရှင်းပြ



ဟန်ပြင်လိုက်ရင်း မေမေ

''မေမေ. . . ဂျမ်ဘိုက ဘယ်လိုဖြစ်ပြီး ဒီအခန်းထဲရောက်နေ မှန်း သား မသိဘူး။ ဒါပေမဲ့ ဒီမွန်းဆိုတဲ့လူကို သား ဒီအခန်းထဲ မှာ သော့ခတ်ပိတ်ပြီးထားခဲ့တာတော့ လုံးဝကျိန်းသေတယ်။ သားဖက် က မှားစရာမရှိဘူး''

''အင်းပါ. . . မေမေ. . . ဒေါက်တာရဲမြင့်ဆီကို ဖုန်းခေါ်လိုက် ဦးမယ်။ ဘာပဲဖြစ်ဖြစ် သား စိတ်အေးလက်အေးသာနေပါ။ မကြာခင် အရာအားလုံး အကောင်းအတိုင်းပြန်ဖြစ်သွားမှာပါ''

မေမေက ပြောပြောဆိုဆိုဖြင့် အိပ်ခန်းထဲမှ ကသောကမျော ထွက်ခွာသွား၏။

'အရာအားလုံး အကောင်းအတိုင်း ပြန်ဖြစ်သွားမှာပါ' တဲ့။

မေမေ ပြောခဲ့သောစကားလုံးများကို ကျွန်တော်၏စိတ်ထဲတွင် အကြိမ်ကြိမ် ပြန်လည်ကြားယောင်နေမိသည်။

ဒီတစ်ခါလည်း မေမေမှားပြန်ပြီထင်ပါရဲ့. . .။

* * *

ဒေါက်တာရဲမြင့်၏ဆေးခန်းကို အပြာရောင်နှင့် အစိမ်းရောင် တို့ ခြယ်သထား၏။ နံရံတစ်ဖက်တွင်ကပ်ထားသည့် ရောမငါးမှန်ကန် ကြီးအတွင်း၌ အောက်စီဂျင်ပူစီဖောင်းလေးများက ပလုံစီထလျက်ရှိ သည်။

အပြာရောင်နှင့် အစိမ်းရောင်ကုလားထိုင်များ၊ ကော်ဇောများ နှင့် နံရံများက ကျွန်တော့်ကိုလည်း ငါးကန်ထဲ၌ ကူးခတ်နေရသလို ခံစားမိစေသည်။

မေမေက ကျွန်တော့်အတွက် စားပွဲခုံနောက်တွင်ထိုင်နေသည့် [illegible]ထဲတွင် စာရင်းပေးလိုက်၏။ ထို့နောက် နံရံတွင် မှီထားသော [illegible]တစ်ခုံရှည်ပေါ်တွင်ထိုင်ကာ စောင့်ဆိုင်းနေမိကြသည်။

www.burmeseclassic.com



ကျွန်တော်တို့ရှေ့မှ ပလက်စတစ်ခုံတန်းရှည်ပေါ်တွင် ကောင်မလေးတစ်ယောက်နှင့် သူ့အဖေတို့ ထိုင်နေကြ၏။ ထိုကလေးမလေးမှာ အသက်ခုနစ်နှစ် ရှစ်နှစ်ခန့်သာရှိသေးသည်။ သူမမှာ အချိန်တိုင်းလိုလိုပင် ကျယ်လောင်စွာကြို့ထိုးနေတတ်၏။ ကြို့တစ်ချက်ထိုးလိုက်တိုင်း သူမ၏တစ်ကိုယ်လုံး ယိမ်းထိုးတုန်ယင်သွားသည်။

"အဲ့ဒါ ကျွန်တော့်သမီးလေး။ သူ အခုလိုကြို့ထိုးနေတာ နှစ်ပတ်လောက်ရှိပြီ"

ထိုကောင်မလေး၏အဖေက ခေါင်းကို စိတ်ပျက်သလို ခါယမ်းရင်း ကျွန်တော်တို့အား လှမ်းပြောလိုက်၏။

"အဖေကလည်း သမီးကြို့ထိုးတာ နှစ်ပတ်မပြည့်သေးပါဘူး"

ကောင်မလေးက သူမ၏အဖေအား စိတ်ဆိုးမာန်ဆိုးဖြင့် ပြန်ပြောလိုက်သည်။

"ကလေးကို ကြက်ဥတွေသိပ်မစားစေနဲ့ရှင့်။ ကြက်ဥတွေအလွန်အကျွံစားရင် ကြို့ထိုးတတ်တယ်"

မေမေက ကောင်မလေး၏အဖေအား ပြောလိုက်ခြင်းဖြစ်သည်။ ထိုစကားကြောင့် ကောင်မလေး၏ဖခင်က မေမေ့အား အထူးအဆန်းတစ်ခုလို ငေးစိုက်ကြည့်နေ၏။ မေမေက ဆက်ပြီး

"ကြက်ဥအကာတွေစားရင် ပိုပြီးဖြစ်တတ်တယ်၊ ကြက်ဥအကာတွေက တော်တော်နဲ့ အစာမကျေဘူး"

ထိုလူကြီးက မေမေ့အားထပ်ပြီး စိုက်ကြည့်လိုက်ပြန်သည်။ နောက်ဆုံးတွင် သူ့ဘာသာ မကြားတကြား ရေရွတ်သလိုမျိုး ခပ်တိုးတိုးပြောလိုက်၏။

"ကြက်ဥတွေကြောင့် ကြို့ထိုးတာတော့ ဟုတ်မယ်မထင်ပါဘူးဗျာ"

ကလေးမလေးက ကြို့တစ်ချက်ထိုးလိုက်ဟန် တစ်ကိုယ်လုံးတုန်ခါသွားပြန်သည်။

ငါးကန်ထဲတွင် အောက်စီဂျင်ပူဖေါင်းကလေးများ ပလုံစီတက်



လာကြ၏။

ထိုကလေးမလေးက ထပ်မံ၍ ကြို့ထိုးလိုက်ပြန်သည်။

သူမ၏ အဆက်မပြတ် ကြို့ထိုးနေသံကြောင့် ကျွန်တော် ရှုးချင်ချင်ဖြစ်လာ၏။ အိမ်ပြန်ချင်စိတ်လည်းပေါက်လာမိသည်။ ထို့ကြောင့် ကျွန်တော်က ဘေးတွင်မဂ္ဂဇင်းထိုင်ဖတ်နေသော မေမေ့ဘက်သို့လှည့်ပြီး တောင်းတောင်းပန်ပန်ဖြင့် ပြောလိုက်၏။

"အိမ်ပြန်ကြရအောင် မေမေရာ. . . သား နေကောင်းပါပြီ"

"မဖြစ်ဘူး၊ ဒေါက်တာရဲမြင့်က သားကို စမ်းသပ်ကြည့်ဖို့ တွေ့ချင်နေတာ။ ခေါင်းကို ပြင်းပြင်းထန်ထန် ထိခိုက်မိတယ်ဆိုတာ အရမ်းအန္တရာယ်ကြီးတယ်။ ပြီးတော့ သားမှာလည်း ဒဿကိရိလို ခေါင်းသယ်လုံးရှိတာမဟုတ်ဘူး"

မေမေက ခေါင်းကိုခါယမ်းရင်းငြင်းလိုက်သည်။

ထိုစဉ် ရှေ့မှကောင်မလေးက ကြို့ထိုးလိုက်ပြန်၏။

"ကြို့မထိုးအောင် အသက်ကိုအောင့်ထားလေ"

သူမ၏အဖေက ကောင်မလေးအား ပြောလိုက်သည်။

"ဖေဖေပြောသလို ကြို့မထိုးအောင် အသက်အောင့်ထားတာ ဆယ်ရက်လောက်ရှိပြီ။ အသက်အောင့်ရလွန်းလို့ ကြာရင် ကြို့ထိုးတာမပျောက်ဘဲ အသက်ပျောက်သွားမှာတောင်ကြောက်ရတယ်"

ထိုကောင်မလေးက စိတ်မရှည်သည့်အသံဖြင့် ညည်းတွားလိုက်၏။

ကြို့ထိုးသံအခါသုံးရာခန့်ကို သည်းခံနားထောင်ရပြီးနောက် သူနာပြုဆရာမတစ်ယောက်က မေမေနှင့် ကျွန်တော့်အား ဒေါက်တာရဲမြင့်၏ ဆေးကုသခန်းအတွင်းသို့ခေါ်ဆောင်သွားသည်။ အထဲသို့ ကျွန်တော်ဝင်သွားသောအခါ ထိုအခန်းမှာလည်း အပြာရောင်နှင့် အစိမ်းရောင်မှုသာ ခြယ်သထားကြောင်း တွေ့လိုက်ရ၏။

ဒေါက်တာရဲမြင့်မှာ သဘောကောင်းပြီး ပျော်ပျော်နေတတ်သည့် လူကြီးတစ်ယောက်ဖြစ်သည်။ သူ၏ပုံသဏ္ဌာန်မှာ မျက်နှာဝိုင်းဝိုင်း

www.burmeseclassic.com

www.burmeseclassic.com



နဖူးပြောင်ပြောင်နှင့်ဖြစ်ပြီး ခွဲစိတ်ခန်းဝတ်စုံအစိမ်းရောင်ကို ဆင်မြန်းထားသည်။

ဒေါက်တာရဲမြင့်က နေရာမှထလာပြီး ကျွန်တော့်ကို ဖက်လဲတကင်း ကြိုဆိုသည်။ သူက ကျွန်တော့်လက်ကောက်ဝတ်ကို ဆွဲကိုင်ပြီး သွေးခုန်နှုန်းစမ်းကြည့်လိုက်၏။ ထို့နောက် သူက ကျွန်တော်၏ မျက်ခွံများကို လှန်ကြည့်ပြီး မျက်လုံးများကို စစ်ဆေးကြည့်ရှုလိုက်သည်။

"အင်း. . . အခြေအနေကတော့ ပုံမှန်အတိုင်းပါပဲ"

ဒေါက်တာရဲမြင့်က ခပ်တိုးတိုး ရေရွတ်လိုက်၏။ သူက ကျွန်တော်၏ ညာဘက်ချိုင်းမှ ဘုသီးကြီးကို လက်ဖြင့် အသာအယာ ဖိကြည့်ရင်း

"လက်နဲ့ဖိလိုက်တော့ နာသလား လင်းသန့်"

"နည်းနည်းတော့နာတယ်"

"သူ့ခေါင်းက ဒဏ်ရာက ပြန်ကျက်သွားပါပြီ။ စမ်းသပ်ကြည့်ရတာကတော့ အားလုံးအိုကေပါတယ်"

ဒေါက်တာရဲမြင့်က မေမေ့ဘက်သို့လှည့်ပြီးပြောလိုက်၏။ တစ်ဆက်တည်းမှာပင် ကျွန်တော့်ဘက်သို့ ပြန်လှည့်ရင်း မေးလိုက်သည်။

"အခု ဘယ်လိုအခက်အခဲတွေ ကြုံနေရလို့လဲ လင်းသန့်"

ဒေါက်တာရဲမြင့်အား ဒီမွန်း၏အကြောင်းကို ပြောပြလိုက်ရလျှင် ကောင်းမလားဟု ကျွန်တော် ချီတုံချတုံနှင့် စဉ်းစားနေမိ၏။ ပြောလိုက်လျှင် သူကလည်း ကျွန်တော့်ကို အရူးလို့ထင်သွားဦးမှာလား။ တော်ကြာ ကျွန်တော့်ကို ဆေးရုံ သို့မဟုတ် တစ်နေရာရာသို့ ပို့လိုက လျှင် မည်သို့လုပ်ရပါ့. . .။

ဆေးရုံတက်ခဲ့ရသည့်ကိစ္စနှင့် ပတ်သက်ပြီး ဘာတစ်ခုမှ ပြန်မမှတ်မိတော့သည့်အကြောင်း ကျွန်တော် သူ့ကို ပြောသင့်သလား။

အတွေးများဖြင့် လုံးထွေးရစ်ပတ်နေစဉ် ဒေါက်တာရဲမြင့်ကတော့ ကျွန်တော့်ထံမှ ထွက်ပေါ်လာမည့်စကားကို စိတ်ရှည်လက်ရှည်ဖြင့် စောင့်ဆိုင်းနေသည်။



နောက်ဆုံးတွင် ဒေါက်တာရဲမြင့်အား အဖြစ်အပျက်အလုံးစုံကို မကွယ်မဝှက်တမ်း ပြောပြလိုက်တော့မည်ဟု ကျွန်တော် ဆုံးဖြတ်ချက်ချလိုက်၏။ သူက ဆရာဝန်ဆိုတော့ ကျွန်တော့်ကို နားလည်မှုတစ်စုံတစ်ရာ ပေးနိုင်ပေလိမ့်မည်။

ထို့ကြောင့် ကျွန်တော်က သူ့အား ဆေးရုံမှအဖြစ်အပျက်များအား မမှတ်မိတော့သည့်ကိစ္စအားလည်းကောင်း၊ ကျွန်တော်တို့၏ မြေအောက်ခန်းထဲတွင် နေထိုင်သည်ဆိုသည့် ဒီမွန်း၏အကြောင်းအားလည်းကောင်း ပြောပြလိုက်သည်။ ဒီမွန်းအား ကျွန်တော် တကယ်ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်ဟု အသေအချာပြောပြလိုက်၏။ ထို့အပြင် ဒီမွန်းကို ကျွန်တော်၏အခန်းထဲ၌ သော့ခတ်ထားခဲ့ပုံနှင့် မေမေနှင့် ပြန်သွားကြည့်သည့်အခါ ခွေးကလေးဂျမ်ဘိုကိုသာ တွေ့ရှိလိုက်ရပုံတို့ကိုလည်း ပြောပြလိုက်သေးသည်။

ကျွန်တော်၏အဖြစ်အပျက်အလုံးစုံကို ဒေါက်တာရဲမြင့်အား ပြောပြပြီးသောအခါ စိတ်လက်ပေါ့ပါးသွားသလို ခံစားလိုက်ရ၏။

ဒေါက်တာရဲမြင့်ကတော့ စားပွဲခုံနောက်တွင်ထိုင်ပြီး ကျွန်တော်၏မျက်လုံးကို မျက်တောင်မခတ်တမ်းစိုက်ကြည့်ရင်း နားထောင်နေသည်။ စကားဆုံးသည်အထိ တစ်လုံးတစ်ပါဒမျှ ဝင်ရောက်ပြောဆိုခြင်းမရှိချေ။

ကျွန်တော့်စကား ဆုံးသောအခါ သူက ကိုယ်ကိုရှေ့သို့ငုံ့ကိုင်းပြီး သက်ပြင်းချရင်း. . .

"ဒါဆို မောင်လင်းသန့်ရဲ့အခြေအနေက သိပ်မဆိုးပါဘူး"

"အခုလိုကြားရတာ ဝမ်းသာလိုက်တာရှင်"

မေမေက ဝမ်းသာအားရဖြင့် ပြောလိုက်၏။

ဒေါက်တာရဲမြင့်က သူ၏ ထိပ်ပြောင်ပြောင်ကို လက်ဖြင့် သပ်ချက်ပွတ်သပ်ရင်း . . .

"ဒါပေမဲ့ အခြေအနေအားလုံး အကောင်းအတိုင်းပြန်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သွားပြီဆိုတဲ့ အကြောင်းကို ကျွန်တော် ဘယ်လိုသက်သေပြချင်သလဲဆိုတာ ခင်ဗျားတို့သိကြရဲ့လား''

''ဆရာက ဘယ်လိုလုပ်ချင်လို့လဲ''

ကျွန်တော်နှင့်မေမေက ပြိုင်တူ လှမ်းကာမေးလိုက်ကြသည်။ ဒေါက်တာရဲမြင့်က . . .

''မောင်လင်းသန့်ရဲ့ဦးခေါင်းခွံကို ခွဲစိတ်ဖွင့်ကြည့်ပြီး ဦးနှောက်ကို သေသေချာချာစစ်ဆေးကြည့်ရင် ကောင်းမလားလို့ ကျွန်တော် စဉ်းစားနေတာ''

■

BURMESE CLASSIC

## အခန်း (၁၄)

''ဗျာ''

ကျွန်တော်က အထိတ်တလန့်ဖြင့် ရေရွတ်လိုက်၏။ အံ့သြထိတ်လန့်လွန်းသောကြောင့် ထိုင်နေသည့်ကုလားထိုင်ပေါ်မှ ကျွန်တော် မြောက်ကျတော့မလိုပင် ဖြစ်သွားသည်။

''သိပ်စိတ်မပူပါနဲ့ လင်းသန့်၊ ဦးနှောက်ခွဲစိတ်တယ်ဆိုတာ ဆိုးဆိုးဝါးဝါး ကြီးကြီးမားမား ဆောင်ရွက်ရတဲ့ကိစ္စတော့ မဟုတ်ပါဘူး''

ဒေါက်တာရဲမြင့်က ကျွန်တော့်အား အေးဆေးတည်ငြိမ်စွာ ပြုံးရင်း အားပေးနှစ်သိမ့်လိုက်၏။

''ဒါ. . . ဒါပေမဲ့''

ကြောက်စိတ်က ဖိစီးထားသောကြောင့် ကျွန်တော် ရှေ့ဆက် စကားမပြောနိုင်တော့။

''ဦးခေါင်းခွံကိုဖွင့်ပြီး အထဲကဦးနှောက်ကို စစ်ဆေးကြည့်ရုံ

www.burmeseclassic.com

www.burmeseclassic.com



ပါပဲ''

ဒေါက်တာရဲမြင့်က ဆက်ရှင်းပြလိုက်သည်။ သူ့လေသံမှာ ရေအိုးထဲကရေတစ်ခွက် ခပ်သောက်တာများ ဘာခက်လို့လဲဆိုသည့် ပုံစံမျိုး။

''ကျွန်. . . ကျွန်တော်တော့ အဲဒီလောက်လွယ်မယ်မထင်ဘူး''

အကြောက်အကန်ငြင်းဆန်လိုက်သော ကျွန်တော့်စကားကို ဒေါက်တာရဲမြင့်က ပုခုံးတွန့်ရုံသာတွန့်ပြလိုက်သည်။ သူက

''မင်းရဲ့ဦးနှောက်ကို မခွဲစိတ်ဘဲနဲ့ ဆရာ သေသေချာချာ စစ်ဆေးကြည့်လို့ရမှာမဟုတ်ဘူး''

ကျွန်တော်၏နှလုံးသားက ပရမ်းပတာခုန်ပေါက်နေ၏။ လက်များတွင် ချွေးစေးများဖြင့် စွတ်စိုအေးစက်လာသည်။ ဒေါက်တာရဲမြင့် အတည်ပြောနေတာလားသိရအောင် ကျွန်တော်က သူ့မျက်နှာကို သေသေချာချာအကဲခတ်ရင်း . . .

''ဒေါက်တာ ကျွန်တော့်ကို နောက်နေတာမဟုတ်လားဟင်၊ နောက်တာဆိုရင်တောင် ဒီဟာက တော်တော်ကြောက်စရာကောင်းတယ်''

''သား. . . ဆရာဝန်ပြောတာ သေချာနားထောင်စမ်း၊ ဆရာဝန်ဆိုတာ လူနာကို ဘယ်လိုကုသရမလဲနားလည်တယ်၊ ဒေါက်တာပြောသလို သားရဲ့ဦးနှောက်ကို ခွဲစိတ်လိုက်ရင် ပြဿနာတွေ အားလုံးရှင်းသွားလိမ့်မယ်''

ဘဲဥတစ်လုံးကို အစရှာချင်သည်ဆိုလျှင် ယင်းဘဲဥကို ခွဲပစ်ရမည်။ ထိုဆရာဝန်ကလည်း ကျွန်တော့်ဦးခေါင်းကို ဘဲဥတစ်လုံးလိုပင် သဘောထားနေလားမသိပါ။

စားပွဲနောက်တွင်ထိုင်နေသော ဒေါက်တာရဲမြင့်က ကိုယ်ကို ရှေ့သို့ငုံ့ကိုင်းလိုက်ပြန်၏။ လူချင်း လွန်စွာနီးကပ်သွားသဖြင့် သူ၏ နဖူးပြင်ထက်တွင်သီးနေသော ချွေးစက်ချွေးဥကလေးများကိုပင် ကျွန်



တော် အထင်းသားတွေမြင်နေရသည်။

''ခေါင်းကိုခွဲစိတ်တာ သိပ်မနာပါဘူးကွ''

ဒေါက်တာရဲမြင့်က ကျွန်တော့်အား တောင်းတောင်းပန်ပန် နှင့်ပြောလိုက်၏။

''မေမေ ဒေါက်တာ့ကို သားရဲ့ဦးနှောက်ကို ခွဲစိတ်ခွင့်မပြုဘူးမဟုတ်လား''

ကျွန်တော်က မေမေ့ကို အားကိုးတကြီးဖြင့် စစ်ကူလှမ်းတောင်းလိုက်သည်။ မေမေက ကျွန်တော်၏လက်ကို အားပေးနှစ်သိမ့်သလို ခပ်ဖွဖွပုတ်ရင်း . . .

''ဒေါက်တာဘာလုပ်လုပ် သားကောင်းကျိုးအတွက် လုပ်တာပါကွယ်၊ ဒေါက်တာရဲမြင့်က အရမ်းတော်တဲ့သမားတော်ကြီးပါ၊ သူ့မှာ အတွေ့အကြုံတွေလဲများလှပြီ''

''ဟုတ်တယ်၊ ဆရာခွဲစိတ်ပေးခဲ့တဲ့ဦးနှောက်တွေပုံလိုက်ရင် နှစ်ထပ်တိုက်တစ်လုံးစာလောက် ရှိနေပြီ၊ ကိုယ့်ဂုဏ်ကိုယ်ဖော်တာတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့. . .''

''ဒီအကြောင်းကို မေမေနဲ့ကျွန်တော်နဲ့ အချိန်ယူပြီး တိုင်ပင်လို့ရမလားဟင်၊ ဒါမှမဟုတ် မနက်ဖြန်မှ ကျွန်တော်တို့ တစ်ခေါက်ထပ်လာမယ်လေ၊ ကျွန်တော် နေကောင်းပါတယ်၊ တကယ်ပြောတာပါဗျာ၊ မလိမ်ပါဘူး၊ ဘုရားစူးရစေရဲ့''

ကျွန်တော်က အချိန်ဆွဲလို့ရလည်းမနည်းဘူးဟု သဘောထားကာ တောင်းပန်လိုက်၏။ ဒေါက်တာရဲမြင့်က သူ၏ထိပ်ပြောင်ပြောင်ကို ထပ်ပြီးပွတ်လိုက်ရင်း မေမေ့ဘက်သို့လှည့်ပြီး. . .

''မောင်လင်းသန့်ပြောတဲ့အကြံ မဆိုးဘူး၊ မနက်ဖြန် ကျွန်တော့်ဆေးခန်းကို ဖုန်းဆက်လိုက်ပါလားဗျာ၊ ခွဲစိတ်မယ့်ရက်ကို ပြန်ပြီး သတ်မှတ်ပေးချင်လို့ပါ''

ဦးနှောက်ခွဲစိတ်မည်ဆိုသည့်အသံ ကြားရုံဖြင့်ပင် ကျွန်တော့် ခေါင်းထဲ၌ စိမ့်ကနဲဖြစ်သွား၏။ ကျွန်တော်က ထိုင်နေရာမှ အလန့်

www.burmeseclassic.com



တကြားနှန်ထပြီး တံခါးပေါက်ဆီသို့ တစ်ဟုန်ထိုးပြေးထွက်ခဲ့သည်။

မေမေ့ကိုလည်း စောင့်မနေနိုင်တော့။ ဒေါက်တာရဲမြင့်ကိုလည်း နှုတ်မဆက်အားတော့ချေ။ ထိုနေရာမှ လွတ်အောင်ပြေးဖို့ တစ်ခုတည်းသာ ကျွန်တော်၏အာရုံထဲ၌ရှိသည်။

လူနာများစောင့်ဆိုင်းသည့်အခန်းတွင်းသို့ အရောက်တွင် မေမေက ကျွန်တော့်နောက်မှလိုက်လာရင်း ဆူပူလိုက်၏။

"သားအခုလိုလုပ်တာ အရမ်းရိုင်းတာပဲ၊ မေမေမကြိုက်ဘူး"

"ရိုင်းလည်းမတတ်နိုင်ဘူးမေမေရာ၊ သားဦးနှောက်ကိုတော့ ခွဲစိတ်ခွင့်မပေးနိုင်ဘူး"

ကျွန်တော်က မေမေ့ကို စိတ်ဆိုးမာန်ဆိုးပြန်ပြောရင်း ဆေးခန်းတံခါးဝဆီသို့ လျှောက်လာခဲ့သည်။ ကြို့ထိုးနေသော ကလေးမလေးရှေ့မှဖြတ်လာစဉ် ကျွန်တော် သူတို့သားအဖကိုတော့ နှုတ်ဆက်ခဲ့သေးသည်။

"အော့. . . အော့. . . အော့"

ထိုကောင်မလေးက ကြို့ထိုးနေရာမှ ပြန်နှုတ်ဆက်လိုက်၏။ ကျွန်တော့်စိတ်ထင် သူမ၏အခြေအနေက ပိုဆိုးလာသလိုပင်။

"ဆရာဝန်ဆိုတာ ရောဂါအကြောင်း ကိုယ့်ထက်နားလည်တယ်ကွယ့်"

မေမေက ကားရပ်ထားသည့်နေရာသို့ ကျွန်တော့်နောက်မှ ကသောကမျောလိုက်လာရင်း လှမ်းပြောလိုက်သည်။

"ဟုတ်ပါတယ်၊ အဲဒီ တချို့ဆရာဝန်တွေလက်ချက်နဲ့ အသက်ပျောက်ရတဲ့လူတွေလည်း မနည်းတော့ဘူး။ သားရဲ့ဦးနှောက် အကောင်းပကတိ ပြန်ဖြစ်သွားပါပြီမေမေ၊ ဒီမွန်းဆိုတဲ့လူကို ကျွန်တော် နောက်ထပ်မြင်တယ်လည်း မပြောတော့ဘူး၊ ကြားတယ်လည်း မပြောတော့ဘူး၊ ဒီမွန်းဆိုတာ ကျွန်တော့်ဘဝမှာ မရှိတော့ဘူးလို့သာ မှတ်လိုက်ပါတော့မေမေရာ"

ကျွန်တော်က ကားထဲဝင်ထိုင်ပြီး လက်နှစ်ဖက်ကိုပိုက်

BURMESE CLASSIC



(သွားများစေ့ထားသောလေသံဖြင့်) ကတိပေးလိုက်၏။

သို့ရာတွင် အချို့ကိစ္စများသည် ကျွန်တော်တို့မျှော်လင့်ထားသည့်အတိုင်း ဖြစ်မလာကြသည်မှာ ဝမ်းနည်းစရာကောင်းလှပါသည်။

■

www.burmeseclassic.com

## အခန်း (၁၅)

မေမေက ကျွန်တော့်ဦးနှောက်အား ခွဲစိတ်ရမည့်ကိစ္စအတွက် စိုးရိမ်ပူပန်ခြင်းမရှိပါ။ ရက်အနည်းငယ်ခန့်စောင့်ကြည့်ပြီး ဘာလုပ်သင့်သလဲဆိုတာ ဆုံးဖြတ်မည်ဟု မေမေက ကျွန်တော့်ကိုပြောသည်။

ဘာပဲဖြစ်ဖြစ် ထိုသို့ဆုံးဖြတ်သည့်အတွက် ကျွန်တော် စိတ်အနည်းငယ် သက်သာရာရမိ၏။

ထိုနေ့ညက ကွန်ပျူတာရှေ့တွင်ထိုင်ပြီး အင်္ဂလိပ်စာဌာနမှူး ဒေါ်သီတာလုပ်နိုင်းထားသော Assignment များကို ကျွန်တော် စာထိုင်ရိုက်နေသည်။ ထို Assignment များထဲတွင် ဌာနမှူးက ကျွန်တော့်တို့၏ အင်္ဂလိပ်စာအရေးအသားတိုးတက်စေရန် အက်ဆေးစာစီစာကုံးဒ်ပါ ထည့်ရေးခိုင်းလိုက်၏။ ထိုအက်ဆေးကို တစ်စုံတစ်ယောက်၏ ရှုထောင့်မှ ဝင်၍ခံစားပြီး ရေးရမည်ဖြစ်သည်။

ခွေးကလေးဂျမ်ဘို၏ တစ်နေ့တာအကြောင်း ရေးရန် ကျွန်



တော် ဆုံးဖြတ်လိုက်၏။ ခွေးတစ်ကောင်၏ စိတ်ထဲသို့ဝင်၍ ခံစားကြည့်ရသည်မှာ တော်တော် ရယ်စရာကောင်းသည့်ကိစ္စပင် ဖြစ်သည်။

ခွေးတစ်ကောင်တွင် ဉာဏ်ရည်ပြကိန်း တစ်ဆယ်ခန့်သာရှိကြောင်း သိပ္ပံစာအုပ်တစ်အုပ်တွင် ကျွန်တော်ဖတ်ဖူး၏။ ဉာဏ်ရည်အမှတ်တစ်ဆယ်ဆိုသည်မှာ တော်တော်နိမ့်ကျသည့်အမှတ်ပင်ဖြစ်သည်။ ဉာဏ်ရည်အမှတ်တစ်ဆယ်ခန့်နှင့် ကိစ္စတော်တော်များများအား လုပ်နိုင်လိမ့်မည်ဟု သင် ထင်မှတ်ထား၍မရပါ။ ထို့ကြောင့် ဂျမ်ဘိုမှာ အမြဲလိုလို စိတ်ရှုပ်ထွေးပြီး အံ့ဩဝေခွဲ၍မရသောပုံစံမျိုး ပေါက်နေခြင်းပင်။

ထို့ကြောင့်လည်း တစ်ခါတစ်ရံတွင် အမှိုက်ထည့်သည့်အိတ်တစ်လုံးကို ဆယ်မိနစ်ခန့်ကြာသည်အထိ အစိပ္ပါယ်မဲ့စွာ သူ ဟောင်နေခြင်းဖြစ်သည်။

ဂျမ်ဘို၏အကြောင်းအား ကွန်ပျူတာရှေ့တွင်ထိုင်ပြီး စာရိုက်ရသည်ကို ကျွန်တော် ပျော်ရွှင်နေမိသည်။ ကျွန်တော် စာရေးရန်ဝါသနာပါသောသူတစ်ယောက်တော့ မဟုတ်ပါ။ သို့ရာတွင် ကျွန်တော်ယခုရေးနေသော အက်ဆေးကတော့ ရယ်မောပျော်ရွှင်စရာကောင်းသည်ဟု ထင်မှတ်ရ၏။

တယ်လီဖုန်းမြည်လာစဉ် ကျွန်တော် စိတ်ပျက်လက်ပျက်ဖြစ်ချက်ညည်းညူလိုက်ပြီး စာကိုသာ ဆက်ရိုက်နေမိသည်။ မေမေကများ အောက်ထပ်မှ ဖုန်းကိုင်လိုက်လေမလားဟု ကျွန်တော် စောင့်နေမိသေး၏။ သို့ရာတွင် မေမေက ဖုန်းမကိုင်ချေ။

ဒီမွန်းကများ ကျွန်တော့်ဆီ ဖုန်းဆက်ပြန်ပြီလား။

ပထမဆုံး သူဖုန်းခေါ်သည့်နေ့ကို ကျွန်တော် ပြန်အမှတ်ရလာမိသည်။ ကျွန်တော်၏ခေါင်းကို တုတ်ဖြင့်အရိုက်ခံရသောနေ့က ဖြစ်သည်။

ကျွန်တော်၏လက်က တယ်လီဖုန်းကို ဆုပ်ကိုင်လိုက်သည်။ သို့ရာတွင် တယ်လီဖုန်းကို နားမထောင်ဖြစ်သေးချေ။ ကျွန်တော်၏

www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေ ဘာလုပ်ရမှန်းမသိဘဲ ဝေ့ပြားနေ၏။ ကျွန်တော် ဒီမွန်းနှင့် ထပ်ပြီးစကားပြောချင်စိတ်မရှိ။ သူ ကျွန်တော့်ဘဝမှ အပြီးအပိုင် ပျောက်ကွယ်သွားလျှင်ကောင်းမည်။

ခြောက်ကြိမ်ခန့်ဖုန်းမြည်ပြီးသည့်အခါ ဖုန်းခွက်ကိုမပြီး ကျွန်တော် ထူးလိုက်၏။

"ဟဲလို"

"ဟော့. . . လင်းသန့် . . . ငါပါကွ"

ပထမတော့ ကြောက်ရွံ့မှုက ကျွန်တော့်ကျောရိုးတလျှောက် စိမ့်တက်လာသည်။ နောက်မှ ဇော်မိုး၏အသံမှန်း ကျွန်တော်မှတ်မိပြီး ခေါ်လိုက်၏။

"ဇော်မိုး. . . လား၊ အေး. . ပြော. . သူငယ်ချင်း"

"ဟုတ်တယ် လင်းသန့်၊ မင်း နေကောင်းသွားပြီလား သိချင်လို့ ဖုန်းဆက်ကြည့်တာကွ"

"ကောင်းသွားပြီကွ၊ ငါ Assignment ထဲက အက်ဆေးတိုင် ရေးနေတာ"

"ဟုတ်လား၊ ငါလည်း အဲဒါထိုင်ရေးနေတာပဲ၊ ဘယ်သူ့ရဲ့ ရှုထောင့်ကနေ မင်းဝင်ရေးတာလဲ"

"ငါ့ရဲ့ခွေး ဂျမ်ဘိုနေရာကနေ ခံစားပြီးဝင်ရေးတာကွ"

ကျွန်တော့်စကားကြောင့် ဇော်မိုးက တဟားဟားရယ်ရင်း. . .

"ဟားဟား. . . ကောင်းကွာ၊ ငါကတော့ အိမ်မှာမွေးထားတဲ့ ကြောင်အကြောင်း ရေးလိုက်တယ်"

"အင်း. . . ငါတို့ စာသင်ခန်းတစ်ခုလုံးက တိရစ္ဆာန်တွေ အကြောင်းချည်းပဲ ရေးမယ်ဆိုရင်တော့ ရယ်စရာကြီးနေမှာပဲ"

ကျွန်တော်နှင့်ဇော်မိုးမှာ အချိန်အတန်ကြာသည်အထိ တွေ့ရာလေးပါးလျှောက်ပြောရင်း တဝါးဝါးတဟားဟားနှင့် ပွဲကျနေကြသည်။ ဇော်မိုးနှင့်စကားပြောရသည့်အတွက် ကျွန်တော်၏ခံစားမှုများ လန်းဆန်းတက်ကြွလာသည်။



ကျွန်တော်၏စိတ်တွေ ပုံမှန်အနေအထားအတိုင်း ပြန်ဖြစ်လာသလို ခံစားရ၏။

"ဒါပဲနော်သူငယ်ချင်း၊ ငါလည်း အက်ဆေးဆက်ရေးလိုက်ဦးမယ်"

နောက်ထပ် မိနစ်အနည်းငယ်ကြာသောအခါ ကျွန်တော်က ဇော်မိုးအား နှုတ်ဆက်စကားပြောရင်း ဖုန်းချလိုက်သည်။ ထို့နောက် ဧည့်ခန်းလီဖုန်းအနားမှ ကွန်ပျူတာဆီသို့ လျှောက်လာခဲ့၏။

ထိုင်ခုံတွင်ဝင်ထိုင်ရန် ဟန်ပြင်လိုက်စဉ် ကွန်ပျူတာဖန်သားပြင်ကို ဖျတ်ကနဲတွေ့လိုက်ရသဖြင့် ကျွန်တော့်တစ်ကိုယ်လုံး တောင့်ဆင်းသွားသည်။

"ဟင်"

ဒီမွန်း၏မျက်နှာကြီးက ကွန်ပျူတာဖန်သားပြင်မှနေ၍ ကျွန်တော့်အား စိန်းစိန်းကြီးစိုက်ကြည့်နေ၏။

"ဒါ. . . ဒါ. . . မဖြစ်နိုင်ဘူး"

ကျွန်တော် ထိတ်လန့်တုန်လှုပ်စွာဖြင့် လွှတ်ကနဲ အော်လိုက်မိသည်။

ထိုစဉ် သန်မာသောလက်တစ်ဖက်က ကျွန်တော်၏လည်ပင်းကို အနောက်ဘက်မှ ရစ်နှောင်ချုပ်သိုင်းလိုက်၏။ ထို့နောက် ကျွန်တော့်လည်ပင်းကို တင်းကျပ်စွာ ဖျစ်ညှစ်လိုက်လေသည်။

"အား"

"အစ်. . . အစ်"

ကျွန်တော် အသက်ရှူနိုင်အောင် မနည်းကြိုးစားနေရ၏။ လက်တစ်ဖက်က ကျွန်တော့်လည်ပင်းကို တင်းကျပ်စွာရစ်သိုင်းချုပ်နှောင်ထားသည်။ ထိုလက်ကို ကျွန်တော်၏လက်နှစ်ဖက်ဖြင့် အားကုန်သုံး၍ ဆွဲဖယ်စွာလိုက်သည်။

ကျွန်တော် နောက်သို့ ချာကနဲလှည့်ကြည့်လိုက်မိ၏။

မထင်မှတ်ဘဲ ရုပ်မှန်ကျော်ကိုတွေ့လိုက်ရသဖြင့် ဟင်ခနဲ

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ရှုတ်လိုက်မိသည်။

ရည်မွန်ကျော်က ပြုံးစိစိလုပ်ရင်း နောက်သို့ ခြေတစ်လှမ်းဆုတ်သွား၏။

ကျွန်တော်က မကျေမချမ်းဖြင့် . . .

''ဘယ်လိုစိတ်ကူးမျိုးနဲ့ ဒီလိုလုပ်ရတာလဲဟာ''

''ဘာပဲဖြစ်ဖြစ် ရုတ်တရက်ဆိုတော့ နင်လန့်သွားတယ်မဟုတ်လား''

''ဘာကိုစလန့်ရမှာလဲ နောက်ကျောကနေ တိတ်တိတ်ကလေးစနောက်တာလောက်ကတော့ ငါကအပျော့ပဲ''

ကျွန်တော်က အသက်ရှူမှန်အောင် ပြန်ကြိုးစားရင်း ပြန်ပြောလိုက်သည်။

ရည်မွန်ကျော်ကရယ်လိုက်ပြီး . . .

''ငါက နင့်ကို အံ့ဩသွားစေချင်လို့ပါဟာ၊ အခုလို အကြမ်းပတမ်းလုပ်မိဖို့ မရည်ရွယ်ပါဘူး''

''တော်သေးတာပေါ့၊ ဒါတောင် ငါ့လည်ပင်း တော်တော်နာသွားတယ်၊ ဒါနဲ့ နင် ဘယ်ကနေ ဘယ်လိုမျက်စိလည်လမ်းမှားပြီး ဒီကိုရောက်လာတာလဲ''

ရည်မွန်ကျော်က ကျွန်တော်၏ထိုင်ခုံတွင် ဝုန်းကနဲဝင်ထိုင်ရင်း . . .

''အမှန်အတိုင်းပြောရရင် ငါ နင့်ကို လာပြီးတောင်းပန်တာဟ''

''ဟင် . . . ဘာပြောလိုက်တယ်''

''ငါ . . . တကယ်ပြောတာပါ''

ရည်မွန်ကျော်က ထပ်ပြောလိုက်၏။ သူမက ဆံပင်များကိုပြန့်ကားသောပုခုံးနှစ်ဖက်ပေါ်သို့ သပ်တင်လိုက်ရင်း . . .

''ငါ ဒီနေ့ အတန်းထဲမှာ နင့်ကို ဟာသလုပ်မိတဲ့အတွက်လည်း စိတ်မကောင်းပါဘူး။ နင့်ခေါင်းကို နောက်တစ်ကြိမ် ထပ်ရိုက်



မယ်လို့ ပြောလိုက်မိတဲ့ကိစ္စလေဟာ''

''သြော် . . . အေး . . . ငါမှတ်မိပြီ''

ကျွန်တော်က မျက်လုံးလေးကလယ်ကလယ်လုပ်ရင်း ပြန်ပြောလိုက်၏။

''ငါကိုက မိုက်မဲတာပါ၊ ဘာလို့ ဒီလိုစကားမျိုး ပြောလိုက်မိမှန်းမသိဘူး၊ ဒါကြောင့် ငါ ပြန်လာပြီးတောင်းပန်တာပါ''

''ရည်မွန်ကျော် ဒီနေ့ ကျောင်းကပြန်တော့ နင် ငါ့နောက်က လိုက်လာသေးလား၊ လက်ထဲမှာ တုတ်ရှည်ကြီးကိုင်ရင်း ငါ့နောက်ကိုပြေးလိုက်လာပြီး . . . ဟိုလေ . . . ဟို . . . ဟို''

ကျွန်တော့်စကားကြောင့် ရည်မွန်ကျော်က ကုလားထိုင်ပေါ်မှ ခုန်ထရင်း အော်လိုက်သည်။

''ဟာ . . . မဟုတ်ဘူး၊ အဲ့ဒါက ငါ နင့်ကို တောင်းပန်ချင်လို့ နောက်ကနေပြေးလိုက်လာတာ''

''ကျွန်တော်က ငေါ့တော့တော့နှင့် . . .

''သြော် . . . တောင်းပန်တာကလဲ တုတ်ရှည်ကြီးကိုင်ပြီး ပြေးလိုက်လာရတယ်လို့''

''အဲဒီတုန်းက သိုင်းသင်တန်းမှာ ငါဝင်ပြိုင်ရမယ့်အလှည့်ရောက်တော့မှာမို့လို့ပါ၊ ဘာလဲ နင့်ခေါင်းကို ငါက တုတ်နဲ့ နောက်တစ်ခါထပ်ရိုက်မယ်လို့ ထင်သွားတယ်မဟုတ်လား''

''အင်း . . . ဟုတ်တယ်ထင်တယ်''

ရည်မွန်ကျော်က ကျွန်တော့်စိတ်ထဲတွင်ရှိရာကို အမှန်အတိုင်း ပြောပြ၍ မဖြစ်။ ပြောပြလိုက်လျှင် ရည်မွန်ကျော်က သူမကို ကျွန်တော်ကြောက်သည်ဟု တစ်ကျောင်းလုံးသိအောင် လျှောက်ဖွပေလိမ့်မည်။ ထိုအခါ လူတိုင်းက ကျွန်တော့်အား လင်းသန့်ဆိုတဲ့ကောင်က ကိုယ့်ကိုလာတောင်းပန်တဲ့လူကိုတောင် ကြောက်ပြီး ထွက်ပြေးရတယ်လို့၊ တော်တော်သူရဲဘောကြောင်တဲ့အကောင် . . . ဟု ဝိုင်းပြီး လှောင်ပြောင်ကဲ့ရဲ့ကြပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ရည်မွန်ကျော်က ကျွန်တော့်အား မမှိတ်မသုန်စိုက်ကြည့်ရင်း . . .

“ငါ လုပ်မိတာတွေအတွက် စိတ်မကောင်းဖြစ်နေမိတယ် လင်းသန့်၊ ငါလွှဲလိုက်တဲ့တုတ်နဲ့ နင့်ခေါင်းကိုထိသွားတော့ နင် ဒူးထောက်လဲကျပြီး အော်လိုက်တာကိုပဲ မျက်လုံးထဲမှာ ပြန်မြင်ယောင်နေမိတယ်”

သူမက သက်ပြင်းချရင်း ဆက်ပြောသည်။

“နင် မြက်ခင်းပေါ်မှာ ခွေခွေလေးလဲသွားတော့ ငါ ငါ အရမ်းကြောက်သွားတယ်၊ အဲဒီအချိန်မှာ နင့်ကို ခေါ်လို့လည်းမရတော့ဘူး၊ လှုပ်လဲမလှုပ်တော့ဘူး၊ အဲဒီတုန်းက ငါ့ . . . ငါ့စိတ်ထင် . . .”

ရည်မွန်ကျော်က ပြောလက်စစကားကို ရပ်ပစ်လိုက်ပြီး အကြည့်ကို အဝေးသို့လွှဲဖယ်လိုက်၏။

“ငါ အခုကောင်းသွားပါပြီဟ၊ ခေါင်းကဒဏ်ရာက ဘာမှမဖြစ်တော့ပါဘူး”

“ပြီးတော့ အဲဒီလိုဖြစ်ပြီးကတည်းက ငါ တောင်းပန်စကားလည်းမပြောရသေးဘူးလေ၊ ဒါကြောင့် ဒီနေ့ ငါလာခဲ့တာ၊ နင့်ဒဏ်ရာက တကယ်ပျောက်သွားပြီနော်”

ရည်မွန်ကျော်၏အမေးကို ကျွန်တော်က ခေါင်းညိတ်ပြလိုက်စဉ် ဒီမွန်းကို ဖျတ်ကနဲသတိရလိုက်မိသည်။

“ငါ ပြဿနာအကြီးကြီးတစ်ခု တက်နေတယ်ဟ၊ ဒီမွန်းဆိုတဲ့ လူငယ်တစ်ယောက်နဲ့၊ အဲဒီလူက ငါ့နောက်ကို လိုက်နှောင့်ယှက်တယ်၊ ဖုန်းခေါ်တယ်၊ တစ်ခါတလေ ငါ့အိပ်ခန်းထဲမှာ ဘွားကနဲပေါ်လာတတ်တယ်”

ကျွန်တော့်အဖြစ်အပျက်ကို ရည်မွန်ကျော်အား ပြောပြလိုက်မိ၏။ သူမ၏မျက်ဝန်းအစုံက အံ့ဩမှုဖြင့် ပြူးကျယ်ဝိုင်းစက်သွားကြသည်။

“ကောင်လေးတစ်ယောက်က နင့်အခန်းထဲမှာ ဘွားကနဲပေါ်



လာတယ် . . . ဟုတ်လား”

“ဟုတ်တယ်၊ အခုတောင် ငါ့ကွန်ပျူတာဖန်သားပြင်ပေါ်မှာ ပေါ်နေသေးတယ်၊ ပထမတော့ ငါ Assignment ထဲက အက်ဆေးတစ်ပုဒ်ရေးနေတာ အဲဒီအချိန်မှာ ဇော်မိုးဆီကဖုန်းလာလို့ ငါသွားကိုင်လိုက်တယ်၊ ပြန်ရောက်လာတော့ ငါရေးထားတဲ့စာတွေ တစ်ခုမှ မရှိတော့ဘူး၊ အဲဒီကောင်ရဲ့မျက်နှာကြီးကပဲ ဒီကွန်ပျူတာဖန်သားပြင်မှာ ပေါ်နေတယ်ကြည့်ပါလား”

ကွန်ပျူတာဖန်သားပြင်ဆီသို့ ကျွန်တော်က မဝံ့မရဲ လက်ညှိုးညွှန်ပြရင်း ရည်မွန်ကျော်အား ပြောလိုက်သည်။

“ဟင်”

ကျွန်တော့်စကားကြောင့် ရည်မွန်ကျော်က ကွန်ပျူတာ ဖန်သားပြင်ကို လှမ်းကြည့်လိုက်၏။

ထို့နောက် သူမက ကျွန်တော့်အား ဇဝေဇဝါဖြင့် နားမလည်နိုင်စွာ ပြန်ကြည့်လိုက်သည်။

သူမက ကျွန်တော့်အား သေချာစိုက်ကြည့်ရင်းပြောလိုက်၏။

“လင်းသန့် . . . နင့်ကွန်ပျူတာက မီးလည်းမဖွင့်ထားဘူး”

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ဟာ. . . မဖြစ်နိုင်ဘူး"

ကျွန်တော်က တအံ့တသြနှင့်အော်ရင်း ကွန်ပျူတာဖန်သားပြင်ဆီသို့ လှမ်းကြည့်လိုက်၏။

ကွန်ပျူတာဖန်သားပြင်မှာ လုံးဝအနက်ရောင်ဖြစ်နေသည်။

ဒီမွန်း၏မျက်နှာ သို့မဟုတ် ရေးထားသောစာလုံးများလည်း ရှိမနေကြ။

ရည်မွန်ကျော်က အခန်းတစ်ဖက်သို့လျှောက်လာပြီး ပြတင်းပေါက်ဘောင်ကိုမှီကာ ရပ်လိုက်၏။ သူမက လက်မောင်းနှစ်ဖက်ကို ပိုက်ထားရင်း. . .

"ဒါဟာ ငါ့ကိုနောက်ဖို့ နင့်ရဲ့ ဆင်လုံးဆင်ကွက်တွေချည်းပဲ မဟုတ်လား"

ရည်မွန်ကျော်က ကျွန်တော့်ကိုစွပ်စွဲလိုက်၏။



ကျွန်တော် ဘာစကားမှမပြောမိ။ ကျွန်တော်၏မျက်လုံးများက ပါဝါမလာတော့သော ကွန်ပျူတာဖန်သားပြင်ပေါ်မှ မလွှဲဖယ်နိုင်ဘဲဖြစ်နေသည်။

ကျွန်တော် ကယောင်ကတမ်းနှင့် ကွန်ပျူတာဖန်သားပြင်ပေါ်တွင် ဒီမွန်း၏မျက်နှာကို မြင်ခဲ့တာလား။ ဒါ ကယောင်ချောက်ချားဖြစ်မှုတစ်ခုမဟုတ်ပါ။ သူ့မျက်နှာကို ကျွန်တော် သေချာမြင်တွေ့လိုက်ရ၏။

ငါမရူးသေးဘူးဟု ကိုယ့်ကိုယ်ကို ပြန်ပြောနေမိသည်။

"ငါ့ကွန်ပျူတာကို သူပိတ်လိုက်တာဟ၊ သူ့နာမည်က ဒီမွန်းတဲ့၊ သူ ငါ့ကို အမျိုးစုံလှည့်စားပြီး ခြောက်လှန့်နေတာကြာပြီ"

ကျွန်တော်က ရည်မွန်ကျော့်အား တုန်ယင်အက်ကွဲစွာ ရှင်းပြလိုက်၏။

ရည်မွန်ကျော်က ကျွန်တော့်အား သင်္ကာမကင်းစွာ ကြည့်ရင်း . . .

"လင်းသန့်. . . နင် ဘယ်အချိန်က အဲဒီလူကို စပြီးမြင်လာခဲ့တာလဲ၊ နင့်ခေါင်းကို အရိုက်ခံရပြီးမှမဟုတ်လား"

"ဘာပဲဖြစ်ဖြစ်ဟာ အရေးကြီးတာက သူ ဒီမှာရှိနေတယ်၊ သူ့ကို ငါ ခဏခဏမြင်ဖူးတယ်၊ မြေအောက်ခန်းထဲမှာ၊ ငါ့ကုတင်ပေါ်မှာ၊ တယ်လီဖုန်းထဲမှာ စကားလည်းပြောဖူးတယ်၊ သူက ငါတို့ရဲ့မြေအောက်ခန်းထဲမှာနေတာလို့ ပြောတယ်"

ရည်မွန်ကျော်က ခေါင်းကို စိတ်ပျက်စွာခါယမ်းလိုက်၏။ ဆံနွယ်အချို့က သူမ၏မျက်နှာပေါ်သို့ ဝေ့ဝဲကျလာသည်။

"စိတ်ကိုငြိမ်ငြိမ်ထားပါ လင်းသန့်ရဲ့၊ ခေါင်းအေးအေးထားပြီး သေချာစဉ်းစားပါဦး"

"နင်မယုံရင် သူ့ရဲ့ပုံပန်းသဏ္ဌာန်ကို ငါပြောပြမယ်၊ အဲဒီလူက မျက်နှာရှည်ရှည်၊ ဥရောပသားလို အသားနီစပ်စပ်၊ ဆံပင်က ရွှေရောင်လှိုင်းတွန့်လေးတွေနဲ့၊ သူ့မျက်လုံးတွေက နည်းနည်း[illegible]

www.burmeseclassic.com



တော့ အကြာကြီးအိပ်ရေးပျက်ထားတဲ့လူတစ်ယောက်လို မျက်တွင်းတွေကလည်း ညိုမည်းလို့၊ သူ့မျက်နှာက ဖြူဖတ်ဖြူရော်ဖြစ်နေပေမယ့် ငါ့ကို တကယ်ပြောနေတယ်ဆိုတဲ့ အေးစက်စက်ပုံစံတော့ပေါက်တယ်"

ရည်မွန်ကျော်က ကျွန်တော့်အား သနားသလိုစုတ်သပ်လိုက်ရင်း . . .

"နင်ပြောတဲ့စကားကို နင်ပဲ သေချာပြန်စဉ်းစားကြည့်ပါဦး၊ ဘာဖြစ်လို့ သူက နင်တို့အိမ်ကိုရောက်နေရမှာလဲ၊ ဘာဖြစ်လို့ သူက နင်တို့ရဲ့မြေအောက်ခန်းထဲမှာ လာနေရမှာလဲ၊ အဓိပ္ပါယ်မရှိလိုက်တာ"

"ဒီမွန်းပြောတော့ သူ့ကို ငါက တွေ့အောင်ရှာရမယ်လို့ ပြောတာပဲ"

ကျွန်တော်က ရည်မွန်ကျော်အား လေသံပျော့ပျော့လေးနှင့် ရှင်းပြလိုက်၏။ ရှက်ရွံ့မှုက တစ်ကိုယ်လုံးတွင် တဖွေ့ဖွေ့လောင်မြိုက်နေသည်။

ရည်မွန်ကျော်က ကျွန်တော့်အား မျက်မှောင်ကြုတ်ပြီး စိုက်ကြည့်နေသည်။ မည်သည့်စကားမှတော့မဆို။ သူမ ကျွန်တော့်ကို အကဲခတ်နေမှန်း ရိပ်စားမိလိုက်၏။

ထို့အပြင် သူမ ဘာတွေတွေးနေမှန်းလည်း ကျွန်တော် ကောင်းကောင်းသိသည်။

'လင်းသန့်ဘဝက သနားစရာကောင်းလိုက်တာ၊ သူ အခုတော့ ရူးသွားရှာပြီ' ဟု သူမ တွေးနေလိမ့်မည်။

ကျွန်တော့်ခေါင်းထဲသို့ အကြံတစ်ခု ဖျတ်ကနဲဝင်ရောက်လာ၏။

"ရည်မွန်ကျော် . . . အဲဒီ ဒီမွန်းဆိုတဲ့လူက ငါတို့ရဲ့မြေအောက်ခန်းထဲမှာ ရှိတယ်"

ကျွန်တော်၏စကားကို သူမက ဘာမှပြန်မပြောဘဲ တိတ်ဆိတ်စွာ နားထောင်နေသည်။

"အဲဒီတော့ ငါပြောတာ နင်ယုံလာအောင် မြေအောက်ခန်း



ထဲဆင်းပြီး လိုက်ကြည့်ပါလား"

ရည်မွန်ကျော်က အောက်နှုတ်ခမ်းကိုဖိကိုက်ရင်း စဉ်းစားနေ၏။

ကျွန်တော်ကလည်း သူလိုက်လာရင်တော့ ဟိုကောင့်ကို သိပ်မှုစရာမလိုဘူး။ ရည်မွန်ကျော်က ငါ့ထက်ပိုပြီး သတ္တိကောင်းတယ်။ ခန္ဓာကိုယ်ကလည်း ငါ့ထက်ပိုပြီး ကြံ့ခိုင်တောင့်တင်းတယ်၊ ပြီးတော့ လက်ရဲဇက်ရဲနဲ့ အကြမ်းပတမ်းလည်းနိုင်တယ် . . . ဟု တွေးနေမိသည်။

အကယ်၍ ဒီမွန်းနှင့် မြေအောက်ခန်းထဲတွင် ပက်ပင်းရင်ဆိုင်တိုးခဲ့လျှင်လည်း ရည်မွန်ကျော်ရှိသည့်အတွက် သိပ်ကြောက်စရာမလို။

"ဒါ အရူးထတာသက်သက်ပဲ၊ ငါလဲ အိမ်ပြန်ရင်ကောင်းမယ်၊ ဆရာမပေးလိုက်တဲ့ Assignment တွေ မရေးရသေးဘူး"

ရည်မွန်ကျော်က ပြောပြောဆိုဆိုနှင့် ခြေလှမ်းများကို တံခါးဝဆီသို့ ဦးတည်လိုက်သည်။

"နေပါဦးဟ . . . ငါမရူးသေးပါဘူး၊ မြေအောက်ခန်းထဲ ဆင်းကြည့်လိုက်ရင် ငါပြောတာကို နင်ယုံသွားလိမ့်မယ်"

ကျွန်တော်က သူမနောက်သို့ ပြေးလိုက်သွားပြီး တောင်းတောင်းပန်ပန်နှင့် ပြောလိုက်၏။

သူမက တံခါးဝတွင် ခြေလှမ်းရပ်လိုက်ပြီး ခပ်ပေါ့ပေါ့ပြန်ပြောသည်။

"ဪ . . . ဟုတ်လား"

"ကျေးဇူးပြုပြီး ခဏလေးလိုက်ကြည့်ပါဟာ၊ မြေအောက်ခန်းထဲမှာ သူ့ကို ငါတို့ရှာတွေ့မှာပါ၊ ငါတကယ်ပြောတာ၊ ဘာလဲ နင်ကြောက်နေပြီလား"

ကျွန်တော်က တောင်းတောင်းပန်ပန်ပြောနေရာမှ နောက်ဆုံး စကားတစ်ခွန်းတွင် သူမ၏ မခံချင်စိတ်ကို ဆွပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်. . . ငါက ဘာဖြစ်လို့ကြောက်ရမှာလဲ၊ ကောင်းပြီလေ၊ ဒါဆိုလည်း နင်တို့ရဲ့မြေအောက်ခန်းထဲဆင်းပြီး နင်ပြောတာ ဟုတ်မဟုတ် သွားကြည့်ကြတာပေါ့"

ရည်မွန်ကျော်က သူမ၏လက်ဆစ်များကိုချိုးရင်း စိတ်ဆိုးမာန်ဆိုးဖြင့် ပြန်ပြောလိုက်သည်။

ထို့နောက် ကျွန်တော်ကဦးဆောင်ပြီး မြေအောက်ခန်းထဲသို့ ဆင်းလာခဲ့၏။ ကျွန်တော်က မြေအောက်ခန်းတံခါးကိုတွန်းဖွင့်ရင်း နံရံမှမီးခလုတ်ကို လက်ဖြင့်စမ်းကာ ဖွင့်လိုက်သည်။

မြေအောက်ခန်းထဲသို့ဆင်းသည့် သစ်သားလှေကား တစ်လျှောက်သို့ ကျွန်တော် မဝံ့မရဲလှမ်းကြည့်လိုက်၏။ မြင်ကွင်းထဲတွင် ဘာကိုမှမမြင်ရ။

သို့ရာတွင် ဘာကြောင့်မှန်းမသိဘဲ ကျွန်တော် ကြောက်ရွံ့တုန်လှုပ်နေမိသည်။

"နင်က မိန်းကလေးဆိုတော့ ရှေ့ကသွားဟာ"

ကျွန်တော်က ရည်မွန်ကျော်အား မြေအောက်ခန်းထဲသို့ အရင်ဆင်းခိုင်းလိုက်သည်။

■

## အခန်း (၁၇)

သစ်သားလှေကားတစ်လျှောက် နင်းဖြတ်လာသော ကျွန်တော်တို့နှစ်ယောက်၏ခြေသံကိုသာ ပြန်ကြားနေရသည်။ မြေအောက်ခန်းထဲရှိလေထုက စိုထိုင်းအေးစိမ့်နေ၏။

ရည်မွန်ကျော်က ရှေ့မှဦးဆောင်၍ ခပ်သွက်သွက်ဆင်းသွားသည်။ ကျွန်တော်က လှေကားလက်ရန်းကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ရင်း သူမကိုမီအောင် နောက်မှ မနည်းလိုက်နေရ၏။

လှေကားအဆုံးသို့ရောက်သောအခါ မြေအောက်ခန်းဘေးဘီဝဲယာသို့ ကျွန်တော်တို့နှစ်ယောက်စလုံး လှည့်ပတ်အကဲခတ်လိုက်ကြသည်။

မျက်နှာကြက်မီးမလင်းသဖြင့် မြေအောက်ခန်းတစ်ဝက်ခန့်ကို မှောင်မိုက်သိပ်သည်းသော အရိပ်များဖြင့် ခြုံလွှမ်းထားသလို ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"တောက်. . . တောက်. . . တောက်"

ရေတစ်စက်ချင်းကျနေသောအသံကို ကျွန်တော့်နားထဲ၌ ကြားနေရသည်။ အဝတ်လျှော်ခန်းထဲရှိ ရေပိုက်ခေါင်းမှ ရေကျနေသည့်အသံဖြစ်သည်။

ပြင်းထန်ကြမ်းတမ်းသော အသက်ရှူသံတစ်ခုကြောင့် ကျွန်တော် အလန့်တကြားဖြစ်သွား၏။ ရည်မွန်ကျော်ဘက်သို့ လှည့်ကြည့်မိလိုက်သောအခါတွင်မှ သူမ၏အသက်ရှူသံဖြစ်ကြောင်း သိလိုက်ရသည်။

ရည်မွန်ကျော်က ရှေ့သို့ ခြေလှမ်းအနည်းငယ်ခန့် လှမ်းလိုက်၏။ ထို့နောက် သူမက ပါးစပ်ကို လက်နှစ်ဖက်ဖြင့် ကာတော့ကိုအုပ်ကာ ကျယ်လောင်စွာခေါ်ငင်လိုက်သည်။

"ဟဲ့. . . ဒီမွန်းဆိုတဲ့ကောင်. . . နင်. . . ဒီမြေအောက်ခန်းထဲမှာရှိသလား"

ကျွန်တော်က သူမ၏ဘေးသို့ မယောင်မလည်နှင့် ဝင်ရပ်ရင်း နားစွင့်ထားလိုက်မိ၏။

မည်သည့်တုံ့ပြန်စကားသံကိုမှ မကြားရ။

"ဒီမွန်း. . . ဟဲ့ ဒီမွန်း. . . နင် ဘယ်ရောက်နေတာလဲ"

ရည်မွန်ကျော်၏ခေါ်သံကြောင့် ကျွန်တော်ကျောတွန့်သွားသည်။ မြေအောက်ခန်းထဲတွင် ဒီမွန်းရှိနေမှန်း ကျွန်တော် အသေအချာသိသည်။ သို့ရာတွင် ရည်မွန်ကျော်က ဒီမွန်းကို ဘာဖြစ်လို့ မကြောက်ရတာလဲ။

ချိုးချိုးချွတ်ချွတ်အသံကြားလိုက်ရသဖြင့် ကျွန်တော် လန့်ပြီးထခုန်မိသည်။ ဘေးဘီဝဲယာသို့ ကျိုးကန်းတောင်းမှောက် လှမ်းကြည့်လိုက်၏။ မြေအောက်ခန်းပြတင်းပေါက်များကို လေတိုးသဖြင့် မြည်သောအသံဖြစ်သည်။

ကြမ်းခင်းများကို ပွတ်တိုက်နင်းဖြတ်သွားသလိုမျိုး တရှပ်ရှပ်နှင့် အသံတစ်ခုကို ကြားလိုက်ရသဖြင့် ကျွန်တော် ရပ်ပြီးနားစွင့်ထားမိ၏။ ကြွက်တစ်ကောင်ဖြတ်ပြေးသည့်အသံများလား။



မဟုတ်ပါ။ ရည်မွန်ကျော်၏ဖိနပ်များက မြေအောက်ခန်းကြမ်းခင်းကို နင်းဖြတ်သွားရာမှ ထွက်ပေါ်လာသောအသံဖြစ်သည်။

ကျွန်တော်တို့ မြေအောက်ခန်းအတွင်းပိုင်းသို့ တရွေ့ရွေ့တိုးဝင်လာခဲ့ကြ၏။ ကြီးမားသောစစ်တုရင်ခုံကြီး၏ဘေးတွင် ရပ်ပြီးအောက်သို့ ငုံ့ကြည့်လိုက်သည်။ စစ်တုရင်ခုံအောက်တွင် ဘာမှမရှိမနေ။

လှေကားအောက်မှ ပစ္စည်းများထားသည့်အခန်းတံခါးကို ရည်မွန်ကျော်က ဖိုးဖိုးဆတ်ဆတ်ဖြင့် ဆွဲဖွင့်ကြည့်လိုက်၏။ သူမက မီးခလုတ်ကိုဖွင့်ပြီး ပစ္စည်းတင်သည့်စင်များကို တစ်ချက်လှမ်းကြည့်လိုက်သည်။

သူမက တံခါးကိုပြန်ပိတ်ကာ ကျွန်တော့်ဘက်သို့လှည့်ပြီး

"ငါတို့ အခုလုပ်နေတာ ဘာအဓိပ္ပါယ်မှမရှိသလိုပဲ လင်းသန့်"

"သူ ဒီမှာရှိတယ်ဟ၊ ဒီမြေအောက်ခန်းထဲမှာ သူနေတာလို့ ငါ့ကိုပြောဖူးတယ်"

"နင့်ကို ငါ အချိန်နည်းနည်းပဲထပ်ပေးနိုင်တော့မယ်၊ ပြီးရင် ငါအိမ်ပြန်တော့မယ်"

"ဟောဟိုကသတ္တုကျိုတဲ့မီးဖိုနားကို သွားပြီးရှာကြည့်ရအောင်"

ကျွန်တော်၏စကားအဆုံးတွင် သတ္တုကျိုသည့်မီးဖိုအနားသို့ လျှောက်လာခဲ့ကြ၏။

သသတ္တုကျိုသည့်မီးဖိုက အခန်း၏မှောင်မိုက်သောနေရာတွင် တည်ရှိသည်။ ထိုမီးဖိုကို အမှောင်ထဲ၌မြင်ရသည်မှာ မကောင်းဆိုးဝါးကြီးတစ်ကောင်က ကျွန်တော်တို့၏ရှေ့၌ မားမားကြီးရပ်နေသလို ခံစားရ၏။

"ဒီမွန်းရေ. . . ဒီမွန်း. . . နင် ဘယ်ချောင်ထဲသွားပြီးပုန်းနေတာလဲ၊ နင် ဘယ်မှာပဲပုန်းပုန်း အခု အပြင်ကိုထွက်လာခဲ့"

www.burmeseclassic.com

www.burmeseclassic.com



ရည်မွန်ကျော်က အသံအုပ်အုပ်ဖြင့် ခေါ်ငင်လိုက်ပြန်သည်။

သူမ၏အသံက မှောင်မိုက်နေသောနံရံများတလျှောက် ၀ဲ၍ ထင်ထပ်ပျံ့နှံ့သွား၏။ မြေအောက်ခန်းအပြင်ဘက်တွင်တော့ လေပြင်းတစ်ချက် ဝေ့ယမ်းတိုက်ခတ်မှုကြောင့် ပြတင်းပေါက်များဟာ တကျွီကျွီနှင့် တုန်ခါလှုပ်ယမ်းသွားကြသည်။

ကျွန်တော်တို့နှစ်ယောက်က သတ္တုကျွိုသည့်မီးဖိုကြီးအောက်သို့ ပြိုင်တူငုံ့ကြည့်လိုက်ကြ၏။ ထိုအောက်တွင်လည်း မည်သူမှ ပုန်းမနေပါ။ ကျွန်တော်က . . .

''အခု ငါတို့မရှာရသေးတဲ့အခန်းဆိုလို့ အ၀တ်လျှော်တဲ့အခန်းတစ်ခန်းပဲကျန်တော့တယ်''

''ငါ့စိတ်ထင် သူက အ၀တ်လျှော်စက်ထဲမှာ ၀င်ပုန်းနေတာလားမသိဘူး. . . လင်းသန့်''

ကျွန်တော်၏စကားကို ရည်မွန်ကျော်က နောက်ပြောင်လိုက်သည်။

ဒီမွန်း၏ကိစ္စကို သူမ အယုံအကြည်မရှိမှန်း ကျွန်တော်သိသည်။ သို့ရာတွင် ထိုကိစ္စကို ကျွန်တော်အလေးမထားပါ။ ကျွန်တော်နှင့်အတူ မြေအောက်ခန်းထဲသို့ လိုက်ပေးဖော်ရသည်ကိုပင် ၀မ်းသာမိ၏။ သူမမပါဘဲ မြေအောက်ခန်းကို ကျွန်တော်တစ်ယောက်တည်း မရှာဖူးပါ။

အ၀တ်လျှော်သည့် အခန်းအတွင်းသို့ ရည်မွန်ကျော်၏နောက်မှ ကျွန်တော်လိုက်၀င်သွားမိ၏။ အခန်းထဲသို့ရောက်ရောက်ချင်း ရည်မွန်ကျော်က ခြေလှမ်းများကို တုံ့ကနဲရပ်ပြီး တအံ့တသြပြောလိုက်လေသည်။

''ဟင်. . . ဟိုမှာ. . . ဟိုမှာ. . . ဒီမွန်း. . . ငါ သူ့ကို မြင်နေရတယ်''

# အခန်း (၁၈)

''ဟင်. . . ဟုတ်လား''

ကျွန်တော်၏နှလုံးသားက ထိတ်ကနဲခုန်သွား၏။ အထိတ်တလန့်အော်ဟစ်ရင်း ချာကနဲလှည့်ကြည့်လိုက်သည်။

''ဘယ်. . . ဘယ်မှာလဲ''

ရည်မွန်ကျော်ညွှန်ပြရာသို့ လှမ်းကြည့်လိုက်သောအခါ ဘာမှမရှိနေ။ ကျွန်တော့်ကိုကြည့်ကာ ရည်မွန်ကျော်ကရယ်လိုက်ပြီး. . .

''ဆောရီးဟာ၊ ငါ မျက်လုံးအကြည့်မှားသွားလို့''

''ဟာ. . . ဒါ နောက်စရာမဟုတ်ဘူး ရည်မွန်ကျော်''

ကျွန်တော်က အသံမတုန်အောင် ကြိုးစားထိန်း၍ပြောရင်း သူမ၏ပုခုံးကို လက်သီးဖြင့် ခပ်ဖွဖွလှမ်းထိုးလိုက်၏။

သို့ရာတွင် ရည်မွန်ကျော်က တဟားဟားရယ်ရင်း ရှောင်ထိမ်းသွားသည်။ သူမက ခေါင်းကိုခါယမ်းရင်း . . .

www.burmeseclassic.com

www.burmeseclassic.com



"လင်းသန့် . . . တော်ပြီဟာ၊ ငါ စိတ်ကုန်လာပြီ၊ ဒီမှန်းရဲ့အကြောင်းကို နင်က လုပ်ကြံဖန်တီးပြီး ခြောက်လှန့်ဖို့ကြိုးစားနေတာမှန်း ငါသိတယ်၊ ဒါပေမဲ့ သိပ်လည်းကြောက်စရာမကောင်းပါဘူး ဘာဖြစ်လို့လဲဆိုတော့ မြေအောက်ခန်းထဲမှာ ဘယ်သူမှမရှိမှန်း ငါသိနေတာကိုး"

"ဒါဆိုရင် နင်က ငါပြောတဲ့စကားတွေကို တစ်စက္ကန့်လေးတောင်မှ မယုံကြည်ခဲ့ဘူးပေါ့"

"ဘာယုံစရာရှိသလဲဟာ၊ ဒီလိုယုံတမ်းပုံပြင်မျိုးကို ဘယ်သူကယုံမှာလဲ"

"ဪ . . . ငါ့ခေါင်းကိုရိုက်ခဲ့လို့ ပြန်ပြီးလက်စားချေတဲ့အနေနဲ့ နင့်ကို ချောက်လှန့်ဖို့ကြိုးစားတယ်လို့ ထင်နေတယ်ပေါ့"

ကျွန်တော်က သူမအား စိတ်ဆိုးမာန်ဆိုးဖြင့် အော်လိုက်သည်။ ရည်မွန်ကျော်က ခေါင်းညိတ်ပြရင်း . . .

"သေချာတာပေါ့၊ နင်ပြောတာကိုငါယုံလိုက်ရင် မနက်ဖြန်ကျောင်းရောက်တာနဲ့ ရည်မွန်ကျော်ကတော့ ငါ သရဲပုံပြင်ပြောပြလိုက်တာ တော်တော်ကြောက်သွားတယ်လို့ နင် လျှောက်ပြောဖို့ကြံထားတယ်မဟုတ်လား"

"မဟုတ်ဘူးရည်မွန်ကျော်၊ နင်မှားနေပြီ၊ ငါရှင်းပြတာနားထောင်ပါဦး"

"တော်ပြီ၊ ငါ ဘာမှနားမထောင်ချင်တော့ဘူး"

ကျွန်တော်၏ တောင်းတောင်းပန်ပန်နှင့်ပြောသည့်စကားကို ရည်မွန်ကျော်က ဖြတ်ပြောလိုက်သည်။ စကားအဆုံးတွင် သူမတချာကနဲလှည့်ပြီး အပေါ်ထပ်သို့တက်သွားရန် ဟန်ပြင်လိုက်၏။

"ရည်မွန်ကျော် ခဏလေးနားထောင်ပါဦး"

ကျွန်တော်က သူမ၏နောက်သို့ ကပျာကယာလိုက်သွားပြီး တောင်းတောင်းပန်ပန်နှင့် ပြောလိုက်သည်။

ရည်မွန်ကျော်က လှေကားအောက်ဆုံးအထစ်တွင်ရပ်ပြီး ကျွန်တော့်ကိုလှည့်ကြည့်လိုက်ရင်း . . .



"နင် ငါ့ကို ခြောက်လှန့်လို့မရပါဘူး လင်းသန့်"

ဟု ပြောလိုက်၏။ သူမ၏မျက်လုံးများက ဖြာကျနေသော လှေကားမီးအလင်းရောင်ဖြင့် တလက်လက်တောက်ပနေ၏။ သူဟာလျှို့ဝှက်ပြီး အသိရခက်စွာပြုံးရင်း ထပ်ပြောပြန်သည်။

"နင် ငါ့ကို ခြောက်လှန့်လို့မရပါဘူးဟာ၊ ဘာကြောင့်လဲဆိုတာ နင့်ကို ငါ သက်သေပြမယ်"

"နင်ပြောတာငါနားမလည်ဘူး၊ ဘာမှပြောမနေပါနဲ့ဟာ၊ ငါပြောတာကိုပဲ နားထောင်ပါ"

"နင့်ကို ငါ တစ်ခုလုပ်ပြစရာရှိတယ်၊ ဒီမှာကြည့်စမ်း . . . လင်းသန့်"

ရည်မွန်ကျော်က ပြောပြောဆိုဆိုဖြင့် လှေကားလက်ရန်းကို လက်နှစ်ဖက်ဖြင့်ကိုင်၏။ ထို့နောက် သူမ၏ပါးစပ်ကို မကောင်းဆိုးဝါးတစ်ကောင်ကဲ့သို့ အကျယ်ကြီးဖွင့်ဟလိုက်သည်။

ရည်မွန်ကျော်၏ပါးစပ်က ဘေးသို့ပြန့်ကားသွားကာ တဖြည်းဖြည်း ကျယ်သထက်ကျယ်လာ၏။

ပါးစပ်ကြီးကမျက်နှာတစ်ခုလုံးကို ဖုံးလွှမ်းပျောက်ကွယ်သွားသည်အထိ ပိုမိုကျယ်ပြန့်လာသည်။

သူမ၏လျှာကလည်း ရှေ့သို့ဆန့်ထွက်လာပြီး မေးဖျားတစ်လျှောက်တွဲလောင်းကြီးကျလာ၏။

စိုလက်တောက်ပပြီး ထူးဆန်းသော ပန်းရောင်ပျစ်ချွဲချွဲအရည်တစ်မျိုးကလည်း ကြီးမားပြန့်ကားသော ရည်မွန်ကျော်၏ပါးစပ်ထဲမှနေ၍ စီးထွက်လာကြသည်။ ထိုပန်းရောင်အရည်များ စီးထွက်လာစဉ် သူမ၏ပါးစပ်က ပိုမိုကျယ်ဝန်းပြန့်ကားလာပြီး မျက်နှာတစ်ခုလုံးကို ဖုံးလွှမ်းသွားလုမတတ် ဖြစ်လာသည်။

ထို့နောက်ပါးစပ်ပေါက်ကြီး၏အတွင်း တွဲလောင်းကျနေသော လျှာကြီးမှတစ်ဆင့် သူမ၏ဝမ်းတွင်းမှ ကလီစာများက အပြင်သို့

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာကြသည်ကို ကျွန်တော် အကြောင်သားငေးကြည့်နေမိ၏။

အဝါရောင်ကလီစာများက ပန်းရောင်အရည်များကပ်လျက် အစြွင်းသို့ထွက်လာသည်ကို ကျွန်တော် တွေ့နေရသည်။ အူသိမ်အူမ တဲ့သို့ ရှည်မျောမျောအရာများကလည်း သွေးလုံးရစ်ပတ်ကာ သူမ ၏ပါးစပ်အတွင်းမှ ထွက်လာ၏။

ခရမ်းရောင်ညိုပုပ်ပုပ်နှင့် အဆုတ်ကလည်း လျှာဖျား၌ တွဲ လောင်းကြီးဖြစ်နေသည်။

အရည်များစိုရွှဲပြီး နီလျက်ရှိသော သူမ၏နှလုံးကလည်း ပါးစပ်အဝတွင် တဒိတ်ဒိတ်နှင့် ခုန်လျက်ရှိသည်ကို ကြည့်ရသည်မှာ ကြက်သီးထစရာကောင်းလှ၏။

"အား. . ."

ကျွန်တော် သွေးပျက်ချောက်ချားစွာဖြင့် ငယ်သံပါအောင် အော်ဟစ်လိုက်မိသည်။

သို့ရာတွင် ကျွန်တော်ထွက်မပြေးနိုင်ဘဲ နေရာ၌ပင် တောင့် တောင့်ကြီးရပ်နေမိ၏။ ရှည်မွန်ကျော်၏ပါးစပ်မှ ကလီစာများထွက် လာသည်ကိုလည်း တွေတွေကြီးစိုက်ကြည့်ရင်း မျက်နှာမလွှဲမိ။

ရှည်မွန်ကျော်၏ကိုယ်တွင်းမှ ကလီစာများအားလုံး အပြင် သို့ ထွက်ကျလာသည်အထိ ကျွန်တော် ရပ်ပြီးငေးကြည့်နေမိသည်။

ထို့နောက် ရှည်လျားကျယ်လောင်စွာ အသံကုန်အော်ဟစ် လိုက်မိလေတော့၏။

■

## အခန်း (၁၉)

ကျွန်တော်၏အော်သံက မီးသတ်ကားဥဩဆွဲသံကဲ့သို့ ရှည် လျားကျယ်လောင်လှသည်။

ရှည်မွန်ကျော်၏ကိုယ်တွင်း အင်္ဂါများနှင့်ကလီစာများက ကျွန်တော်၏ရှေ့တွင် တဆတ်ဆတ်တုန်ယင်နေကြ၏။

စူးစူးဝါးဝါးအော်သံကြောင့် ထိုအစိတ်အပိုင်းများက ပိုမို တုန် ယင်လှုပ်ရှားလာကြသည်။

ကျွန်တော်၏အော်သံအဆုံးတွင် ဖြူဖွေးသောအလင်းတန်း တစ်ခုက ပြိုးပြက်ဝင်းလက်သွား၏။ မျက်လုံးများကို စုံမှိတ်လိုက် သည့်တိုင် ဖြူဖွေးတောက်ပသော အလင်းရောင်ကိုသာ မြင်မိဆဲပင်။

အလင်းရောင်. . . မျက်စိများပင် ကျိန်းစပ်သွားရလောက် အောင် လင်းလက်တောက်ပသော အဖြူရောင်အလင်း။

ကျွန်တော်၏ နောက်တစ်ကြိမ်အော်သံက ဆူညံဆွတ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



သော အလင်းထုကို ဖြတ်သန်းထွက်ပေါ်လာ၏။ ထိုအော်သံနှင့်အတူ ရည်မွန်ကျော်လည်း အဖြူရောင်အလင်းလွှင်ပြင်ထဲသို့ နစ်မြုပ်ပျောက်ကွယ်သွားသည်။ မြေအောက်ခန်းတစ်ခုလုံးလည်း ပျောက်ကွယ်သွား၏။

ကျွန်တော်သည်လည်း ဖြူဖွေးတောက်ပသောအလင်းရောင်နှင့် အော်သံအတွင်းသို့ နစ်မြုပ်ပျောက်ကွယ်သွားသည်။

***

ကျွန်တော်၏မျက်လုံးများကို ဖြည်းဖြည်းချင်းဖွင့်လိုက်ပြီး အဖြူရောင်မျက်နှာကြက်ကို ငေးစိုက်ကြည့်နေမိ၏။ ဖွေးဆွတ်တောက်ပသော အဖြူရောင် မျက်နှာကြက်မီးအလင်းရောင်။ မီးခိုးရောင်တိမ်တိုက်များအား တွေ့မြင်ရအောင် တစ်ဝက်တစ်ပျက် ဖွင့်ဟထားသော ပြတင်းပေါက်များအား ဖုံးလွှမ်းထားသည့် ဖြူလွလွလိုက်ကာများ။

ကျွန်တော်က အဖြူရောင်အလင်းထဲသို့ မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း ငေးစိုက်ကြည့်နေမိ၏။

မေမေ၏မျက်နှာက ကျွန်တော်၏မြင်ကွင်းထဲသို့ တိုးဝင်လာသည်။

"လင်းသန့်. . . သား သတိရပြီလား"

မေမေက ညင်သာနူးညံ့စွာ မေးလိုက်၏။ မေမေ၏နှုတ်ခမ်းများက ဖြူရော်ရော်ဖြစ်နေကြပြီး မျက်ဝန်းအစုံက ငိုထားသလို နီရဲမို့အစ်နေကြသည်။ မေမေ၏ ဖျော့တော့သောပါးနှစ်ဖက်ပေါ်မှ ခြောက်သွေ့စပြုနေသော မျက်ရည်စီးကြောင်းများကို ကျွန်တော် သတိထားမိ၏။

"သတိရလာပြီလား. . . ဟုတ်လားမေမေ"

ကျွန်တော်က လေးတွဲ့အက်ကွဲကာ အိပ်ချင်မူးတူးဖြစ်နေသောအသံဖြင့် မေးလိုက်သည်။



"သား. . . မကြာခင် နေပြန်ကောင်းသွားမှာပါ"

မေမေက စောင်ခြုံလွှမ်းထားသော ကျွန်တော်၏ရင်ဘတ်ကို လက်ဖြင့် အသာအယာပုတ်ပြီး ပြောလိုက်၏။

ကျွန်တော်က ဘေးဘီဝဲယာကို မျက်လုံးကစားလိုက်သည်။ အခန်းကျဉ်းလေးတစ်ခုအတွင်းရှိ ကုတင်တစ်လုံးပေါ်တွင် ကျွန်တော် လဲလျောင်းနေမိခြင်းဖြစ်သည်။ ဆေးရုံခန်းတစ်ခုအတွင်းသို့ ကျွန်တော် ရောက်နေခြင်းဖြစ်ကြောင်း သိလိုက်ရ၏။

"သားရဲ့ခေါင်းကို ပြင်းပြင်းထန်ထန်ထိခိုက်မိတယ်၊ အဲဒါနဲ့ သားကို ဆေးရုံကားပေါ်တင်ပြီး ဒီဆေးရုံကို အမြန်မောင်းလာခဲ့တာပဲ၊ ဒီဆေးရုံပေါ်မှာ သားသတိလစ်နေတာ တစ်နာရီလောက်ရှိပြီ"

"ဗျာ. . . သား သတိလစ်နေတယ်ဟုတ်လား၊ သား မေ့ပြီးမှောနေတယ်လို့ မေမေကဆိုလိုတာလား"

ကျွန်တော်က လေသံတိုးတိုးဖြင့်မေးလိုက်သည်ကို မေမေက ခေါင်းညိတ်ပြလိုက်၏။

"ဒါပေမဲ့ ခုနက သား မြေအောက်ခန်းထဲမှာ ရောက်နေတာ မဟုတ်ဘူးလား၊ ဟိုကောင့်ကို သားနဲ့ရည်မွန်ကျော်က လိုက်ရှာနေကြတာ"

"ဟိုကောင်၊ ဟိုကောင်ဆိုတာ ဘယ်သူ့ကိုပြောတာလဲ"

"ဒီမွန်းကိုပြောတာ မေမေရဲ့၊ သားတို့ရဲ့မြေအောက်ခန်းထဲမှာ နေတယ်ဆိုတဲ့လူလေ"

"လင်းသန့်. . . သား ကယောင်ကတမ်းနဲ့ အိပ်မက်မက်နေတာဖြစ်မှာပေါ့"

"မသိဘူး. . . မေမေရာ၊ အဲဒီအဖြစ်အပျက်က အရမ်းကြောက်စရာကောင်းတယ်ဆိုတာပဲ သားသိတယ်"

"သားရဲ့ခေါင်းကို တုတ်နဲ့ရိုက်မိပြီး သတိလစ်နေတုန်း အိပ်မက်ဆိုးတွေ မက်နေတာဖြစ်မယ်"

"ဒါဆို. . . သားက ခေါင်းကိုအရိုက်ခံရပြီးပြီးချင်း ဆေးရုံကို

www.burmeseclassic.com

www.burmeseclassic.com



ရောက်နေတာလား။ သား အိမ်မှာ အနားယူနေရတာတို့၊ ကျောင်းကို ပြန်သွားတက်တာတို့က တကယ်ဖြစ်နေတာမဟုတ်ဘူးပေါ့''

ကျွန်တော်က သေချာစဉ်းစားပြီး အံ့ဩတုန်လှုပ်စွာဖြင့် ပြောလိုက်သည်။

မေမေက ကျွန်တော့်ကို သေသေချာချာရှုတစိုက်ဖြင့် ကြည့်ရင်း. . .

''ဒါတွေ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ၊ ခေါင်းကိုအရိုက်ခံရပြီးကတည်းက ဆေးရုံမှာပဲ သား သတိလစ်နေခဲ့တာ''

မေမေက ခေါင်းကိုခါယမ်းရင်း. . .

''အားကစားတွေမလုပ်ပါနဲ့လို့ သားကို မေမေ အတန်တန် သတိပေးထားရဲ့သားနဲ့၊ အဲဒါတွေလုပ်ရင် တစ်နေ့ ဒီလိုဖြစ်လာလိမ့်မယ်ဆိုတာ မေမေ အစောကြီးကတည်းကကြိုသိတယ်''

သူမက ဆက်ပြီး ဖျစ်တောက်ဖျစ်တောက်နှင့် ပြောနေ၏။ သို့ရာတွင် မေမေ၏စကားများကို ကျွန်တော် နားမဝင်တော့ပါ။

တစ်စုံတစ်ရာကို ကျွန်တော် အပြင်းအထန် စဉ်းစားနေမိသည်။ စိတ်ထဲ၌ ပျော်လည်းပျော်နေမိသည်။

မြေအောက်ခန်းထဲတွင်နေသည်ဆိုသော ဒီမွန်း. . .။ ကျွန်တော်၏ဦးနှောက်ကို ထုတ်ယူစစ်ဆေးချင်သည့် ဒေါက်တာရဲမြင့်။ ကိုယ်တွင်းကလီစာများနှင့် အင်္ဂါအစိတ်အပိုင်းများက ပါးစပ်မှတဆင့် အပြင်ထွက်ကျလာသော ရည်မွန်ကျော်။ ထိုအရာတွေအားလုံးသည် တကယ်မဟုတ်ဘဲ ကျွန်တော် အိပ်မက်မက်နေခြင်းသာ ဖြစ်သည်တဲ့။

တော်ပါသေးရဲ့. . . တကယ်ဖြစ်ခဲ့တာမဟုတ်လို့။

သို့ရာတွင် ကျွန်တော် အလွန်အမင်းပျော်ရွှင်နေမိ၏။ လူတစ်ကိုယ်လုံးက မြောက်ကြွမြောက်ကြွဖြစ်နေပြီး အိပ်ရာနှင့်လူနှင့် မထိတော့သလို ခံစားရသည်။ ကုတင်ပေါ်မှခုန်ထကာ စိတ်ရှိလက်ရှိ ခုန်ပေါက်အော်ဟစ်ပစ်လိုက်ချင်စိတ်များပင် ပေါက်လာ၏။

ထိုစဉ် မေမေ၏ပုခုံးကိုကျော်၍ တံခါးဝဆီသို့ လှမ်းကြည့်



လိုက်မိသည်။

အခန်းတံခါးပေါက်မှဝင်လာသော ရည်မွန်ကျော်ကို တွေ့လိုက်ရ၏။

''မဟုတ်ဘူး. . . မလာနဲ့''

ကျွန်တော် တုန်လှုပ်ချောက်ချားစွာ ရေရွတ်လိုက်မိသည်။

အိပ်မက်မက်နေခြင်းမဟုတ်ပါ။ ရည်မွန်ကျော်မှာ အပြင်လောက၌လည်း တကယ် သက်ရှိထင်ရှားရှိနေသည်။

သူမက မိစ္ဆာတစ်ကောင်ကဲ့သို့ ဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် ကျွန်တော့်ကုတင်ဆီသို့ ခပ်သွက်သွက် လျှောက်လာလေ၏။

■

www.burmeseclassic.com

## အခန်း (၂၀)

"အား"

ကျွန်တော် ကြောက်၍တုန်လှုပ်စွာ အော်ဟစ်မိသည်။ ကုတင်ပေါ်မှလည်း အလူးအလဲကုန်းထလိုက်မိ၏။ သို့ရာတွင် ကျွန်တော့် ကျောမှာ အိပ်ရာနှင့် တစ်သားတည်းကပ်နေသလိုမျိုး။

လှုပ်ရှား၍မရ။

"မေမေ. . . သူ. . . သားကို ဒုက္ခပေးလိမ့်မယ်၊ သူ့ကို အခန်းထဲက မြန်မြန်မောင်းထုတ်လိုက်"

ကျွန်တော်က မေမေ့အား တောင်းတောင်းပန်ပန်ဖြင့် ပြောလိုက်သည်။

ထိုစဉ် ရည်မွန်ကျော်က မေမေ့ဘေးတွင် ဝင်ရပ်လိုက်၏။ သူ့မျက်ဝန်းများက တလက်လက်တောက်ပနေသည်။

မေမေက နံဘေးတွင်ရပ်နေသော ရည်မွန်ကျော်၏ပုခုံးပေါ်



သို့ လက်တင်လိုက်ရင်း . . .

"လင်းသန့်. . . ဘာတွေ ကယောင်ချောက်ချားဖြစ်နေတာလဲ၊ ကိုယ့်ညီမကိုတောင် ကိုယ်ပြန်မမှတ်မိတော့ဘဲ ကြောက်နေရသလား"

ညီမတဲ့. . .။ ကျွန်တော်က မေမေ့အား. . .

"သူက သားရဲ့ညီမမဟုတ်ဘူး၊ သူက ရည်မွန်ကျော်ပဲ၊ သူက တုတ်ရှည်ကိုဝှေ့ယမ်းလိုက်တော့ သားခေါင်းကိုရိုက်မိတယ်၊ ပြီးတော့. . ."

"ခစ်ခစ်. . . ပေါက်ကရ၊ နင့်ခေါင်းကို ငါမရိုက်ပါဘူး၊ ကိုကို နင် ရူးနေပြီလား"

ရည်မွန်ကျော်က တခစ်ခစ်ရယ်ရင်း ပြန်ငြင်းလိုက်၏။

"ရည်မွန်လုပ်တာမဟုတ်ဘူး လင်းသန့်၊ သားရဲ့ ညီမလေးက အဲဒီအချိန် သိုင်းသင်တန်းမှာတောင်မရှိဘူး၊ အင်္ဂလိပ်စာ ကျူရှင်သွားတက်နေတယ်လေ၊ မမှတ်မိတော့ဘူးလား. . . သား"

မေမေက လက်တစ်ဖက်ဖြင့် ရည်မွန်ကျော့်ကိုသိုင်းဖက်ရင်း ဝင်ပြောလိုက်သည်။

"ခေါင်းကို တုတ်နဲ့အရိုက်ခံလိုက်ရလို့ အတိတ်မေ့သွားပြီထင်တယ်၊ နင် ကျန်တဲ့အဖြစ်အပျက်တွေကိုရော မှတ်မိသေးလား ကိုကို"

ရည်မွန်ကျော်က ကျွန်တော့်ကိုစိုက်ကြည့်ကာ ခေါင်းကိုခါယမ်းရင်း မေး၏။

"မှတ်မိတာပေါ့၊ ငါက ဘာဖြစ်လို့မမှတ်မိရမှာလဲ"

ကျွန်တော်က ခပ်တိုးတိုးရေရွတ်ရင်း ပြန်ဖြေလိုက်သည်။

သို့ရာတွင် ရုတ်ခြည်းဆိုသလိုပင် ကျွန်တော့်ခေါင်းတစ်ခုလုံး ရီဝေအုံ့ဆိုင်းလာသည်။ ဦးနှောက်တစ်ခုလုံး ခေါင်းထဲတွင် ချာချာလည်နေသလားဟု မှတ်ထင်ရ၏။ မည်သည့်အရာတွေကိုမှတ်မိ၍ မည်သည့်အရာတွေကို မေ့လျော့နေခဲ့မိမှန်း ကျွန်တော် သေသေချာချာ

www.burmeseclassic.com



ကွဲကွဲပြားပြားမသိတော့ပါ။

တမင်တကာသတိရအောင် မှတ်သားရ၊ သတိမရအောင် ခေတ်ရတဲ့ကိစ္စတွေနဲ့ ဘဝက တော်တော် စာရင်းဖယားရှုပ်တာပဲ။ ဖြစ်နိုင်လျှင် ဘာကိုမှမမှတ်မိဘဲ သည်အတိုင်း နေကြည့်လို့မရဘူးလား။

"ကိုကို. . . ငါတစ်ခုမေးကြည့်မယ်၊ တစ်နဲ့တစ်နဲ့ပေါင်းရင် ဘယ်လောက်ရသလဲ"

ရည်မွန်ကျော်က ကျွန်တော့်အား ပြောင်ချော်ချော်အမူအရာဖြင့် ကြည့်ရင်း မေးလိုက်သည်။

"ဟဲ့. . . ရည်မွန်၊ သမီးအစ်ကို စိတ်ညစ်နေတဲ့အချိန်မှာ သွားမနောက်နဲ့လေ"

မေမေက ရည်မွန်ကျော်အားလှမ်းဟန့်ရင်း ကျွန်တော့်ဘက်သို့လှည့်ပြီး. . .

"သား. . . အခု ညီမလေးကို ပြန်မှတ်မိပြီမဟုတ်လား"

ညီမလေးဆိုပါလား။

ကျွန်တော့်ထက် လူကောင်နှစ်ဆလောက် ထွားကျိုင်းသန်မာသော ရည်မွန်ကျော်က ကျွန်တော့်ညီမ. . . တဲ့။

စိတ်ထဲ၌ အနည်းငယ် ငိုချင်ချင်ပင်ဖြစ်သွားသည်။ ကျွန်တော်က မျက်လုံးပေကလပ်ပေကလပ်လုပ်ရင်း . . .

"မေမေကလည်း ကိုယ့်ညီမပဲ မှတ်မိတာပေါ့၊ သားရဲ့အိပ်မက်ဆိုးကြောင့် သား အယောင်ယောင်အမှားမှား ဖြစ်ကုန်တာပါ။ အဲဒီအိပ်မက်ထဲမှာ သူက သားရဲ့ညီမမဟုတ်ဘူး၊ ပြီးတော့ တုတ်ကို ဇော့ယမ်းပြီး ခေါင်းကိုရိုက်ထည့်လိုက်တာ ခွပ်ကနဲပဲ"

"အာ. . . အဲဒါ ငါလုပ်တာမဟုတ်ဘူး၊ နင့်သူငယ်ချင်း ဇော်မိုးရဲ့လက်ချက်၊ ကိုကို. . . နင် မမှတ်မိတော့ဘူးလား"

ရည်မွန်ကျော်က ခေါင်းတခါခါလုပ်ရင်း ဝင်ငြင်းသည်။ ကျွန်တော်က တအံ့တသြဖြင့် . . .



"ဘာ. . . ဇော်မိုးလုပ်တာ. . . ဟုတ်လို့လား"

"သား. . . စိတ်အေးအေးထားပါကွယ်၊ မကြာခင် လူကောင်း ပကတိ ပြန်ဖြစ်သွားမှာပါလို့ ဒေါက်တာရဲမြင့်က မေမေ့ကိုပြောတယ်"

"ဒါမှမဟုတ် အရူးလုံးလုံးဖြစ်ချင်လည်း ဖြစ်သွားနိုင်တာပဲ"

ရည်မွန်ကျော်က မေမေ့စကားအဆုံးတွင် မကြားတကြား မှတ်ချက်ချ၏။ သို့ရာတွင် မေမေကကြားသွားပြီး သူမကို ငေါက်ငမ်းလိုက်သည်။

"ဟဲ့. . . သမီး ကိုယ့်အစ်ကိုကို ဒီလိုပဲပြောရသလား"

"ဟုတ်တယ်လေ၊ မေမေ့သားက ခေါင်းကို တုတ်နဲ့အရိုက်ခံရပြီးကတည်းက ဦးနှောက်မမှန်တော့ဘူး"

ရည်မွန်ကျော်က လျှာကလေးတစ်လစ်ထုတ်ရင်း တခစ်ခစ်ရယ်ရင်း ပြန်ပြောသည်။

ကျွန်တော်က ဟင်းကနဲ အသံတစ်ချက်ပြုပြီး စိတ်ကို မနည်းချုပ်တည်းလိုက်ရ၏။ လှဲလျောင်းနေရာမှခုန်ထပြီး သူမ၏မျက်နှာကို စိတ်ရှိလက်ရှိ ပိတ်တီးပစ်လိုက်ချင်စိတ်များ တဖွားဖွားပေါ်ပေါက်လာသည်။

သို့ရာတွင် သူမ၏ပြောစကားက မှန်သလိုဖြစ်နေပြန်တော့လည်း အခက်သား။ ပြီးတော့ သူက ညီမဆိုပေမယ့် ကိုယ့်ထက်ဗလကောင်း၏။ အစ်ကိုလုပ်ပြီး ညီမဖြစ်သူ၏အထိုးခံရသည်ဆိုလျှင် လူကြားမကောင်း။

ဒေါသစိတ်ကြောင့် ကျွန်တော့်ခေါင်းကို တဒုတ်ဒုတ်နှင့် သွေးတိုးဆောင့်၏။ ကျွန်တော်၏ အိပ်မက်အပိုင်းအစများကို ရုပ်ရှင်အနေးပြကွက်များကဲ့သို့ တဖျုတ်ဖျုတ်နှင့် ပြန်မြင်ယောင်လာမိသည်။

ပထမ မြေအောက်ခန်းအတွင်း၌ ရည်မွန်ကျော်ကို ကြည့်လိုက်စဉ် သူမ၏ခန္ဓာကိုယ်အတွင်းမှ အူများ၊ အဆုတ်များ၊ အသည်းနှင့်ကျောက်ကပ် စသော ဝမ်းတွင်းကလီစာအားလုံး ကြမ်းပြင်ပေါ်သို့ တဖြည်းဖြည်းပုံကျလာသည်ကို ချောက်ချားစဖွယ် ပြန်မြင်ယောင်

www.burmeseclassic.com

www.burmeseclassic.com



စီသည်။

နောက် သူ့ကိုယ်ပိုင်အိပ်ခန်းကဲ့သို့ ကျွန်တော်၏ကုတင်ပေါ်တွင် အေးအေးဆေး ကျကျနနထိုင်နေသော ဒီမွန်း။

ရှုပ်ထွေးပြီး စိတ်မချမ်းမြေ့စရာကောင်းသော ရုပ်ပုံလွှာများကို စိတ်ထဲမှဖယ်ရှား၍ ကြိုးစားသည့်အနေဖြင့် ကျွန်တော်က မေမေ့ကို လှမ်းပြောလိုက်၏။

''မေမေ. . . ဒီမွန်းဆိုတဲ့ကောင်လေးက သားနဲ့မသိပါဘူးနော်၊ သူ အပြင်မှာတကယ်မရှိဘူး၊ သားတို့ရဲ့မြေအောက်ခန်းထဲမှာလည်း သူမနေဘူးမဟုတ်လား''

''ဒီမွန်းလား. . . နေတယ်လေ၊ ညီမလေးတို့ရဲ့မြေအောက်ခန်းထဲမှာ''

ရည်မွန်ကျော်က ကျွန်တော့်စကားအဆုံးတွင် ဝင်ပြောလိုက်သည်။

■

## အခန်း (၂၁)

''ဟင်. . . ဟုတ်လို့လား''

ကျွန်တော်က ရည်မွန်ကျော့်ကို တုန်လှုပ်ချောက်ချားစွာစိုက်ကြည့်ရင်း မေးလိုက်၏။

ရည်မွန်ကျော်က ပြုံးစိစိလုပ်ရင်း. . .

''မြေအောက်ခန်းထဲမှာ လူတွေ အပြည့်အသိပ်နေကြတယ်၊ အဲဒီလိုနေတဲ့သူတွေက သူတို့ကိုယ်သူတို့ ပရလောကသားတွေလို့ သတ်မှတ်ခံထားကြတယ်၊ ကို့ အသက်ရှင်နေသရွေ့ သူတို့က မြေအောက်ခန်းထဲမှာပဲ နေကြလိမ့်မယ်၊ ကို့သေသွားပြီဆိုရင် သူတို့က အိမ်ပေါ်ကိုတက်လာပြီး အသုံးအဆောင်ပစ္စည်းတွေကို ဆက်သုံးကြမှာသိ''

သူမက စကားအဆုံးတွင် ရယ်စရာပြက်လုံးတစ်ခုပြီးသည့် လူရွှင်တော်တစ်ယောက်လို ပြုံးစိစိလုပ်ရင်း ကျွန်တော့်ကိုကြည့်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကြဲကြဲဖန်ဖန်ကွယ်. . . ဒီကောင်မလေးကတော့. . . သမီး အစ်ကိုကို သွားနောက်မနေနဲ့လေ၊ သမီးအစ်ကိုက နေလို့ကောင်း သေးတာမဟုတ်ဘူး"

မေမေက ရည်မွန်ကျော်ကို ဝင်ပြီးဆူပူလိုက်၏။

"ဟုတ်လား. . . ငါနောက်မိတာ တောင်းပန်တယ်နော်. . . ကိုကို"

ရည်မွန်ကျော်က ကျွန်တော့်ကို တောင်းပန်နေသော်လည်း မျက်နှာပိုးမသေသေးချေ။

ကျွန်တော်က ခေါင်းအုံးပေါ်သို့မှီချရင်း ခပ်တိုးတိုး ရေရွတ် လိုက်သည်။

"အဲဒီအိပ်မက်က တကယ်ဖြစ်ခဲ့သလိုပါပဲလား"

"လင်းသန့်. . . အနားယူလိုက်ဦးနော် သား၊ တွေ့ကြုံခဲ့ ရတာတွေအားလုံးကို မေ့ဖျောက်ဖို့အတွက် ခဏအနားယူမှဖြစ်မယ်"

မေမေက ကျွန်တော့်ကို နူးညံ့ချိုသာစွာ ဖျောင်းဖျလိုက် သည်။ သူမက ရည်မွန်ကျော်အား တံခါးဝဆီသို့သွားရန် လက်ဟန် ခြေဟန်ဖြင့်ပြရင်း . . .

"သား. . . တစ်ရေးတစ်မောအိပ်လို့ရအောင် မေမေနဲ့ညီ မလေး အပြင်ထွက်ပြီးစောင့်နေပေးမယ်"

"အိပ်တာတော့ဟုတ်ပါပြီ၊ သား ဘယ်အချိန်ကျမှ ဆေး ကဆင်းရမှာလဲ"

"သိပ်မလိုတော့ပါဘူး၊ ဒေါက်တာရဲမြင့်က သားရဲ့ဒဏ်ရာ အခြေအနေကို စစ်ဆေးပြီးရင် ဆေးရုံကဆင်းလို့ရပြီ၊ ဒေါက်တာရဲမြင့် က ဆေးရုံကဆင်းခွင့်ပြုပြီဆိုတာနဲ့ သား အိမ်ပြန်ပြီးနားရုံပဲ"

"အိုကေ"

ကျွန်တော်က ပျော်ရွှင်မြူးထူးစွာ ရေရွတ်လိုက်သည်။

ဖြစ်နိုင်လျှင် ဆေးရုံ၌ ကျွန်တော် တစ်စက္ကန့်ကလေး



မနေချင်တော့။ ကျွန်တော့်ကို ခြုံလွှမ်းပေးထားသည့်စောင်များကလည်း ထူထဲမွန်းကြပ်လွန်းသည်။ ထို့ပြင် ကိုယ့်အိပ်ယာတွင် ကိုယ်အိပ်ခွင့် ရလျှင် ဘယ်လိုအိပ်မက်ဆိုးမှ မက်လိမ့်မည်မဟုတ်ဟု ကျွန်တော့် စိတ်ထဲက ယုံကြည်နေ၏။ ဆေးရုံကကုတင်ပေါ်တွင် အိပ်ရသည်မှာ ချောက်ချားဖွယ်အတွေးများကို တစ်ရုံမလပ်တွေးမိအောင် ဖန်တီး သလိုပင်။

"နောက်ပြီးမှပြန်လာခဲ့မယ် ကိုကို၊ ဒါပေမဲ့ မသွားခင် တစ်နဲ့ တစ်ပေါင်းရင် ဘယ်လောက်လဲဆိုတာသိချင်လို့"

ရည်မွန်ကျော်က အပြင်သို့လျှောက်သွားရာမှ အခန်းအတွင်း သို့ ခေါင်းပြူကြည့်ရင်း ပြုံးစိစိနှင့်မေးလိုက်သည်။

မေမေက သူမအားလှမ်းငေါက်လိုက်၏။

"ရည်မွန်. . . တယ်. . . ဒီကောင်မလေး"

" 'တစ်' နဲ့ 'တစ်' ပေါင်းရင် 'သုံး' ရတယ်ဟေ့"

ကျွန်တော်က ကုတင်ပေါ်မှနေ၍ ပြန်ပြီးလှမ်းအော်ရင်း ဖြေ လိုက်သည်။

"ဟုတ်တယ်. . . ကိုကိုဖြေတာမှန်တယ်"

ရည်မွန်ကျော်က ပြောပြောဆိုဆိုနှင့် ခိုးခိုးခစ်ခစ်ရယ်ရင်း တံခါးဝမှ ပျောက်ကွယ်သွား၏။

သူတို့ထွက်ခွာသွားပြီးနောက် တံခါးဝကို အချိန်အတန်ကြာ အောင် ငေးမောစိုက်ကြည့်နေမိသည်။ ထို့နောက် ကျွန်တော့်အကြည့် များကို မျက်နှာကြက်ဆီသို့ လွှဲဖယ်လိုက်၏။ မျက်နှာကြက်မှ အဖြူ ရောင်စတုရန်းကွက်များကို တစ်ခုချင်း စိတ်ထဲမှ ရေတွက်နေမိသည်။

ကျွန်တော်၏ခေါင်းတွင် တဒုတ်ဒုတ်နှင့် သွေးတိုးဆောင့်နေ သော်လည်း စိတ်တည်ငြိမ်မှုကို ရရှိစပြုလာသည်။ အခန်းမှာလည်း ချောင်းကလို ချာချာလည်မနေတော့။

မျက်လုံးများကိုမှိတ်ထားလိုက်စဉ် အိပ်ပျော်သွားသည်ဟု ခံစား သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် တစ်စုံတစ်ယောက်က ကျွန်တော့်ပုခုံးကို ညင်သာစွာပုတ်လိုက်သဖြင့် ပြန်လန့်နိုးလာသည်။ မျက်စိဖွင့်ကြည့်လိုက်သောအခါ ကျွန်တော့်အား ငုံ့ကိုင်းကြည့်နေသော အဖြူရောင်ကျုတ်ကုတ်နှင့် ဆရာဝန်တစ်ယောက်ကို တွေ့ရ၏။

"လင်းသန့်. . . မင်း နိုးနေပြီလား၊ ဆရာက ဒေါက်တာရဲမြင့်ပါ"

ထိုသူက သူ့ကိုယ်သူမိတ်ဆက်လိုက်သည်။ သူ့ပုံစံက ကျွန်တော်၏အိပ်မက်ထဲမှ ဒေါက်တာရဲမြင့်နှင့် တခြားစီပင်။

ဆရာဝန်ကလှိုင်းတွန့်ကဲ့သို့ဆံပင်များကို သေသပ်စွာဖြီးသင်ထားသည်။ ဆီလိမ်းထားသဖြင့် ပြောင်နေသောနဖူးအောက်တွင် အနက်ရောင်တောက်ပသော မျက်ဝန်းတစ်စုံရှိသည်။ ထိုလူတွင် ငယ်ရွယ်ပြီး ချောမောခန့်ငြားသော ရုပ်ရည်ရှိသဖြင့် ရုတ်တရက်ကြည့်လျှင် တကယ့်ဆရာဝန်တစ်ယောက်ဟု မထင်ရ။

ရုပ်ရှင်ဗွီဒီယိုဇာတ်ကားများတွင် မင်းသားနေရာမှ သရုပ်ဆောင်လေ့ရှိသော ဆရာဝန်တစ်ယောက်ဟု ထင်မှတ်ရ၏။

"ဘယ်လိုနေသေးလဲ၊ သက်သာရဲ့လား၊ ခေါင်းမူးနေတုန်းပဲလား၊ ခေါင်းရောကိုက်နေသေးလား"

"နည်းနည်းတော့ခေါင်းကိုက်တယ်"

"ဒါဆိုရင်ပုံမှန်ပါပဲ၊ မင်းကို နည်းနည်း စစ်ဆေးစမ်းသပ်ကြည့်မယ် လင်းသန့်၊ မင်းလည်း ဆေးရုံကဆင်းချင်နေလှရောပေါ့"

"ဟုတ်ကဲ့. . . ဆင်းချင်နေပါပြီ"

"ဟုတ်ပြီ. . . ဒါဆို စပြီးစစ်ဆေးကြည့်ရအောင်၊ မင်းရဲ့မျက်လုံးတွေကတော့ ပုံမှန်အတိုင်း ကြည်ကြည်လင်လင်ပါပဲ၊ ဒါ ကောင်းတဲ့လက္ခဏာပဲကွ၊ ပါးစပ်လေးတစ်ချက်လောက် ဟလိုက်ပါဦး"

ကျွန်တော်က ပါးစပ်ကိုဟလိုက်သည်။ သို့သော် ဆရာဝန်က . . .

"ကျယ်ကျယ်ဟပါကွ၊ မင်းကို အိပ်မက်ထဲမှာ ဟိုကောင်



လေးက ပါးစပ်ဟပြီး လျှာကြီးထွက်လာအောင် ထုတ်ပြသလိုမျိုးကွာ"

ဟင်. . . သူ. . . သူ ဘယ်လိုသိပါလိမ့်။

ဆရာဝန်၏စကားကြောင့် ကျွန်တော် ကြက်သီးဖျန်းခနဲထသလိုဖြစ်သွားသော်လည်း စိတ်ကိုတင်းပြီး ပါးစပ်ကို ကျယ်နိုင်သမျှကျယ်အောင်ဟလိုက်၏။

သို့သော်. . . ဆရာဝန်က ခေါင်းကိုခါယမ်းပြီး . . .

"မဟုတ်သေးဘူး၊ မဟုတ်သေးဘူး၊ ဟောဒီလိုမျိုး ကျယ်ကျယ်ဟ. . . ကွာ၊ ငါ့ကိုကြည့်"

ပြောပြောဆိုဆိုဖြင့် ဆရာဝန်က သူ့ပါးစပ်ကို အကျယ်ကြီးဟလိုက်သည်။

ကျွန်တော်ကြည့်နေစဉ်မှာပင် , ဆရာဝန်၏ပါးစပ်က ကျယ်သည်ထက်ကျယ်လာ၏။

ကျွန်တော့်ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားသည်။ ကျွန်တော် စိုးရိမ်သည့်အတိုင်း တကယ်ပင်ဖြစ်လာလေပြီ။

ဆရာဝန်၏ပါးစပ်ထဲမှလျှာကြီးသည် တဖြည်းဖြည်းရှည်လျားကာ အပြားလိုက်ကြီးထွက်ကျလာသည်။

"အား"

မဟုတ်ဘူး. . . မဟုတ်ဘူး။ ဒါဟာ တကယ်မဟုတ်ဘူး။

ဒါဟာ အိပ်မက်ပဲဖြစ်ရမယ်။

ကျွန်တော်က ထိတ်လန့်ချောက်ချားစွာတွေးရင်း မျက်စိကိုမှိတ်လိုက်သည်။

ထစမ်း. . . လင်းသန့်။ ထတော့. . . အိပ်မက်ကနေ နိုးတော့လေ. . .။ ဟု ကိုယ့်ကိုယ်ကို သတိပေးနေမိသည်။

ထို့နောက် မျက်လုံးအစုံကို ဖျတ်ခနဲပြန်ဖွင့်လိုက်၏။

. . .

အိပ်မက်မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မျက်လုံးများကို ဖွင့်လိုက်သည့်အခါတွင်လည်း ဆရာဝန်၏ ဟာထားသောပါးစပ်ကျယ်ကြီးထဲမှ လျှာကြီးသည် ကျွန်တော့်ကုတင်ဘေးရှိ ကြမ်းပြင်ပေါ်သို့ တွဲလောင်းကျနေသည်ကို တွေ့လိုက်ရ၏။

■

## အခန်း (၂၂)

ထိုသို့တွေးနေစဉ်မှာပင် ကျွန်တော် တစ်ချက်လူးလွန့်ရင်း အှတ်ခနဲလန့်နိုးလာသည်။

တော်သေးတာပေါ့။ နောက်ဆုံးတော့ အိပ်မက်တစ်ခုဖြစ်နေလို့။

နဝေတိမ်တောင်ဖြင့် မျက်နှာကြက်မှ အဖြူရောင်စတုရန်းကွက်များကို သတိလက်လွှတ်ငေးမောနေမိ၏။

ပြီးမှ သတိဝင်လာပြီး တံတောင်ဆစ်နှစ်ဖက်ကို အားပြုရင်း အိပ်ရာပေါ်မှကုန်းထလိုက်သည်။ အေးစက်သောချွေးစေးများက ကျွန်တော့်နဖူးပြင်ထက်မှ စီးကျလာကြ၏။

ကျွန်တော့်ခေါင်းမှာလည်း သွေးတိုးဆောင့်သည့်အရှိန်ဖြင့် ထုံဒုတ်ဒုတ်မြည်နေသလိုပင်။

"ဒေါက်တာ. . . ဒေါက်တာရဲမြင့်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ရုတ်အက်ကွဲသောအသံဖြင့် အော်ခေါ်လိုက်သည်။

သို့ရာတွင် ဒေါက်တာရဲမြင့်က ပျောက်ခြင်းမလှပျောက်သွားလေပြီ။

မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်ကာ သတိတရားကို စုစည်းရင်း အခန်းဘေးဘီဝဲယာသို့ လှည့်ပတ်အကဲခတ်လိုက်၏။ တစ်ဝက်တစ်ပျက်ပွင့်ဟနေသော ပြတင်းပေါက်မှ ခန်းဆီးစများက လေတိုက်တိုင်း တဖျတ်ဖျတ်လွင့်နေကြသည်။

ကျွန်တော့်ကုတင်ရှေ့မှ နံရံအထိ မည်သည့်အရာမှရှိမနေဘဲ ဟာလာဟင်းလင်းသာဖြစ်နေ၏။

မည်သူမျှမရှိတော့ပြီ။

ဆေးရုံခန်းထဲတွင် ကျွန်တော်တစ်ယောက်တည်း။

ခုနကထွက်ကျနေသည့် လျှာအခွေလိုက်ကြီးကိုများ တွေ့လေမလားဟု ကုတင်အောက်မှ ကြမ်းပြင်ပေါ်သို့ ယောင်ယမ်းပြီး ငုံ့ကြည့်မိသည်။

မည်သည့်အရာမှမရှိပါ။ ကြမ်းပြင်ပေါ်တွင် လျှာနှင့်တူသည့်အရာဟူ၍ အပ်ချည်မျှင် တစ်စပင်မရှိ။

ကျွန်တော်၏ အပေါ်သွားနှင့်အောက်သွားတို့ကို လျှာဖြင့်တို့ထိကြည့်မိသည်။ ကျွန်တော့်လျှာကလည်း သူ့နေရာနှင့်သူ ပုံမှန်အတိုင်းရှိနေဆဲဖြစ်ကြောင်း သိလိုက်ရ၏။

စိတ်သက်သာရာရသွားသဖြင့် ရှည်လျားသောသက်ပြင်းမောတစ်ခုကို ဟင်းကနဲချလိုက်မိသည်။

တော်သေးတယ်။ ငါဘာမှမဖြစ်ဘူးဟု တွေးလိုက်မိ၏။ နောက်ဆုံးတော့ ချောက်ချားစရာအိပ်မက်ဆိုးကနေ ပြန်နိုးလာရတာပါပဲ။

မည်သည့်အော်ဂလီဆန်စရာ အိပ်မက်မှ ရှိမနေကြတော့ပါ။

ထိုစဉ် လူသွားစင်္ကြံကို နင်းလျှောက်လာသည့် ကြမ်းတမ်းကျယ်လောင်သောခြေသံများကို ကြားလိုက်ရ၏။ ဆေးရုံခန်းအတွင်း ဘီလူးတစ်ကောင်များ ဝင်လာလေသလားဟူသောအတွေးဖြင့် တံခါးဝဆီသို့ ကျွန်တော် လှည့်ကြည့်လိုက်၏။



တံခါးဝတွင် လူတစ်ယောက်က ကျွန်တော့်ကိုပြုံးပြရင်း ထူထဲရှည်လျားသော သူ၏နှုတ်ခမ်းမွေးများကို ပွတ်သပ်နေသည်။ ထိုလူ၏အရပ်က ခြောက်ပေခန့်ရှိသဖြင့် အရပ်ရှည်သည်ဟု ပြော၍ရသည်။

ထိုလူ၏ဆံပင်များက မဖြီးမသင်ထားသလို ရှုပ်ပွနေ၏။ ထင်ရှားနက်မှောင်သော မျက်ခုံးမွေးနှစ်ခုကတော့ နဖူးထက်တွင် မျှော့နက်ကြီးနှစ်ကောင် တွယ်ကပ်နေသလိုပင်။

သူ၏ အဖြူရောင်ဂျူတီကုတ်အင်္ကျီက ရှည်ကိုင်းကိုင်းခန္ဓာကိုယ်ပေါ်မှ ဖားလျားကျနေသည်။ ရင်ဘတ်ပေါ်တွင် ချိတ်ဆွဲထားသော စမ်းသပ်သည့်နားကြပ်က လမ်းလျှောက်လိုက်တိုင်း တဘုတ်ဘုတ်နှင့် လှုပ်ယမ်းသွား၏။

"သက်သာသွားပြီလား လင်းသန့်၊ ဆရာက ဒေါက်တာရဲမြင့်ပါ"

"ဟင်. . . ဆရာက ဒေါက်တာရဲမြင့်အစစ်လား"

ကျွန်တော်က အံ့သြမှုကိုမချိုသိပ်နိုင်ဘဲ လွှတ်ကနဲမေးလိုက်သည်။ ဒေါက်တာရဲမြင့်က ကျွန်တော့်စကားကြောင့် မျက်မှောင်ကြုတ်ကာစိုက်ကြည့်ရင်း . . .

"မောင်ရင်က ဘာဖြစ်လို့ဒီလိုမေးတာလဲ"

"မဟုတ်ပါဘူး၊ နောက်ထပ် ဒေါက်တာရဲမြင့်တစ်ယောက်ရှိ. . . ရှိ. . . ကျွန်တော့်အိပ်မက်ထဲက ဒေါက်တာရဲမြင့်ကိုပြောတာပါ"

ဒေါက်တာရဲမြင့်က ကုတင်အစွန်းတွင် တင်ပါးလွှဲဝင်ထိုင်လိုက်၏။ မွေ့ယာက သူ့ကိုယ်အလေးချိန်ကြောင့် အောက်သို့ အိကနဲဆင်းသွားသည်။

သူက ကျွန်တော့်အား အချိန်အတန်ကြာအောင် လေ့လာ

www.burmeseclassic.com



အထဲခေတ်နေ၏ နောက်ဆုံးတွင် . . .

"အေး . . . ဟုတ်ပ . . . အခုတလော မောင်ရင့်အိပ်မက်တွေနဲ့ ဆရာလည်း တော်တော်ဒုက္ခရောက်ရတယ်"

ဒေါက်တာရဲမြင့်မှာ နားကြပ်ကို ကျွန်တော့်ရင်ဘတ်ပေါ်သို့ ဖိလိုက်ပြီး ခဏတာမျှ ငြိမ်သက်စွာနားထောင်နေသည်။

"သွေးခုန်နှုန်းကတော့ လုံးဝပုံမှန်ပြန်ဖြစ်နေပြီ"

သူက ကျွန်တော့်ကိုပြောရင်း မျက်မှောင်ကျုံ့လိုက်ပြီး . . .

"မောင်ရင့်အမေနဲ့ညီမကို ဆေးရုံကစားသောက်ဆိုင်မှာ တွေ့ခဲ့တယ်၊ ခဏနေရင် သူတို့ ဒီကိုပြန်ရောက်လာကြလိမ့်မယ်၊ သူတို့က ဆရာ့ကို မောင်ရင်ရဲ့အိပ်မက်တွေအကြောင်း ပြောပြကြတယ်၊ အဲဒီ အိပ်မက်တွေကြောင့် မောင်ရင်က စိတ်ရှုပ်ထွေးပြီး ကြောက်လဲကြောက်နေတယ်လို့ မောင်ရင့်အမေက ပြောလိုက်သေးတယ်"

ကျွန်တော်က ဟုတ်မှန်ကြောင်း ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်တယ်ဆရာ၊ အဲဒီအိပ်မက်တွေက အရမ်းကြောက်ဖို့ကောင်းတာပဲ၊ ပြီးတော့ အိပ်မက်ဆိုပေမယ့် တကယ်အပြင်မှာဖြစ်နေတဲ့အတိုင်းပဲ၊ အရောင်တွေ ခံစားမှုတွေက တကယ်ဖြစ်နေသလိုပဲခံစားရတယ်၊ ပြီးတော့ . . ."

ကျွန်တော် ဘာဆက်ပြောရမှန်းမသိတော့၍ စကားကို ရပ်လိုက်သည်။

ဒေါက်တာရဲမြင့်က ခေါင်းညိတ်ပြရင်း . . .

"ဆေးရုံမှာ ဒီတစ်ညတော့ထပ်နေရဦးမယ် မောင်လင်းသန့်၊ မင်းရဲ့ခေါင်းကို ဓါတ်မှန်ရိုက်ကြည့်ရတာတော့ အခြေအနေကောင်းပါတယ်၊ ဦးခေါင်းခွံကို ဆိုးဆိုးဝါးဝါးထိခိုက်ထားတဲ့ လက္ခဏာမျိုး မတွေ့ရဘူး၊ အရေပြားကလည်း နည်းနည်းလေးပေါက်ပြဲသွားတယ်ဆိုရုံလေးပဲ၊ ဒါပေမဲ့ မောင်ရင့်ရဲ့ဦးခေါင်းကို ဆေးကုသမှု ကျကျနနခံယူဖို့လိုလိမ့်မယ်"

"ဟုတ်ကဲ့ . . . ကြားရတာဝမ်းသာစရာပဲ"



ကျွန်တော်က ဒေါက်တာရဲမြင့်၏စကားကို ဖြတ်ပြီးဝင်ပြောလိုက်၏။

သူက ခေါင်းညိတ်ပြလိုက်ပြီး . . .

"ဟုတ်တော့ဟုတ်တယ်၊ ဒါပေမဲ့ မောင်ရင် အခုကြုံတွေ့နေရတဲ့ ထူးထူးဆန်းဆန်းအိပ်မက်ဆိုးတွေနဲ့ပတ်သက်ပြီး ဆရာလည်း အကြပ်ရိုက်နေတယ်"

"ဒါဆိုရင် ဒီဆေးရုံမှာ ကျွန်တော် တစ်ညထက်မက ပိုနေရဦးမှာလားဗျာ"

ကျွန်တော်က စိတ်ပျက်အားလျော့နေသောအသံဖြင့် မေးလိုက်သည်။

ဒေါက်တာရဲမြင့်က မတ်တတ်ထရပ်လိုက်၏။ ကျွန်တော်နှင့် နီးနီးကပ်ကပ်ရပ်နေခြင်းကြောင့် သူ့အရပ်ကြီးမှာ မိုးထိုးနေသလိုဟု ထင်မှတ်ရသည်။

"အင်း . . . တစ်ညထက်မက ပိုအိပ်ရင်လည်းအိပ်ရမယ်၊ မနက်ဖြန်မနက်ကျရင် မောင်ရင့်ကို နောက်တစ်ခေါက်ထပ်လာပြီး စစ်ဆေးကြည့်ဦးမယ်၊ အဲ့ဒါပြီးရင်တော့ မင်း ဆေးရုံကဆင်းရတော့မှာပါ"

"ကျေးဇူးတင်ပါတယ်ဒေါက်တာ"

ပြောလိုက်သောကျွန်တော့်အသံက မိုင်ပေါင်းများစွာကပြေးလာရသူလိုမျိုး နွမ်းနယ်တိုးဖျော့လွန်းနေ၏။ လွန်စွာစိတ်ဓါတ်ကျဆင်းသွားမှုကို ကျွန်တော် ဖုံးကွယ်၍မထားနိုင်။ ဖြစ်နိုင်လျှင် အခုချက်ချင်းပင် ဆေးရုံကဆင်းသွားချင်နေမိသည်။

ဒေါက်တာရဲမြင့်က တံခါးဝသို့ရောက်မှ ကျွန်တော့်ဘက်သို့ ပြန်လှည့်ပြီး . . .

"ဪ . . . မေ့နေလိုက်တာ"

ဟုပြောရင်း ခေါင်းကိုခါယမ်းလိုက်၏။

သူက စာအိတ်တစ်ခုကို အင်္ကျီဘေးအိတ်ထဲမှ ထုတ်ရင်း . . .

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ဒီကိုမလာခင်လေးတင်ပဲ မင်းအတွက် စာရောက်လာတယ်၊ အဲဒီစာကို မောင်ရင့်ကိုပေးဖို့ အခုမှပဲသတိရတယ်"

ဒေါက်တာရဲမြင့်က ပြောပြောဆိုဆိုနှင့် စာကို ကျွန်တော့်အား လှမ်းပေးရင်း. . .

"ကိုင်းကိုင်း. . . အေးအေးဆေးဆေးအနားယူလိုက်ဦးပေါ့၊ မနက်ဖြန်မနက်ကျရင် အတတ်နိုင်ဆုံး အဆင်ပြေအောင် ဆရာလုပ်ပေးပါ့မယ်"

ကျွန်တော်က ကျေးဇူးတင်စကားပြန်ပြောရင်း တံခါးဝမှ ထွက်ခွာသွားသည့် ဒေါက်တာရဲမြင့်၏ကျောပြင်ကို ငေးကြည့်ပြီး ကျန်ရစ်ခဲ့သည်။

ထို့နောက် ကျွန်တော်က စာအိတ်ကိုငုံ့ကြည့်လိုက်၏။ စာအိတ်၏ထောင့်နားတွင် ကျွန်တော်တစ်ခါမှမမြင်ဖူးသည့် လက်ရေးဖြင့်. . .

"လင်းသန့်အတွက်"

ဟု ရေးသားထားသည်။

ကျွန်တော်က စာအိတ်ကိုဖွင့်ဖောက်လိုက်ပြီး အထဲမှစာကို ဆွဲထုတ်လိုက်၏။ စာကို လက်ရေးသေးသေးနှင့် ခပ်သော့သော့ရေးထားသည်။

ကျွန်တော်က စာကို အာရုံစိုက်ပြီး သေချာဖတ်ကြည့်လိုက်သည်။

*လင်းသန့်ရေ*

*အိမ်ကို မြန်မြန်ပြန်ခဲ့ပါကွာ။ အခု မင်း ငါ့ကို လာရှာဖို့ အချိန်တန်ပြီလေ။*

*မင်းကို ငါ မြေအောက်ခန်းထဲမှာ ဆက်ဆက်စောင့်နေမယ်။*

*ဒီမွန်း*

## အခန်း (၂၃)

မိနစ်အနည်းငယ်ကုန်လွန်သွားပြီးနောက် မေမေနှင့် ရည်မွန်ကျော်တို့အခန်းထဲသို့ ပြန်ဝင်လာကြသည်။

"ကိုကို. . . နင့်ဖို့ ငါတို့ ကိတ်မုန့်ဝယ်လာတယ်"

ရည်မွန်ကျော်က ပြောပြောဆိုဆိုနှင့် လက်ထဲမှကိတ်မုန့်ကို ကျွန်တော့်အား လှမ်းပေးလိုက်၏။ မေမေက . . .

"သားဆန္ဒရှိရာစားလို့ရတယ်လို့ သူနာပြုဆရာမက ပြောလိုက်တယ်၊ ဒေါက်တာလာကြည့်သွားသေးလား၊ သားကို ဘာတွေပြောသွားသေးလဲ"

"မနက်ဖြန်မနက်ဆိုရင် ကျွန်တော် ဆေးရုံကဆင်းရပြီလို့ ဆရာဝန်ကပြောသွားတယ်၊ ဒါပေမဲ့ မေမေ. . ."

ကျွန်တော့်စကားကြောင့် မေမေက ဘာများလဲဟု မျက်လုံးပင့်ပြီးကြည့်လိုက်သည်။ ထိုစဉ် ရည်မွန်ကျော်က အလိုက်သင့်ဆိုး

www.burmeseclassic.com



သေဒိ ဝင်ပြောင်း

"ကိုကို. . . နင် ကိတ်မုန့်မစားသေးဘူးလား"

"ခဏလေး၊ ပြီးရင်စားမယ်"

ကျွန်တော်က ခပ်ပြတ်ပြတ်ပြန်ဖြေလိုက်သည်။

"မြန်မြန်စားလေ၊ အဲ့ဒီကိတ်မုန့်ကို နင်အရမ်းကြိုက်တယ်ဆို"

ရည်မွန်ကျော်၏ရည်ရွယ်ချက်ကို ကျွန်တော်ရိပ်စားမိ၏။ ကျွန်တော့်ထံမှကိတ်မုန့်ကို သူမကပါ စားချင်နေခြင်းဖြစ်သည်။

ကျွန်တော်က ရည်မွန်ကျော့်ကို ဥပေက္ခာပြုလိုက်ပြီး မေမေ့ကို ငေးစိုက်ကြည့်ရင်း . . .

"မေမေ. . . သားကို ဒေါက်တာရဲမြင့်က စာတစ်စောင်ပေးသွားတယ်၊ အဲ့ဒီစာက ဘယ်ကဘယ်လိုရောက်လာမှန်း သားမသိဘူး။ ဒီမွန်းဆိုတဲ့လူကပေးလိုက်တာတော့ သေချာတယ်၊ သားကို အိပ်မက်ထဲမှာ ခြောက်လှန့်နေတဲ့လူလေ၊ ဒါပေမဲ့ အဲ့ဒီကိစ္စက တကယ်မဟုတ်နိုင်ပါဘူးနော်"

"ဘာစာလဲ. . . မေမေ့ကိုပြစမ်း လင်းသန့်၊ မေမေဖတ်ကြည့်မယ်"

ကျွန်တော်က စောင်အောက်တွင်ထည့်ထားသောစာကို လက်ဖြင့်စမ်းပြီး ရှာကြည့်လိုက်မိသည်။

သို့ရာတွင် စာကိုမတွေ့ရတော့။

ကျွန်တော် ကုတင်တစ်ခုလုံးကို မွှေနှောက်လှန်လှောပြီး စာကိုရှာဖွေလိုက်မိ၏။

စာကိုမတွေ့ရတော့။

ကျွန်တော် ကုတင်ပေါ်မှထရပ်လိုက်ပြီး ကြမ်းပြင်ပေါ်များ ကျသွားလေသလားဟု ဟိုဟိုဒီဒီ ကြည့်လိုက်မိသည်။

ကြမ်းပြင်ပေါ်တွင်လည်း မည်သည့်စာမှရှိမနေပါ။

ကျွန်တော် ခေါင်းအုံးကိုမပြီးကြည့်လိုက်၏။ အိပ်ရာခင်းနှင့်



စောင်များကိုလည်း လှန်ပြီးရှာကြည့်လိုက်သည်။

"အရမ်းထူးဆန်းတာပဲ၊ ခုနလေးတင်စာဖတ်ပြီး ကုတင်ပေါ်တင်ထားရုံရှိသေးတယ်"

ကျွန်တော်က ခေါင်းကိုခါယမ်းရင်း စိတ်ပျက်လက်ပျက်နှင့် ရေရွတ်လိုက်၏။

မေမေနှင့်ရည်မွန်ကျော်က တစ်ယောက်မျက်နှာတစ်ယောက်လှမ်းကြည့်လိုက်ကြသည်။

"မဟုတ်ဘူး၊ ကျွန်တော်တကယ်ပြောနေတာ"

"သား. . . အိပ်ရာပေါ်မှာ ပြန်လှဲနေရင်ကောင်းမယ်၊ သားကို ဒေါက်တာရဲမြင့်က လမ်းတွေဘာတွေ လျှောက်စေချင်ပုံမရသေးဘူး"

"ဒါပေမဲ့ စာကို သားတွေ့အောင်ရှာမှဖြစ်မယ်"

"ကိုကို. . . ကိတ်မုန့်စားစရာရှိတာစားဦးလေ"

"အခုချိန်မှာ ဒီကိတ်မုန့်ကို ဂရုစိုက်မနေနိုင်ဘူး၊ ငါတို့ရဲ့မြေအောက်ခန်းထဲမှာနေတဲ့လူဆီက စာတစ်စောင်ရထားတယ်၊ အဲ့ဒီစာကို မေမေယုံအောင် သက်သေပြနိုင်မှဖြစ်မယ်"

ကျွန်တော်က ရည်မွန်ကျော့်အား စိတ်ဆိုးမာန်ဆိုးနှင့် အော်ငေါက်လိုက်၏။ မေမေက ကျွန်တော့်အားဆွဲလိုက်သည်။

"အော်မနေစမ်းနဲ့ လင်းသန့်၊ သားရဲ့အတွေးတွေက ပုံမှန်မဟုတ်သေးဘူး၊ ဒီတော့ သား အေးအေးဆေးဆေးနားလိုက်ဦး"

"ဒါပေမဲ့. . . ဒါပေမဲ့. . ."

ကျွန်တော်က အထစ်ထစ်အငေါ့ငေါ့ဖြင့်ပြောလိုက်၏။

ထိုစဉ် တံခါးဖွင့်သံကြားလိုက်ရသဖြင့် တံခါးဝသို့ ကျွန်တော်လှမ်းကြည့်လိုက်သည်။ ဒေါက်တာရဲမြင့်က တစ်ဝက်တစ်ပျက်ဖွင့်ဟနေသော တံခါးကြားမှခေါင်းပြူကြည့်ကာ ပြုံးရင်း . . .

"သြော်. . . သားအမိတွေ ပြန်ရောက်နေကြပြီကိုး လင်းသန့်. . . ဘာဖြစ်လို့ ကုတင်အောက်ကိုဆင်းနေရတာတုန်း အားအားတွေ

www.burmeseclassic.com

www.burmeseclassic.com



အင်တွေ အရမ်းပြည့်နေပြီလား"

"ဒေါက်တာရဲမြင့် မေမေ့ကို ကူပြီးပြောပေးပါဦး၊ ဆရာ ကျွန်တော့်အတွက် စာတစ်စောင်ယူလာတယ်မဟုတ်လား ဆရာ၊ ကျွန်တော့်ကို စာတစ်စောင်ပေးခဲ့တယ်ဆိုတာ မေမေတို့ကို ရှင်းပြပေးပါ"

ကျွန်တော့်စကားကြောင့် ဒေါက်တာရဲမြင့်၏ ထူထဲနက်မှောင်သော မျက်ခုံးမွေးနှစ်ဖက်က နဖူးထက်သို့ မြင့်တက်သွား၏။ သူက တအံ့တသြဖြင့်မေးလိုက်သည်။

"စာဟုတ်လား. . . ဘယ်ကစာပါလိမ့်"

■

## အခန်း (၂၄)

ထိုနေ့ညက ကျွန်တော် အိပ်ပျော်မသွားအောင် မျက်လုံးများကို အတင်းဖွင့်ထားမိ၏။ နောက်ထပ်အိပ်မက်ဆိုးများ မက်ချင်စိတ်မရှိတော့ပါ။ ဒီမွန်းဆိုသည့်လူကိုလည်း ထပ်ပြီးမတွေ့ချင်တော့ပါ။ ထို့ပြင် ကျွန်တော်၏ညီမ သို့မဟုတ် တစ်စုံတစ်ယောက်က ပါးစပ်ဟပြီး ဝမ်းတွင်းမှကလီစာများ ထုတ်ပြသည်ကိုလည်း ကြည့်ချင်စိတ်မရှိတော့။

ကျွန်တော်က မျက်လုံးများကို တတ်နိုင်သမျှ ပြူးကျယ်အောင်ဖွင့်ထားပြီး ပြတင်းပေါက်အပြင်ဘက်မှ ခဲသားရောင်ရင့်ရင့် ကောင်းကင်ကို ငေးစိုက်ကြည့်နေမိသည်။ ကျွန်တော့်အခန်းအပြင်ဘက်ရှိဆေးရုံတွင် တစ်ချက်တစ်ချက်ကြားရသော အသံဗလံများကိုလည်း နားစွင့်နေမိ၏။

သို့ရာတွင် နောက်ဆုံး၌ မျက်တောင်များလေးပင်းကျလာပြီး

www.burmeseclassic.com



ကျွန်တော် အိပ်ပျော်သွားလေသည်။ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားသည့်အတွက် အိပ်မက်တစ်ခုတလေမှ ယောင်ယမ်းပြီးမက်ခြင်းမရှိ။

နောက်တစ်နေ့နံနက် အိပ်ရာနိုးလာသောအခါ မေမေနှင့် ရည်မွန်ကျော်မှာ ကျွန်တော်၏အခန်းတွင်းသို့ ရောက်နေနှင့်ကြလေပြီး မေမေက ကျွန်တော်၏အထုပ်အပိုးများကို သိမ်းဆည်းပေးနေ၏။

ကျွန်တော်က တစ်ချက်လူးလွန့်ညည်းတွားလိုက်ပြီး တံတောင်ဆစ်တစ်ဖက်ကိုအားပြုကာ ကုန်းထလိုက်သည်။ မေမေက. . .

"နိုးလာပြီလား အိပ်ပုတ်လေး၊ ဒီနေ့မနက် သား ဆေးရုံကဆင်းလို့ရပြီလို့ ဒေါက်တာရဲမြင့်ကပြောတယ်"

"ဟာ. . . အိုကေပဲ"

အိပ်ရာမှနိုးထကာစဖြစ်သောကြောင့် ကျွန်တော့်အသံက ခြောက်ကပ်အက်ကွဲနေသည်။ ကျွန်တော်၏ဦးခေါင်းက အနည်းငယ်နာကျင်ကိုက်ခဲနေ၏။ ပတ်တီးစည်းထားသောခေါင်းကို ကျွန်တော်လက်ဖြင့်ကိုင်ကြည့်လိုက်သည်။

"ခေါင်းကိုသွားမကိုင်နဲ့လေ၊ ဒဏ်ရာအကင်းမသေသေးတော့ ခေါင်းက နည်းနည်းနာမှာပေါ့၊ ဒါပေမဲ့ စိုးရိမ်စရာမရှိပါဘူး"

ကျွန်တော်က ထိုင်နေရာမှ ကြမ်းပြင်ပေါ်သို့ ခြေထောက်လျှောချလိုက်၏။ ခေါင်းထဲတွင် အနည်းငယ်မူးနောက်ရီဝေနေသော်လည်း ကျွန်တော် အားတင်းပြီး မတ်တတ်ရပ်လိုက်သည်။ မေမေက. . .

"နေပြန်ကောင်းပြီး အားပြန်ပြည့်လာရင် ကျောင်းပြန်တက်နိုင်ပြီလို့လည်း ဒေါက်တာရဲမြင့်ကပြောလိုက်သေးတယ်"

"နင် အရမ်းကံကောင်းတာပဲ၊ ပရက်တီကယ်တွေ အကုန်လွတ်သွားတယ်သိလား"

ရည်မွန်ကျော်ကလည်း ဝင်ပြောလိုက်၏။

"ကဲ. . . ကဲ. . . အဝတ်အစားလဲတော့"



မေမေ ကျွန်တော့်ကို နှစ်ခါတိုက်တွန်းစရာမလိုပါ။ မေမေပြောသည့်အချိန်တွင် ကျွန်တော်၏အဝတ်အစားများကို လဲနေပြီဖြစ်သည်။

ဆေးရုံမှဆင်းကာ အိမ်ပြန်လာသည့်လမ်းတွင် ဝမ်းသာလွန်းသဖြင့် ကျွန်တော် ခုန်ပေါက်ကခုန်မိတော့မလိုဖြစ်ကာ သီချင်းများကို ဆိုညည်းလာမိ၏။

ဘဝတစ်သက်တာတွင် ပထမဆုံးအဖြစ် ရည်မွန်ကျော်၏ပုခုံးကိုပင် ဖက်ထားမိ၏။ ကျွန်တော်က သူမအား. . .

"နင့်ကို ငါ့ညီမမဟုတ်ဘူးလို့ အိပ်မက်မက်မိတာ တောင်းပန်ပါတယ်ဟာ"

"ကိုကို. . . နင့်လက်ကြီးဖယ်စမ်း၊ ငါ့ကို နောက်တစ်ခါမဖက်နဲ့၊ နင့်ကိုငါကြောက်တယ်၊ နင် လူကောင်းတစ်ယောက်လိုနေရင်ကောင်းမယ်"

"စိတ်မပူပါနဲ့ဟာ၊ အိမ်ပြန်ရောက်တာနဲ့ ငါ နဂိုအတိုင်းပြန်ဖြစ်သွားမှာပါ"

တကယ်လည်း ထိုသို့ဖြစ်ရန် ရည်ရွယ်ပါ၏။

အိမ်သို့ပြန်ရောက်လာကြသောအခါ ကျွန်တော် အလွန်ပျော်ရွှင်နေမိ၏။ ဆေးရုံနှစ်ရက်ခန့်တက်ရသည်မှာ ကျွန်တော့်အတွက် နှစ်ကမ္ဘာခန့်ကြာသည်ဟု ထင်မှတ်ရလေသည်။

မေမေက အိမ်ပြန်ရောက်ရောက်ခြင်း မီးဖိုချောင်ထဲသို့ တန်းဝင်သွားပြီး ကျွန်တော်တို့ကို မြေအိုးမြီးရှည်လုပ်ကျွေးသည်။ ပွက်ပွက်ဆူနေသည့်မြေအိုးထဲမှ အငွေ့တထောင်းထောင်းထနေသည့် မေမေ၏ မြေအိုးမြီးရှည်မှာ ကျွန်တော့်အသည်းစွဲပင် ဖြစ်သည်။

မေမေမှာ ပုံမှန်အားဖြင့် တစ်ပတ်တွင် တနင်္ဂနွေနေ့တစ်နေ့သာ ကျွန်တော်တို့ကို မုန့်လုပ်ကျွေးလေ့ရှိ၏။ သို့ရာတွင် ဒီနေ့မှာ ကျွန်တော် ဆေးရုံမှဆင်းသည့်အထိမ်းအမှတ်အဖြစ် ပျော်ပျော်ပါးပါး မြီးရှည်လုပ်စားကြခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နေ့လည်ခင်းတွင် ဖော်မိုးက ကျွန်တော်တို့အိမ်သို့ ပေါက်ချလာ၏။ သူက ကျွန်တော့်ခေါင်းကို တုတ်ရှည်နှင့်ရိုက်မိသည့်အတွက် စိတ်မကောင်းသည့်အမူအရာဖြင့် တောင်းပန်သည်။

ကျွန်တော့်ကိုယ်ပင်ကျွန်တော် ဘာဖြစ်ခဲ့မှန်း သေချာမမှတ်မိသည့်အတွက် တောင်းပန်စရာမလိုပါဟု သူ့ကိုပြန်ပြီး နှစ်သိမ့်လိုက်ရ၏။

"အေး. . . ငါလည်း ကောင်းကောင်းမမှတ်မိတော့ဘူးကွ၊ မင်းက ငါ့နောက်မှာရပ်နေတယ်၊ မင်းကို ငါ သတိမထားလိုက်မိဘူး၊ ငါ တုတ်သိုင်းလေ့ကျင့်ဖို့အလှည့်ကျတော့ တုတ်ရှည်ကိုဝှေ့ယမ်းလိုက်တာနဲ့. . . ခွပ်ကနဲ အသံကြားလိုက်ရတော့တာပဲ"

ဖော်မိုးပြောသည့်အတိုင်း ကျွန်တော် ပုံဖော်စိတ်ကူးကြည့်သေးသည်။ သို့ရာတွင် ဘာကိုမှ ရေရေရာရာ ပြန်စဉ်းစား၍မရတော့။

"ငါ တကယ်စိတ်မကောင်းပါဘူး လင်းသန့်ရာ"

ဖော်မိုးက ထပ်ပြီးတောင်းပန်လိုက်ပြန်၏။ ကျွန်တော်က

"ဒါ မင်းအပြစ်မဟုတ်ပါဘူးကွာ၊ ကိုယ့်ကိုယ်ကို သိပ်လည်း အပြစ်တင်မနေပါနဲ့"

"ဟုတ်သားပဲ၊ ဖော်မိုးက ကိုကို့ရဲ့ခေါင်းထဲကို အသိဉာဏ်နည်းနည်းလောက် ရိုက်ထည့်ပေးလိုက်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

ရည်မွန်ကျော်က အခန်းတံခါးဝမှနေ၍ လှမ်းအော်လိုက်သည်။

"ဟိုကောင်မလေး. . . ငါတို့နဲ့ လွတ်လွတ်ကင်းကင်းမှာ သွားနေစမ်း၊ ဒီနားကို ဘာလာရှုပ်နေတာလဲ၊ ငါတို့ပြောတာတွေကို ချောင်းနားထောင်နေတာလား"

ကျွန်တော်က ရည်မွန်ကျော်အား လှမ်းပြီး အော်ငေါက်လိုက်၏။

"ငါက ဘာဖြစ်လို့ နင်တို့ပြောတာကို ချောင်းနားထောင်ရမှာလဲ၊ နင်တို့ရဲ့စကားတွေက ပျင်းစရာကြီး"



ရည်မွန်ကျော်ကလည်း ကြက်ခေါင်းဆိတ်မခံ ပြန်အော်သည်။

"မေမေက ငါတို့အတွက် ဗွီဒီယိုခွေငှားပေးထားတယ်၊ အဲဒါ ငါတို့ အခုကြည့်မလို့၊ နင်ရော ငါတို့နဲ့လာကြည့်ဦးမလား"

"အောင်မလေး ပျင်းစရာကြီး"

ဟု ရည်မွန်ကျော်က ပြောလိုက်သော်လည်း သူမက ဆိုဖာထိုင်ခုံတစ်ခုပေါ်တွင် ဇွေ့ကနဲဝင်ထိုင်လိုက်သည်။ သူမက လက်နှစ်ဖက်ကိုပိုက်ရင်း. . .

"အခု ဘာခွေပြမှာလဲ"

ကျွန်တော် လေးငါးခါလောက်ကြည့်ပြီးနေသော 'သရဲခြောက်တဲ့ည' ဆိုသည့်အခွေကို စက်ထဲသို့ထည့်ရင်း ပြန်ဖြေလိုက်သည်။

"ဒီသရဲကားက အရမ်းကြောက်စရာကောင်းတယ်၊ နောက်တစ်ခေါက် ပြန်ကြည့်ကြမယ်"

အရင်ကဆိုလျှင် မေမေက နေ့လည်နေ့ခင်း၌ ဗွီဒီယိုခွေကြည့်ခွင့်မပြုပါ။ ကျွန်တော်တို့ မျက်စိပျက်မှာစိုးလို့ဟု မေမေက အကြောင်းပြ၏။

သို့ရာတွင် ယနေ့ကား အထူးအခွင့်အရေးရသောနေ့တစ်နေ့ ဖြစ်သည်။

မြေအိုးမြီးရှည်စားပြီး သရဲကားထိုင်ကြည့်သည်။ လောလောဆယ် ဒီထက် ပိုကောင်းတာမရှိနိုင်တော့။

ကျွန်တော်တို့သုံးယောက် ညှိခန်းထဲ၌ ဗွီဒီယိုထိုင်ကြည့်နေစဉ် မေမေက ကျွန်တော့်အား သက်သာရဲ့လားဟု မကြာခဏမေးထတ်၏။

မေမေမေးတိုင်းလည်း ကျွန်တော်က သက်သာပါတယ်ဟု ပြန်ဖြေခဲ့သည်။

သို့ရာတွင် သရဲကားပြီးခါနီး၌ ခေါင်းထဲမှ ကိုက်ခဲစပြုလာ၏။ တစ်ကိုယ်လုံးလည်း ငှက်ဖျားတက်နေသူတစ်ယောက်လို တုန်ခါလာသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ရေးတစ်မောအိပ်ပြီး အနားယူလိုက်လျှင်ကောင်းမည်ဟု ကျွန်တော်ဆုံးဖြတ်လိုက်၏။ ကျွန်တော်က ဖော်မိုးအား ကျောင်းမှာထားသည့်စာများကို နောက်မှ ပြန်ကူးတော့မည်ဟုပြောကာ နှုတ်ဆက်လိုက်သည်။ ထို့နောက် အပေါ်ထပ်သို့တက်လာတော့၏။

ကျွန်တော်က ခုတင်ပေါ်တွင်ထိုင်ရင်း ပင်ပန်းနွမ်းနယ်စွာ သက်ပြင်းတစ်ချက်ချလိုက်သည်။ ကုတင်ပေါ်၌ လှဲလျောင်းအနားယူရန် ဟန်ပြင်လိုက်၏။

သို့ရာတွင် ကျွန်တော့်ကို တစ်စုံတစ်ယောက်က ချောင်းမြောင်းစိုက်ကြည့်နေသလိုမျိုး စိတ်ထဲ၌ ထူးခြားသောအာရုံတစ်ခုကို ဖျတ်ခနဲရလိုက်သည်။

အခန်းဘေးဘီဝဲယာကို လှည့်ပတ်အကဲခတ်လိုက်စဉ် တံခါးဝ၌ လူငယ်တစ်ယောက်ရပ်နေသည်ကို တွေ့လိုက်ရ၏။

"ဖော်မိုးလား. . . ဟင်"

ရုတ်တရက် ကျွန်တော်က ဘယ်သူမှန်းမသိဘဲ လှမ်းခေါ်လိုက်သည်။

ထိုလူက ဖော်မိုးမဟုတ်ပါ။ သူ အခန်းထဲသို့ဝင်လာသည်နှင့်တပြိုင်နက် ကျွန်တော် ချက်ချင်းမှတ်မိသွား၏။

ထိုသူကား ဒီမွန်းပင်ဖြစ်လေသည်။

■

# အခန်း (၂၅)

"အား"

ကျွန်တော်က အသံကုန်အော်ဟစ်လိုက်သည်။ ထို့နောက် မျက်လုံးကိုစုံမှိတ်ထားပြီး လက်ဖြင့်ကာယမ်းရင်း. . .

"သွား. . . သွား. . . မလာနဲ့၊ ငါ့ဆီကိုမလာနဲ့"

"ဝုန်း"

အခန်းတံခါးကို တစ်စုံတစ်ယောက် ဆောင့်တွန်းဖွင့်လိုက်သံလိုမျိုး ကြားလိုက်ရ၏။ ထို့နောက်. . .

"ကိုကို. . . ကိုကို. . . ဘာဖြစ်နေတာလဲ"

လက်နှစ်ဖက်က ကျွန်တော့်ပုခုံးကိုလှုပ်ယမ်းရင်း မေးနေသံကြောင့် ကျွန်တော် မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်၏။

"ဟင်. . . ရည်မွန်ကျော်. . . ညီမလေး"

"ကိုကို ကယောင်ကတမ်းနဲ့ ဘာတွေအော်ဟစ်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း၊ နဖူးမှာချွေးတွေရွှဲလို့"

ညီမလေး၏မျက်နှာက တကယ်ပင် စိုးရိမ်ပူပန်နေပုံပေါ်သည်။

ကျွန်တော့်ညီမသည် ကျွန်တော့်ကို စလိုက်နောက်လိုက်ဖြင့် စိတ်ကသိကအောက်ဖြစ်အောင် အမြဲလုပ်တတ်သော်လည်း တကယ့်အရေးအကြောင်းဆိုလျှင် ကျွန်တော့်အတွက် စိတ်ပူပန်တတ်မှန်း သိလိုက်ရသဖြင့် ဝမ်းသာသလို ဝမ်းနည်းသလို ခံစားလိုက်ရသည်။

ကျွန်တော်က တံခါးဝဆီသို့ ကယောင်ကတမ်းဖြင့် လက်ညှိုးထိုးပြလိုက်ရင်း . . .

"ဟို . . . ဟို . . . စောစောက တံခါးဘေးမှာ လူတစ်ယောက်ရပ်နေတယ်"

"ဟာ . . . ကိုကိုကလည်း၊ အဲဒါ ညီမလေးပါ"

"မဟုတ်ဘူး၊ နင် . . . မဟုတ်ဘူး၊ အဲဒီလူက ယောကျ်ားလေးတစ်ယောက်"

ရည်မွန်ကျော်က မပွင့်တပွင့်ရယ်လိုက်ပြီး . . .

"ခက်တော့တာပဲ၊ ကိုကိုကလည်း အိပ်ချင်မူးတူးနဲ့၊ ဘာတွေဘယ်လိုမြင်နေမှန်းမသိဘူး၊ ညီမလေးပါ . . ဆို၊ ကိုကို့ကို ပြောစရာတစ်ခုရှိတာ အခု အိပ်ခါနီးမှသတိရတာနဲ့ ပြောမလို့၊ အဲဒါ တံခါးကိုဖွင့်ပြီး ကိုကိုအိပ်ပြီလားလို့ ချောင်းကြည့်ရုံရှိသေးတယ်၊ ကိုကိုက အလန့်တကြားထအော်တာ"

ကျွန်တော်က အနည်းငယ်စိတ်တိုစွာဖြင့် . . .

"ညကြီးအချိန်မတော် နင်က ဘာပြောမလို့လဲ"

"အံမယ် . . . မေ့နေပြီမဟုတ်လား၊ သန်ဘက်ခါကျရင် ကိုကို့မွေးနေ့လေ၊ အဲဒါ ဘာစီစဉ်မှာလဲလို့လာပြောတာ"

"မသိဘူး၊ ငါ ဘာမှမစဉ်းစားရသေးဘူး"

ကျွန်တော်က တမင်ပင် တိုတိုပြတ်ပြတ်ပြောလိုက်၏။ ကျွန်တော် စိတ်တိုနေမှန်းရိပ်မိသွားအောင် ဖြစ်သည်။



သို့ရာတွင် ရည်မွန်ကျော်ကတော့ ကျွန်တော် ဘာဖြစ်နေဖြစ်နေ ဂရုမစိုက်ဘဲ သူမပြောချင်သည်ကိုသာ စွတ်ပြောနေ၏။

"ဒီလိုလုပ်ပါလား . . . ကိုကို၊ နင့်သူငယ်ချင်းတွေရော ငါ့သူငယ်ချင်းတွေကိုပါ အဲဒီညမှာဖိတ်လိုက်ပြီးတော့ ပါတီပေးမယ်လေ၊ ပြီးတော့ GAME တွေကစားကြရင် အရမ်းပျော်စရာကောင်းမှာပဲ"

"ဟာ . . . တော်စမ်းပါဟာ"

ကျွန်တော်တို့မောင်နှမနှစ်ယောက် ငြင်းခုံနေကြစဉ်မှာပင် မေမေက အခန်းထဲသို့ဝင်လာပြီး . . .

"ဟဲ့ . . . စောစောက အော်သံကြားလိုက်ပါတယ်၊ ဘာဖြစ်တာလဲ"

"ဘာမှမဖြစ်ပါဘူး . . . မေမေ"

ကျွန်တော်က မေမေ စိတ်ပူနေမှာစိုးသဖြင့် စကားကို ပိတ်လိုက်၏။ ရည်မွန်ကျော်က ဒါကိုအခွင့်ကောင်းယူကာ . . .

"ကိုကိုက သမီးကိုတိုင်ပင်နေတာ မေမေရဲ့၊ သူ့မွေးနေ့ကျရင် သူ့သူငယ်ချင်းတွေကိုကော သမီးသူငယ်ချင်းတွေကိုကော ဖိတ်ပြီး အိမ်မှာ ပါတီပေးချင်တယ်တဲ့၊ လုပ်ပေးလိုက်ပါမေမေရယ် . . . နော်၊ ကိုကိုက နေကောင်းခါစဆိုတော့ သနားပါတယ်နော်၊ မေမေနော်"

သူမ၏စကားကြောင့် မေမေက စိတ်မသက်သာသလိုဖြစ်သွားပြီး ကျွန်တော်တို့နှစ်ယောက်ကို ကြည့်သည်။

ထို့နောက် စိတ်လျှော့လိုက်ဟန်ဖြင့် သက်ပြင်းတိုးတိုးချပြီး . . .

"အေးလေ . . . သားတို့သဘောပေါ့"

ပြောပြောဆိုဆိုဖြင့် လှည့်ထွက်သွား၏။

အခန်းတံခါးဝမှာ မေမေ ပျောက်ကွယ်သွားသွားချင်း ရည်မွန်ကျော်က အူမြူးကာ အခန်းထဲတွင် လှည့်ပတ်ကခုန်နေတော့သည်။

ကျွန်တော်ကတော့ ကုတင်ပေါ် ဝုန်းခနဲပစ်လှဲချပြီး စောင်ကို

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းငြိမ့်ငြိမ့်ထားလိုက်တော့၏။

■

## အခန်း (၂၆)

မွေးနေ့ပွဲမှာ သူငယ်ချင်းတွေအားလုံးကို စုံစုံညီညီတွေ့လိုက်ရသောကြောင့် သောက်တွေအားလုံးကို မေ့လျော့ကာ ပျော်ရွှင်နေမိသည်။

ကျွန်တော့်သူငယ်ချင်းတွေကော ရည်မွန်ကျော့်သူငယ်ချင်းတွေပါ အားလုံးပေါင်းလိုက်လျှင် ဆယ်ယောက်ရှိ၏။

ရည်မွန်ကျော့်သူငယ်ချင်းတွေအနက် သုံးယောက်မှာ ယောကျ်ားလေးတွေဖြစ်ပြီး ကျွန်တော်နှင့် တစ်ခါမှဆုံဖူးခြင်းမရှိသော မျက်နှာစိမ်းများဖြစ်ကြ၏။

ပြီးတော့ အဲသည်ကောင်လေးတွေကို ကြည့်ရသည်မှာ [illegible] ရှက်ကိုးရှက်ကန်းဖြစ်နေသလိုလို ကျွန်တော်နှင့် မျက်နှာချင်း[illegible] သလိုလို။

ထို့ကြောင့် ကျွန်တော်လည်း သူတို့နှင့် ဝေးကွာ[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဆက်မနေတော့ဘဲ စာသိဖာသာနေလိုက်တော့သည်။

"ကဲ. . . ကဲ. . . အားလုံးပဲ၊ စားလို့သောက်လို့ပြီးကြပြီဆိုတော့ ကစားလိုက်ကြရအောင်"

ရည်မွန်ကျော့်၏ စွာလောင်စွာလောင်အသံကြောင့် အားလုံး ခေါင်းထောင်သွားကြ၏။ ဇော်မိုးက . . .

"ဟင်. . . ဘာကစားမှာလဲ၊ ပါဆယ်ကိမ်းလား"

အမြွာညီနောင်ထဲမှ ရဲသီဟက. . .

"ငါတို့က သိပ်ညဥ့်နက်အောင်တော့ နေလို့မရဘူးနော်၊ ငါတို့ အမေက ညကိုးနာရီမထိုးခင် ပြန်လာခဲ့လို့မှာလိုက်တယ်"

"အံမယ်. . . မင်းတို့ကလည်းကွာ၊ မိန်းကလေးတွေကျနေတာပဲ၊ ဒီအရွယ်ကြီးတွေပဲရောက်နေပြီ"

ဟု ကျွန်တော်ကဝင်ပြောလိုက်၏။ သူတို့ အမြွာညီအစ်ကို အချင်းချင်း အမြဲတမ်း ဆန့်ကျင်ဘက်ဖြစ်ကျထုံးစံအတိုင်း ရဲသူရက. . .

"အေးဆေးပါ၊ ညဆယ့်တစ်နာရီလောက်မှပြန်လည်း မေမေက မဆူပါဘူး၊ အခုမှ ခုနစ်နာရီခွဲပဲရှိသေးတာ၊ အချိန်ရပါတယ်၊ ကဲ. . . ပြောစမ်းပါဦး၊ ဘာကစားမှာလဲ"

ရည်မွန်ကျော့်က . . .

"လိပ်ပြာဝှက်တမ်းကစားကြမယ်လေ"

"အဲဒါ ဘာကစားနည်းလဲ၊ ငါတို့ တစ်ခါမှမကစားဖူးဘူး"

ရည်မွန်ကျော့်၏သူငယ်ချင်းဖြစ်ပုံရသော မျက်နှာစိမ်းကောင်လေးတစ်ယောက်က လှမ်းမေးသည်။ ရည်မွန်ကျော့်က . . .

"လွယ်လွယ်လေးပါ၊ အခု ငါတို့ လူဆယ့်နှစ်ယောက်ရှိတယ်မဟုတ်လား၊ စက္ကူအဖြူနဲ့ မဲလိပ်ဆယ့်နှစ်လိပ်လုပ်ရမယ်၊ အဲဒီထဲမှာ ဆယ့်တစ်လိပ်ကဗလာ၊ တစ်လိပ်မှာ 'လိပ်ပြာ' လို့ရေးထားတယ်"

"နေဦး. . . နေဦး၊ အဲဒီကစားနည်းမစခင် တစ်အိမ်လုံး



မှောင်မဲနေအောင် မီးတွေအားလုံးမှိတ်ထားရတယ်ဆိုတာပါ ထည့်ပြောလေ"

ကစားဖူးသောဇော်မိုးကပါ ဝင်ပြီးဖြည့်စွက်၏။ ရည်မွန်ကျော့်က ဇော်မိုးကိုတစ်ချက်မျက်စောင်းထိုးကြည့်ပြီး သူမ၏ ပြောလက်စစကားကို ဆက်သည်။

"ပြီးရင် မဲလိပ်ဆယ့်နှစ်လိပ်စလုံးရောမွှေပြီး လူတိုင်းက တစ်ယောက်တစ်လိပ်စီနှိုက်ရမယ်၊ ကိုယ့်မဲလိပ်ကို ဘယ်သူ့မှမပြဘဲ ကိုယ်တစ်ယောက်တည်း တိတ်တိတ်လေးပဲဖွင့်ကြည့်ရမယ်"

"ဟင်. . . ဒါဆို ဒီလူဆယ့်နှစ်ယောက်ထဲမှာ ဘယ်သူက 'လိပ်ပြာ'မဲရသလဲဆိုတာ ကာယကံရှင်ကလွဲပြီး ဘယ်သူမှမသိရဘူးပေါ့"

ထိုမေးခွန်းကြောင့် ရည်မွန်ကျော့်ကပြုံးလိုက်ပြီး . . .

"ဟုတ်တယ်. . . အဲဒီ ဘယ်သူမှန်းမသိတဲ့လူကို လိုက်ရှာရမှာ၊ မဲနှိုက်ပြီးတာနဲ့ အခန်းထဲကမီးတွေအားလုံးကို မှိတ်လိုက်တဲ့အချိန်မှာ လူတွေအားလုံး အပြင်ကို တကွဲတပြားစီထွက်ကြရမယ်၊ 'လိပ်ပြာ'ဖြစ်နေတဲ့သူကတော့ အသာလေးလစ်ထွက်သွားပြီး တစ်နေရာရာမှာ သွားပုန်းနေလိမ့်မယ်"

"ဟင်. . . ဘယ်သူမှန်းမသိဘဲနဲ့ ဘယ်လိုလုပ်လိုက်ရှာမလဲ"

"လူတွေအားလုံးက တစ်အိမ်လုံး အနှံ့လျှောက်သွားနေကြမှာပဲလေ၊ ကိုယ်က တစ်ယောက်ယောက်ကိုတွေ့ပြီဆိုတာနဲ့ 'လိပ်ပြာလား' လို့လှမ်းမေးလိုက်၊ အမေးခံရတဲ့သူကလည်း မဟုတ်ဘူးဆိုရင် ပြန်ပြီးတော့ 'လိပ်ပြာလား' လို့ ပြန်မေး၊ ဒါဆိုရင် နှစ်ယောက်စလုံးမဟုတ်မှန်း သိသွားပြီ၊ လူခွဲပြီးဆက်ရှာကြပေါ့"

"ဒါဆို. . . လိပ်ပြာမဲပေါက်ထားတဲ့လူကကော. . ."

"လိပ်ပြာဖြစ်နေတဲ့လူကတော့ ဘာမှပြန်ပြောခွင့်မရှိဘူး သူ့ဘာသာသူ ပုန်းနေ၊ တစ်ယောက်ယောက်ကတွေ့သွားလို့ 'လိပ်ပြာလား' လို့လာမေးရင်လည်း လုံးဝ စကားပြန်မပြောရဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကိုယ်က 'လိပ်ပြာလား' လို့မေးလိုက်လို့ ဘာ စကားမှပြန်မပြောတဲ့သူဟာ လိပ်ပြာပေါ့. . . ဟုတ်လား"

"ဟုတ်တာပေါ့"

ရည်မွန်ကျော်က ဆရာကြီးလုပ်ပြီးရှင်းပြနေသည်ကို ကျေနပ်သည့်လေသံဖြင့် ရွှင်မြူးစွာပြောလိုက်၏။ ထို့နောက် သူမကပင် ဆက်ပြီး. . .

"အဲဒီလို လိပ်ပြာကိုတွေ့ရင် သူ့ဘေးနားမှာရပ်နေလိုက်ရုံပဲ၊ နောက်. . . အဲဒီနှစ်ယောက်တွဲကို နောက်ထပ်တစ်ယောက်က ထပ်ပြီးတွေ့သွားမယ်၊ သူကလည်း 'လိပ်ပြာလား' လို့မေးပြီး အဖြေမရရင် အဲဒီနားမှာပဲ ဆက်ပြီးရပ်နေလိမ့်မယ်၊ ဒီလိုနဲ့ သုံးယောက်တွဲကနေ လေးယောက် ငါးယောက် စသဖြင့် စုစုမိလာပြီး နောက်ဆုံးမှရောက်တဲ့သူဟာ အရှုံးပဲ၊ နောက်ဆုံးလူဟာ ရှေ့ကလူတွေ ခိုင်းသမျှလုပ်ရမယ်၊ ဘယ့်နှယ်လဲ"

"ဟား. . . သိပ်ပျော်စရာကောင်းမှာပဲ"

ရဲသူရကလည်း ဝင်ပြီး. . .

"လင်းသန့်တို့အိမ်ကြီးကကျယ်တော့ ပုန်းစရာနေရာတွေလည်း အများကြီးရှိမှာပဲ"

"ဒါပေမဲ့ ရှာတာသိပ်ကြာသွားရင်လည်း ပျင်းစရာကောင်းသွားမှာ၊ မြန်မြန်မိပြီး မြန်မြန် နောက်တစ်ပွဲစနိုင်မှ ပျော်စရာကောင်းမှာ"

ထုံးစံအတိုင်း ရဲသီဟက ကန့်လန့်တိုက်၏။ ကျွန်တော်က အထိတ်တလန့်ဖြင့် ဝင်ပြီး. . .

"ဟောကောင်တွေ ပုန်းစရာတွေအများကြီးဆိုပေမယ့် မြေအောက်ခန်းထဲတော့ ဝင်မပုန်းကြနဲ့ကွာ"

"ဟာ. . . ဒီလိုကန့်သတ်ထားလို့ ဘယ်ကောင်းမလဲကွ"

"ဟုတ်တယ်. . . ဇော်မိုးပြောတာမှန်တယ်၊ မင်း ဘာကြောင့်တာလဲ. . . လင်းသန့်"



ကျွန်တော့်စကားကို သူတို့အားလုံးက ဝိုင်းကန့်ကွက်ကြသည်။ ဘာမှမတတ်နိုင်။ ကျွန်တော် သက်ပြင်းချကာ စိတ်လျှော့လိုက်ရသည်။

ထိုစဉ် ရည်မွန်ကျော်က . . .

"ကဲ. . . ကြာတယ်ကြာတယ်၊ ကစားမယ်ဆိုရင် စကြရအောင်"

ပြောပြောဆိုဆိုဖြင့် စက္ကူဖြူတစ်ရွက်ကိုဆုတ်ကာ မဲလိပ်ဆယ့်နှစ်လိပ်လိပ်လိုက်သည်။ မဲလိပ်တစ်ခုမှာတော့ 'လိပ်ပြာ' ဟု ထင်ထင်ရှားရှားရေးထားလိုက်၏။

ထို့နောက် မဲလိပ်များကိုမွှေနှောက်ပြီး တစ်ယောက်တစ်လိပ်နှိုက်ရသည်။

ကျွန်တော်က ကျွန်တော်ရသောမဲလိပ်ကို အသာဖြေကြည့်လိုက်သည်။

ဗလာ. . .။

ဒါဆို လိပ်ပြာက ဘယ်သူများဖြစ်လေမလဲ။

ကျွန်တော်တွေးနေစဉ်မှာပင် အခန်းမီးများကို မှိတ်လိုက်သောကြောင့် မှောင်အတိကျသွားသည်။

တစ်အိမ်လုံးတွင် ရှိသမျှမီးချောင်းတွေ မီးလုံးတွေအားလုံးကိုလည်း မှိတ်ထားပြီးသားဖြစ်သောကြောင့် ကိုယ့်လက်ဖဝါးကိုပင် ကိုယ်ပြန်မမြင်နိုင်လောက်အောင် မှောင်မိုက်နေ၏။

ထိုစဉ် အခန်းထဲမှ တစ်စုံတစ်ယောက် အပြင်သို့ခြေဖော့နင်းကာ ထွက်သွားသံကိုကြားရသည်။

မကြာလိုက်ပါ။

ကစားပွဲစတင်ကြောင်း ရှိုခနဲ ခရာမှုတ်အချက်ပေးသံပေါ်လာပြီး ကျွန်တော်တို့အားလုံး မှောင်ထဲမှာပင် စမ်းတဝါးဝါးဖြင့် အခန်းပြင်သို့ အလုအယက် ပြေးထွက်ခဲ့ကြတော့၏။

ဘယ်သူဟာလိပ်ပြာလဲ။ မှန်းဆလို့လည်းမရ။

www.burmeseclassic.com

www.burmeseclassic.com



ငါးမိနစ်ကျော် ဆယ်မိနစ်ခန့်ကြာအောင် စကြံလမ်းပေါ်မှာ အခန်းတံခါးဝတွေမှာ လှေကားပေါ်မှာ လူတွေ ပြေးလိုက်လွှားလိုက် တက်လိုက်ဆင်းလိုက် လုပ်နေသံများကို ကြားရသည်။

တစ်ယောက်နှင့်တစ်ယောက် တိုးမိတိုက်မိတိုင်း . . .

"လိပ်ပြာလား"

"လိပ်ပြာလား"

ဟု အပြန်အလှန်မေးကြသံများကိုလည်း ကြားရ၏။

အတော်ကြာတော့ တစ်အိမ်လုံးမှာ လှုပ်ရှားသံများ ငြိမ်သက်သွားသည်။ တစ်နေရာရာမှာ တစ်ယောက်ယောက်ကတော့ လိပ်ပြာကို ဖမ်းမိနေလောက်ပြီဟု ကျွန်တော်တွေးမိသည်။

မီးဖိုခန်းရှိရာလောက်ဆီကိုသို့ ကျွန်တော် မှန်းကာလျှောက်လာခဲ့သည်။ ထိုစဉ် အပေါ်ထပ်သို့တက်သော လှေခါးအဆုံးနားဆီတွင် လူရိပ်တွေလိုလိုတွေ့သဖြင့် ကျွန်တော် ကမန်းကတန်းတက်လာခဲ့၏။

ကျွန်တော့်အထင်မှန်သွားသည်။

လှေကားအပေါ်ဆုံးတွင် လူရှစ်ယောက်ကိုးယောက်ခန့် ထိုင်နေသည်ကို မပီမပိုးတဝါးတွေ့လိုက်ရ၏။ ကျွန်တော်က. . .

"လိပ်ပြာလား"

ဟု လှမ်းမေးလိုက်သည်။

ပြန်ဖြေသံမကြားရ။

သေချာပြီ။ ဒီမှာ 'လိပ်ပြာ' ရှိနေပေပြီ။

ကျွန်တော် ထိုအုပ်စုထဲသို့ ကမန်းကတန်းဝင်ပြီး ပေါင်းကာထိုင်နေလိုက်၏။

အချိန်မီရုံကလေးပင်။

"လိပ်ပြာလား. . . လိပ်ပြာလား"

ဟု အမောတကောမေးရင်း လှေကားအတိုင်းပြေးတက်လာသူနှစ်ယောက်ကို တွေ့လိုက်ရသည်။



ရှေ့တစ်ယောက်ကတော့ ကျွန်တော်မသိသော ကောင်လေးတစ်ယောက်ဖြစ်ပြီး နောက်က အပြေးအလွှားအမီလိုက်နေသူကတော့ ဇော်မိုးဖြစ်၏။

သူတို့နှစ်ယောက်စလုံး မည်သူကမှ နောက်ဆုံးလူမဖြစ်ချင်သည့်အတွက် သူ့ထက်ငါ အရင်ရောက်အောင် အပြေးပြိုင်နေကြခြင်းဖြစ်လေသည်။

နောက်ဆုံးတော့ ဟိုကောင်လေးက အရင်ဦးအောင်ရောက်လာပြီး ဇော်မိုးက လှေကားနှစ်ထစ်ခန့် နောက်ကျန်နေရစ်ခဲ့၏။

"ဟေး. . . ဟေး. . . ဟေး"

"ဇော်မိုး. . . ရှုံးပြီဟေ့"

"နောက်အကျဆုံးက ဇော်မိုးပဲဟေ့၊ သူ့ကို ဘာလုပ်ခိုင်းရင်ကောင်းမလဲ"

"မျောက်က ကပြပါဗျို့"

ဇော်မိုးက မကျေမနပ်ဖြင့် . . .

"ငါ့ကို နောက်အကျဆုံးလို့ ဘာလို့ပြောနိုင်မှာလဲ၊ ငါ့နောက်မှာ တစ်ယောက်ယောက်လာချင်လာဦးမှာပေါ့"

"ဘယ်သူမှလာစရာမရှိတော့ဘူး၊ လုပ်မနေနဲ့ဇော်မိုး၊ ဒီမှာ အားလုံးလူစုံနေပြီ"

"ဘယ်မှာလဲ. . . လာ၊ ငါရေကြည့်မယ်၊ မှန်းစမ်း. . . တစ် . . . နှစ်. . . သုံး. . . လေး. . ."

ဇော်မိုးက မီးခြစ်ကိုခြစ်ကြည့်ပြီး လူတစ်ယောက်ချင်းစီကို ကြည့်ကာ ရေတွက်၏။

"ဆယ့်တစ်. . . ဆယ့်နှစ်. . . ဆယ့်သုံး. . . ဟင်"

သူ့ရေတွက်သံက 'ဆယ့်သုံး' တွင် အဆုံးသတ်သွားသော်ငြား ရည်မွန်ကျော်က. . .

"ဘယ်လိုလုပ်ပြီး ဆယ့်သုံးဖြစ်နိုင်မှာလဲ၊ ငါတို့အားလုံးရှိတာကမှ ဆယ့်နှစ်ယောက်တည်းမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဒါလည်း တစ်ယောက်ချင်းစီကို သေသေချာချာရေတာ ဝဲ"

ဖော်မိုးက မယုံကြည်နိုင်စွာဖြင့် ပြန်ငြင်းသည်။ ရဲသီဟ တ. . .

"ပြန်ရေကြည့်ကွာ ဖော်မိုး"

ဟုပြောပြီး သူ့အိတ်ဆောင်လက်နှိပ်ဓါတ်မီး အသေးလေး ကို ထုတ်ပေးသည်။

လက်နှိပ်ဓါတ်မီး၏အလင်းရောင်က မီးခြစ်၏အလင်းရောင် ထက်တော့ ပိုပြီး ထင်ထင်ရှားရှားမြင်သာသည်။

ဒီတစ်ခါတော့ ဖော်မိုး၏ရေတွက်သံက 'ဆယ့်နှစ်' မှာ တင်ရပ်သွား၏။

ဖော်မိုးက ဇဝေဇဝါဖြင့်. . .

"မဟုတ်သေးပါဘူး၊ ငါ့မျက်စိထဲမှာတော့ လူဆယ့်သုံး ယောက်ရှိနေသလိုပဲ၊ ငါကိုယ်ငါ ထည့်ပြီးမရေမိဘူးနဲ့တူတယ်"

"ပေါက်ကရတွေဟာ၊ စရေကတည်းက နင်ကနေစတာ ပထမတစ်ခေါက်တုန်းက နင့်ကိုယ်နင် နှစ်ခါပြန်ရေလို့ ဆယ့်သုံး ယောက်ဖြစ်နေတာဖြစ်မှာပေါ့"

"ဟုတ်လား. . . မသိဘူး"

ဖော်မိုးက မရေမရာ မသဲမကွဲပြောရင်း ခေါင်းကို ကုတ် နေသည်။

ထို့နောက် အားလုံးက ရယ်ရယ်မောမောဖြင့် ကစားပွဲပြန် စရန် ဧည့်ခန်းဆီသို့ ပြန်လည်ဦးတည်လိုက်ကြ၏။

ကျွန်တော် လှေကားရင်းသို့အရောက်တွင် အလန့်တကြား အာမေဋိတ်သံဖြင့်ပြောလိုက်သော ရည်မွန်ကျော်၏စကားသံကို ကြား လိုက်ရ၏။

"ဟဲ့. . . စောစောက ငါ့နောက်ကကပ်ပါလာတာ ဘယ်သူ လဲ၊ နွေးနွေး. . . နင် အခုမှ နေရာပြောင်းသွားတာလား"



"ဟာ. . . မဟုတ်တာ၊ အစောကြီးကတည်းက ငါက ဒီ ဘက်ခြမ်းကဆင်းလာတဲ့ဥစ္စာ၊ နင့်နောက်မှာ ဘယ်သူမှမရှိပါဘူး"

နွေးနွေးဆိုသောကောင်မလေးက ပြန်ပြော၏။

အဲသည်တစ်ခဏမှာပင် စိတ်မသက်သာစရာကောင်းသော အငွေ့အသက်တစ်ခုက လေထဲလွင့်ပျံလာသလို ခံစားရသည်။

ဘာမှန်းလည်းတော့မသိ။

စိတ်တွေလေးလံလာသည်။

■

www.burmeseclassic.com

## အခန်း (၂၇)

ဒီတစ်ခါမဲနှိုက်ရာတွင် 'လိပ်ပြာ'မဲကိုရသူမှာ ကျွန်တော်ဖြစ်၏။

အခန်းတွင်းရှိမီးများကို ပိတ်ပစ်လိုက်ပြီးပြီးချင်း အခန်းပြင်ဘက်သို့ ကျွန်တော် အသာလစ်ထွက်ခဲ့သည်။

ကိုယ့်အိမ်မို့လို့ ကိုယ် ပုန်းစရာနေရာတွေ အများကြီးရှိမှန်းသိသော်လည်း (အဲဒီလို ရွေးချယ်စရာများလွန်းနေသောကြောင့်လားမပြောတတ်) ဘယ်နေရာမှာပုန်းရမည်မှန်း မဆုံးဖြတ်နိုင်ဘဲဖြစ်နေ၏။

မြေအောက်ခန်းထဲသို့ဆင်းသော တံခါးဝအနီးသို့ ရောက်လာသည်။ ဆင်းပြီးပုန်းလျှင် လုံခြုံနိုင်မှန်းသိသော်လည်း မြေအောက်ခန်းထဲသို့ဆင်းရန် သတ္တိမရှိဘဲဖြစ်နေ၏။

အဲဒီနားမှာတင်ရပ်ပြီး ယောင်တောင်တောင်လုပ်နေစဉ်



ရည့်မှန်ကျော်က ကျွန်တော့်ကိုရှာတွေ့သွားလေတော့သည်။ နောက်မကြာခင်မှာပင် တခြားကစားသူများ တစ်ယောက်ပြီးတစ်ယောက်ရောက်လာကာ ကစားပွဲက လျင်မြန်စွာပြီးဆုံးသွားလေ၏။

နောက်ကစားပွဲအသစ်စရန် ညေ့ခန်းထဲသို့ပြန်လာစဉ် ရဲသီဟက တစ်စုံတစ်ရာကို စိုးရိမ်ထိတ်လန့်သောအမူအရာဖြင့် ကျွန်တော့်အနားသို့တိုးကပ်လာကာ . . .

"ဟော့ကောင် လင်းသန့်၊ မင်းကို ငါပြောစရာရှိတယ်"

"ဘာလဲကွ၊ မင်းပုံစံက ဘာဖြစ်နေတာလဲ"

ရဲသီဟက ဘေးဘီဝဲယာသို့ စိတ်မလုံခြုံစွာ အကဲခတ်လိုက်ရင်း. . .

"စောစောတုန်းက မင်းကို လိပ်ပြာမှန်းမသိသေးခင် အပေါ်ထပ်မှာ ငါတစ်ယောက်တည်းလိုက်ရှာနေတုန်း ဝရံတာမှာ အဝတ်တွေလှမ်းထားတဲ့စင်တစ်ခု တွေ့တယ်ကွ၊ ဒါနဲ့. . . ငါက အဝတ်တွေနောက်မှာ လိပ်ပြာမဲရထားတဲ့လူက ပုန်းချင်ပုန်းနေမှာဆိုပြီး အဝတ်တွေကြားထဲကို လက်နဲ့စမ်းကြည့်လိုက်တယ်"

"အဲဒီတော့. . ."

ရဲသီဟက စကားကို ဆက်ပြောသင့်မပြောသင့် တုံ့ဆိုင်းနေပြီးမှ . . .

"ငါ့လက်က လူတစ်ယောက်ရဲ့ပုခုံးကို စမ်းမိတယ်၊ အဲဒါနဲ့ ငါက 'လိပ်ပြာလား'လို့မေးလိုက်တော့ ဘာပြန်ဖြေသံမှ မကြားရဘူး၊ ဒါနဲ့ ငါလည်း သေချာအောင်ဆိုပြီး ငါ့အိတ်ဆောင်ဓါတ်မီးနဲ့ထိုးကြည့်လိုက်တယ်"

"အဲ. . . အဲဒီတော့. . . ဘာတွေ့လဲဟင်"

"ထူးဆန်းတာက အဝတ်တွေနောက်မှာ ဘယ်သူမှမရှိဘူးကွ"

"ဟင်"

ကျွန်တော် ပါးစပ်အဟောင်းသားပွင့်ဟသွား၏။ ရဲသီဟ က

www.burmeseclassic.com



လေးလေးတွဲ့တွဲ့ဖြင့်. . .

"ဟုတ်တယ် လင်းသန့်၊ ဘေးပတ်ဝန်းကျင်အားလုံးကိုပါ ငါ ဓါတ်မီးနဲ့ထိုးပြီး လိုက်ရှာကြည့်တယ်၊ ဘယ်သူမှမရှိဘူး၊ ဝရံတာမှာ ငါတစ်ယောက်တည်း၊ ငါ. . . ငါ. . . အရမ်းကြောက်သွားတယ် လင်းသန့်"

"သေချာရဲ့လားကွာ၊ အဝတ်လှမ်းထားတဲ့ချိတ်တစ်ခုခုကို ကိုင်မိပြီး လူတစ်ယောက်ယောက်ရဲ့ပုခုံးလို့ ထင်မိတာများလား"

ကျွန်တော့်အမေးကြောင့် ရဲသီဟက သက်ပြင်းချကာ ခေါင်းကို ခါယမ်းလိုက်ပြီး . . .

"အင်း. . . အဲဒီလိုပဲဖြစ်ပါစေလို့ ဆုတောင်းရတော့မှာပဲ"

ကျွန်တော့်ရင်ထဲတွင် လေးလံလာ၏။

ကျွန်တော်တို့နှစ်ယောက် ညှိခန်းထဲသို့ပြန်ရောက်သော အခါ ကျန်သူများအားလုံးက ကစားပွဲအသစ်စတင်ရန် စောင့်ဆိုင်းနေကြလေပြီ။

***

ဒီတစ်ခါတော့ ကျွန်တော့်မဲလိပ်က ဗလာ။

လိပ်ပြာက ဘယ်သူဖြစ်မည်မှန်းမသိ။ ကျွန်တော့်စိတ်ထဲမှာ ကစားပွဲကို သိပ်လည်းစိတ်မဝင်စားသလို ဖြစ်နေ၏။

'သတိထား. . . သတိထား' ဟု တစ်စုံတစ်ယောက်က နားနားကပ်ပြီး တီးတိုးပြောနေသလို ခံစားရသည်။

ဘာမှန်းမသိသော တစ်ခုခုကိုလည်း ကြောက်လန့်နေမိသည်။ အခန်းထဲရှိမီးများပိတ်သွားပြီးနောက် ခဏအကြာတွင် လိပ်ပြာကိုလိုက်ရှာရန် အချက်ပေးသောခရာသံ ကြားရသည်။

ကျွန်တော်တို့အားလုံး အခန်းအပြင်ဘက်သို့ ထွက်လာကြပြီးနောက် ထုံးစံအတိုင်း . . .



"လိပ်ပြာလား"

"လိပ်ပြာလား"

ဟု အပြန်အလှန်မေးကြသံများ ပြေးလွှားရှာဖွေကြသံများဖြင့် ဆူညံယောက်ယက်ခတ်နေကြပြန်လေသည်။

သို့သော် ကစားပွဲတစ်ပွဲလုံးသည် အသက်မပါဘဲ ဟန်ဆောင်လှုပ်ရှားနေကြမှန်း သိသာနေ၏။

လူတွေအားလုံးသည် ကစားပွဲကို စိတ်မပါကြတော့၊ အားလုံးစိတ်ထဲတွင် စနောင့်စနင်းဖြစ်နေကြသည်။

ပထမတစ်ချက်က ဖော်မီး လူရေတွက်ရာတွင် တစ်ယောက်ပိုနေခြင်း၊ နောက်. . . ရည်မွန်ကျော်၏နောက်ဘက်တွင် လူတစ်ဦးရှိနေသလိုထင်ရခြင်း၊ အခုနောက်ဆုံး ရဲသီဟက တကယ်မရှိသော လူတစ်ယောက်ကို လက်ဖြင့်စမ်းမိခြင်းတို့က ဒီအထဲမှာ တစ်စုံတစ်ရာမှားယွင်းနေပြီဆိုသည့် အသိကို ဖြစ်ပေါ်စေ၏။

သို့သော် ကစားနေသူတစ်ယောက်ချင်းစီက ကိုယ့်ရင်ထဲမှ ကြောက်စိတ်ကို မဖော်ပြချင်သောကြောင့် ဟန်မပျက် ဆက်ပြီးကစားနေကြခြင်းဖြစ်ရာ အားလုံး အသက်မပါဘဲ လှုပ်ရှားနေသလို ပုံပေါက်နေလေတော့သည်။

ကျွန်တော်က လူအုပ်စုထဲမှ တစ်ယောက်တည်းခွဲထွက်လာခဲ့သည်။ ယခုအချိန်ထိ လိပ်ပြာကို ဘယ်မှာသွားရှာရမည်လဲ မစဉ်းစားမိသေး။

ဒီလိုနှင့် ကျွန်တော့်ခြေလှမ်းတွေက မြေအောက်ခန်းကို ဆင်းသော တံခါးဝမှာ ရပ်တန့်သွားမိသည်။

အရင်နှစ်ပွဲစလုံးမှာ လိပ်ပြာမဲပေါက်သူ (ကျွန်တော်အပါအဝင်) နှစ်ဦးစလုံးက မြေအောက်ခန်းထဲဆင်းပြီး မပုန်းကြသေး။

ဒီတစ်ကြိမ် လိပ်ပြာဖြစ်သူက အဲဒီအခွင့်အရေးကို ရအောင်ယူမှာသေချာသည်ဟု ကျွန်တော်တွက်မိ၏။

သေချာသည်။

www.burmeseclassic.com

www.burmeseclassic.com



လိပ်ပြာသည် အခုအချိန်လောက်ဆို မြေအောက်ခန်းထဲတွင် ပုန်းနေပေလိမ့်မည်။

သို့သော်လည်း ကျွန်တော်ကိုယ်တိုင် မြေအောက်ခန်းထဲသို့ မဆင်းရဲ။ တံခါးဝမှာတင်ရပ်ပြီး တွေဝေနေမိသည်။

ကစားပွဲက အချိန်ကြာမြင့်လာသည်။ ယခုအချိန်ထိ လိပ်ပြာကိုလည်း ဖမ်းမမိကြသေး။ 'လိပ်ပြာလား' 'လိပ်ပြာလား' ဟု မေးနေကြသံများကို ကြားနေရဆဲ။

နောက်ဆုံးတွင် စိတ်တင်းကာ မြေအောက်ခန်းထဲသို့ ကျွန်တော် တစ်လှမ်းချင်းဆင်းသွားလိုက်သည်။

လိုရမယ်ရဖြစ်အောင် တံခါးကိုတော့ ပွင့်လျက်သားဖွင့်ထားပစ်ခဲ့၏။

လှေကားရင်းသို့ရောက်လာသည်။

ကျွန်တော်ထင်ထားသည့်အတိုင်းပင်။

လှေကားနံဘေးတွင်ထိုင်နေသည့် တစ်စုံတစ်ယောက်၏ပုခုံးသဏ္ဍာန်ကို တွေ့လိုက်ရ၏။ ကျွန်တော်က . . .

"လိပ်ပြာလား"

ဟု မေးလိုက်သည်။ ထိုသူက ပြန်မဖြေ။

သေချာပြီ။ လိပ်ပြာမဲပေါက်ထားသူကို ကျွန်တော် တွေ့နေလေပြီ။

ကျွန်တော်က ထိုသူ့နံဘေးတွင် အသာအယာဝင်ထိုင်နေလိုက်၏။

"မင်း. . . ဘယ်သူလဲ"

ဟု ထပ်မေးလိုက်သည်။

ထိုသူက ပြန်မဖြေချေ။

■

## အခန်း (၂၈)

လိပ်ပြာဖွက်တမ်းကစားနည်းအကြောင်းကို ရှင်းပြတုန်းက ရည်မွန်ကျော်က လိပ်ပြာမဲရသူသည် ဘာမှပြန်မပြောရဟု မှာလိုက်သည်ကို 'မည်သည့်စကားတစ်လုံးမပြောရဘဲ လုံးဝပါးစပ်ပိတ်နေရမည်' ဟု အမှတ်မှားနေသလားမသိချေ။

နာမည်မေးသည်ကိုတောင် ပြန်ဖြေဖေါ်မရ။

ကျွန်တော့်ဘေးမှာရှိသူသည် (ကျွန်တော်နှင့် မျက်နှာစိမ်းသော) ကောင်လေးတွေထဲမှ တစ်ယောက်ယောက်ဖြစ်လိမ့်မည်ဟု ထင်လိုက်မိ၏။

ထို့ကြောင့် ကျွန်တော်က ဘာမှဆက်မမေးတော့ဘဲ တိတ်တိတ်သာ ထိုင်နေလိုက်တော့သည်။

ထိုင်နေဆဲအချိန်အတောအတွင်းမှာပင် ကျွန်တော့်ခေါင်းထဲသို့ မနှစ်မြို့ဖွယ်ကောင်းသော ခံစားချက်တွေ တ[illegible]

www.burmeseclassic.com



ရောက်လာသည်။

တစိမ့်စိမ့်ကြောက်လာ၏။

ကြက်သီးများ ဖျန်းခနဲထသည်။ နှာခေါင်းထဲမှာ အပုပ်နံ့လိုလိုရ၏။

ကျွန်တော် ဒီနေရာမှ ချက်ချင်းထပြီး ပြေးထွက်သွားလိုက်ချင်သည်။

တကယ်တမ်းကျတော့လည်း ထမပြေးဖြစ်။ နံဘေးရှိလူက တစ်မျိုးထင်သွားမည်ကိုလည်း စိုးနေ၏။

နောက်ထပ် အခြားသူတွေ ကျွန်တော်တို့ကို မြန်မြန်ရှာတွေ့သွားပါစေဟုသာ ကျိတ်ပြီးဆုတောင်းနေရတော့သည်။

ထိုစဉ် မြေအောက်ခန်းကိုဆင်းသော လှေကားထိပ်မှ ခြေသံမှုမှုနင်းလာသံကို ကြားရ၏။ တစ်စုံတစ်ယောက်တော့ ဆင်းလာချေပြီ။

ထိုဆင်းလာသူက လှေကားရင်းအရောက်တွင် ကျွန်တော့်ကို လှမ်းပြီးမေး၏။

"လိပ်ပြာလား"

မေးသည့်အသံကိုကြားလိုက်ရုံနှင့်ပင် ရည်မွန်ကျော်၏ သူငယ်ချင်းဖြစ်သူ နွေးနွေးဆိုသောကောင်မလေးမှန်း ကျွန်တော်သိလိုက်သည်။

ကျွန်တော်တို့က ဘာမှပြန်မဖြေသောအခါ နွေးနွေးက လိပ်ပြာမဲပေါက်သူကိုတွေ့ပြီမှန်း သေချာသွားပြီး ကျွန်တော့်ဘေးတွင် ဝင်ထိုင်လိုက်၏။

ဒီတော့မှပင် ကျွန်တော်လည်း စိတ်ဖိစီးမှုလျော့သွားကာ ပေါ့ပေါ့ပါးပါးပြန်ဖြစ်သွားသည်။ နွေးနွေးက . . .

"ကိုလင်းသန့်လား"

"အေး. . . ဟုတ်တယ်"

"ဟင်. . . ဒီတစ်ခါလည်း လိပ်ပြာက ကိုလင်းသန့်ပဲလား"



"ငါမဟုတ်ပါဘူး၊ ငါ့ညာဘက်ဘေးမှာထိုင်နေတဲ့ တစ်ယောက်ပါ"

ကျွန်တော်က မှုန်တိမှုန်ဝါးအလင်းရောင်ဖြင့် ဘေးမှလူကို လက်ညှိုးထိုးပြရင်းပြောလိုက်သည်။ နွေးနွေးကလည်း လှမ်းကြည့်ရင်း. . .

"ဪ. . . သူလည်းပါတာကိုး"

ဟုပြောပြီး ပြန်လည်တိတ်ဆိတ်သွား၏။

ဒီအတိုင်းပင် သုံးယောက်သား တိတ်ဆိတ်စွာထိုင်နေဖြစ်ကြသည်။

မိနစ်ပေါင်းများစွာ ကုန်လွန်သွားကြ၏။ ပျင်းရိငြီးငွေ့ဖွယ်ကောင်းလာသည်။

ငါတို့ကို ဘယ်သူမှ တွေ့အောင်မရှာနိုင်တော့ဘူးလား။

ကျွန်တော့်စိတ်ထင် မိနစ်နှစ်ဆယ်ခန့် ကြာသွားပြီထင်သည်။

နွေးနွေးက . . .

"ကစားရတာ ပျော်စရာမကောင်းတော့သလိုပဲနော် ကိုလင်းသန့်၊ ကျွန်မစိတ်ထဲမှာ လေးနေတယ်၊ နောက်ထပ်မကစားတော့ရင် ကောင်းမယ်ထင်တယ်၊ တစ်ခုခု ဆိုးဆိုးရွားရွားဖြစ်တော့မယ်လို့ ကျွန်မစိတ်ထဲမှာ ထင်နေတယ်"

"အေး. . . ငါလည်းဒီလိုပဲ"

ကျွန်တော့်အသံက ညည်းသံပင်ပါနေသလားမပြောတတ်။

မိနစ်တွေ ရွေ့လျားကုန်ဆုံးသွားပြန်သည်။

ကျွန်တော် စိတ်မချမ်းမသာဖြစ်လာ၏။

ထိုစဉ်မှာပင် လှေကားထိပ်ဆီမှ ခြေသံတဒုန်းဒုန်း ကြားလိုက်ရပြီး. . .

"ဟေ့. . . လင်းသန့်. . . လင်းသန့်. . . မင်း မြေအောက်ခန်းထဲမှာရှိလား"

www.burmeseclassic.com

www.burmeseclassic.com



တုသော ရဲသူရ၏အသံကို ကြားလိုက်ရသည်။ သူမေးပုံက 'လိပ်ပြာသား' ဟုလည်း မမေး၊ တစ်မျိုးဖြစ်နေ၏။ ကျွန်တော်က. . .

"ရဲသူရလား။ ငါ ဒီမှာလေကွာ"

"လင်းသန့်. . . နွေးနွေးကိုကောတွေ့မိလား"

"နွေးနွေးလည်းရှိတယ်၊ ငါ့ဘေးမှာ"

ကျွန်တော့်အဖြေစကားကြောင့် ရဲသူရက စိတ်ပျက်သွားသလို 'ကျွတ်'ခနဲ တစ်ချက်စုတ်သပ်လိုက်ပြီး . . .

"မင်းတို့ ဘာလုပ်နေကြတာလဲ၊ ငါတို့အားလုံးက မင်းတို့နှစ်ယောက်ကို စောင့်နေရတာ တစ်နာရီလောက်ရှိနေပြီ၊ မင်းတို့နှစ်ယောက်စလုံး ငါတို့နိုင်းတာလုပ်ဖို့သာ ပြင်ပေတော့"

သူ့စကားက ဘာကိုဆိုလိုမှန်းမသိ။ ထို့ကြောင့် ကျွန်တော်က. . .

"ဘာလို့လုပ်ရမှာလဲကွ၊ မင်းတို့မှ လိပ်ပြာကိုမမိသေးတာ"

"လင်းသန့်. . . မင်း ဘာကြောင်နေတာလဲ၊ ဒီပွဲမှာ လိပ်ပြာမဲပေါက်ထားတာ ငါကွ"

"ဘာ"

ကျွန်တော့်တစ်ကိုယ်လုံး ကြက်သီးဖျန်းခနဲထသွားသည်။

"ဟင်. . . ဒါ. . . ဒါဆို ကျွန်မတို့ဘေးမှာထိုင်. . . ထိုင်နေတာဘယ်သူလဲ"

နွေးနွေး၏အသံက တုန်ယင်ချောက်ချားစွာထွက်ပေါ်လာ၏။ ထိုမေးခွန်းကြောင့် ရဲသူရက သူ့ညီဆီမှယူလာသည့် လက်နှိပ်ဓါတ်မီးကိုထုတ်ယူပြီး ကျွန်တော်တို့နှံဘေးတဝိုက်ကို ထိုးကြည့်လိုက်သည်။

ဘယ်သူမှရှိမနေချေ။

. . .

ထိုသို့သိလိုက်ရသည်နှင့်တစ်ပြိုင်နက် နွေးနွေး၏မျက်နှာတစ်ခုလုံး သွေးဆုတ်ကာ ဖြူဖပ်ဖြူလျော်ဖြစ်သွားပြီး . . .

"အောင်မယ်လေး"



အသံကုန်အော်ဟစ်ကာ မေ့မြောလဲကျသွားလေတော့သည်။

■

www.burmeseclassic.com

## ဇာတ်သိမ်း

ဒါကိုပဲ ဇာတ်သိမ်းဟုပြောရပါတော့မည်။

***

ကျွန်တော့်သူငယ်ချင်းတွေ၏ မိဘတွေကော ရည်မွန်ကျော့် သူငယ်ချင်းတွေ၏ မိဘတွေပါ ဒီကိစ္စကိုသိသွားကြပြီး စိုးရိမ်တကြီး ဖြစ်ကာ မေမေနှင့် လာဆွေးနွေးကြသည်။

ဟိုကဒီကကြားရသော စကားအပိုင်းအစများဖြင့် ဆက်စပ် ပုံဖော်ကြည့်ရင်း ကျွန်တော်တို့အိမ်၏ နောက်ကြောင်းရာဇဝင်ကိုပါ တစ်စတစ်စ သိလာကြသည်။

လွန်ခဲ့သည့်နှစ် များမကြာမီကာလက ဒီအိမ်ကြီးတွင်နေထိုင် သွားကြသည့် နိုင်ငံခြားသားမိသားစုသုံးယောက်၏ ကြေကွဲစရာ



ဇာတ်ကြောင်းကိုကြားရသောအခါ ကျွန်တော် ဝမ်းနည်းချောက်ချား မိသည်။

သူတို့ပြောစကားများအရဆိုလျှင် ဖခင်ဖြစ်သူ မစ္စတာဆင် မြူရယ်သည် စိတ်ဖေါက်ပြန်ရူးသွပ်သွားပြီး ဇနီးဖြစ်သူ ကက်သရင်း နှင့် သားဖြစ်သူတို့ကို ညဘက်အိပ်ပျော်နေစဉ် ရက်ရက်စက်စက် သတ်ဖြတ်လိုက်ပုံရ၏။

အဆိုးရွားဆုံးမှာ ဇနီးနှင့်သားတို့၏အလောင်းများကို ဘယ် သူမှရှာမတွေ့အောင် လက်စဖျောက်ပစ်လိုက်ခြင်းပင် ဖြစ်သည်။

သားဖြစ်သူက သေခါနီးနီးဆဲဆဲတွင် အကူအညီတောင်းရန် ဖုန်းဆက်ခဲ့ပုံရသည်။

နောက်တစ်နေ့မနက်တွင် အိမ်နီးချင်းဖြစ်သူက သူ့ဖုန်းထဲ တွင်ပေါ်နေသော missed call နံပါတ်ကိုတွေ့ပြီး သင်္ကာမကင်းဖြစ် မိရာမှ ထိုအမှုကို စတင်သံသယဝင်မိကြခြင်းဖြစ်၏။

သို့ရာတွင် အဲဒီကတည်းက ထိုသားအမိကိုလည်းကောင်း သားဖြစ်သူကိုင်နေကျ လက်ကိုင်ဖုန်းကိုလည်းကောင်း လုံးဝ မတွေ့ ရတော့ချေ။

နောက်ဆုံးတွင် မစ္စတာဆင်မြူရယ်ကို တရားဥပဒေအရ အပြစ်ပေးရန်စီစဉ်နေဆဲမှာပင် ဦးနှောက်ထဲငှက်ဖျားမိုးဝင်နေပြီဖြစ် သော မစ္စတာဆင်မြူရယ်တစ်ယောက် ဆေးရုံပေါ်မှာပင် ကွယ်လွန် သွားလေတော့သည်။

တကယ်တော့လည်း ဒါတွေကပြီးခဲ့ပါပြီ။

ပြီးဆုံးသွားခဲ့သင့်ပြီမဟုတ်လား။

တကယ်တမ်း အဆုံးသတ်သွားခြင်းရှိမရှိကိုတော့ မည်သူ က အတိအကျသိနိုင်မှာလဲ။

"ဟဲ့. . . သား. . . လင်းသန့်၊ ပစ္စည်းတွေအားလုံး ကားပေါ် တင်ပြီးရင်တက်တော့လေ၊ ဘာငိုင်နေတာလဲ"

မေမေ့အသံကြောင့် ကျွန်တော် သတိပြန်ဝင်လာ၏။

www.burmeseclassic.com



ကျွန်တော်တို့တစ်အိမ်လုံး၏ ပစ္စည်းပစ္စယတွေကို အကုန်လုံး ကားပေါ်တင်ပြီးနေပြီ။

ဒီနေ့ပင် ကျွန်တော်တို့မိသားစု အိမ်ပြောင်းတော့မည်ဖြစ်၏။

နေရစ်ခဲ့တော့။

ကျွန်တော်က အိမ်ကြီးကို သမင်လည်ပြန်လှည့်ကြည့်ပြီး တိုးတိတ်စွာနှုတ်ဆက်လိုက်သည်။

နှမျောတသစွာ လွမ်းဆွတ်စွာဖြင့် . . .။

နောက် ကျွန်တော် ကားပေါ်သို့တက်ထိုင်လိုက်သည်။

ကားဘီးက ဖြည်းဖြည်းချင်း လိမ့်ကာလိမ့်ကာ ထွက်ခွာလာစဉ် ကျွန်တော်က အိမ်အပေါ်ထပ်ပြတင်းပေါက်ဆီသို့ တစ်ချက်လှမ်းကြည့်လိုက်မိသေးသည်။

■

## နောက်ဆက်တွဲ

လင်းသန့်တို့မိသားစု အိမ်ပြောင်းသွားသည့်မော်တော်ကားခြံထဲမှ တရွေ့ရွေ့ထွက်ခွာသွားသည်ကို အိမ်အပေါ်ထပ်ပြတင်းပေါက်မှနေ၍ ကောင်လေးတစ်ယောက်က ရပ်ငေးကြည့်နေသည်။

သူက ဆံပင်ရွှေရောင်နှင့် ဥရောပတိုက်သားဆန်သော အသားအရေနှင့် . . .။ သူ့လက်ထဲမှာ ဟန်းဖုန်းတစ်လုံး။

သူက တရွေ့ရွေ့ထွက်ခွာသွားပြီဖြစ်သော လင်းသန့်တို့မိသားစုကို ဝမ်းနည်းကြေကွဲစွာငေးကြည့်ရင်း မျက်ရည်တွေ တွေတွေကျလာသည်။

* * *

ထိုစဉ် သူ့မိခင်ဖြစ်သူက အနားသို့ရောက်လာပြီး . . .

www.burmeseclassic.com

www.burmeseclassic.com



"သား. . . ဒီမွန်။ ဘာငေးနေတာလဲ"

ဒီမွန်းက ကြေကွဲဆို့နင့်စွာဖြင့်. . .

"ဟို. . . ဟိုမှာ. . . လင်းသန့်တို့ ဒီအိမ်ကနေပြောင်းသွားကြပြီ မေမေ"

သူ့စကားကြောင့် မိခင်ဖြစ်သူက မချိတင်ကဲ သနားယှယှစွာဖြင့် ဒီမွန်း၏နဖူးမှဆံစများကို ပွတ်သပ်ပေးလိုက်သည်။

ဒီမွန်းက . . .

"သူတို့. . . သူတို့ သားကို ဘာဖြစ်လို့ ကြောက်သွားကြတာလဲဟင်"

မိခင်ဖြစ်သူက မျက်ရည်မကျအောင်ထိန်းရင်း ရှိုက်သံဖြင့်. . .

"သားက သူတို့ကို အိပ်မက်တွေနဲ့ ဆက်သွယ်ဖို့ကြိုးစားတာကိုး"

"ဟင်. . . အဲဒါ သားမှားသလား မေမေ၊ သား သူတို့ကို မဆက်သွယ်သင့်ဘူးလား၊ ပြောစမ်းပါမေမေ"

ဒီမွန်း၏မေးခွန်းကို သူ့မိခင်ဖြစ်သူက မဖြေနိုင်။ ပါးပြင်ပေါ်စီးကျလာသောမျက်ရည်စတွေကိုသာ သုတ်နေ၏။

ဒီမွန်းက . . .

"သူတို့သိအောင် သား ဘယ်လိုပြောပြရမလဲ မေမေ၊ သားတို့ရဲ့ခန္ဓာကိုယ်တွေ လှေကား ခုံက အင်္ဂတေကြမ်းပြင်အောက်မှာ ရှိနေတယ်ဆိုတာကို ဘယ်သူမှ ရှာတွေ့ကြတော့မှာမဟုတ်ဘူးနော်"

"သားရယ် စိတ်ကိုဖြေပါကွယ်၊ မေမေတို့ဘဝက ကိုယ့်အဖြစ်ကို တခြားသူသိအောင် ပြောပြခွင့်ရှိတဲ့ဘဝမှ မဟုတ်ဘဲကွယ်"

ဒီမွန်းက မျက်ရည်တွေကိုသုတ်ရင်း ပြတင်းပေါက်ကို ကျောခိုင်းလိုက်သည်။

ထို့နောက် သူ့လက်ထဲမှ တယ်လီဖုန်းလေးကို လွှတ်ချလိုက်လေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## နိဂုံး

သင်တို့ကော. . .

သင်တို့ရင်ထဲမှစကားတွေကို တခြားသူတွေကြားအောင် ပြောခွင့်မရှိသောဘဝမှာ နေထိုင်ရမည်ဆိုလျှင် . . .

ဘယ်လိုခံစားရမည်ထင်ပါသလား?

**သတိုးတေဇ**

ရွှေအိမ်မှူးစာပေ

#၇

# သတိုးတေဇ

## သောကြာနေ့လကွယ်ည

တမလွန်လောကသားတစ်ယောက် ပိုင်ဆိုင်သည့်စာအုပ်တစ်အုပ်. . .။

အဲသည်စာအုပ်က အံ့ဩတုန်လှုပ်ချောက်ချားစရာများကို ဖန်တီးလေသလား. . .။

ထိုစာအုပ်ကို ဖတ်ကြည့်မိရာမှ. . .၊

ဒီည ဖတ်မိသော စာမျက်နှာများတွင် ပါရှိသည့်အဖြစ်အပျက်အတိုင်း နောက်တစ်နေ့တွင် ထပ်တူထပ်မျှ ကိုယ်တိုင်ကြုံရသည်။

ဒီလိုနှင့်. . . နောက်ဆုံးစာမျက်နှာကို ဖတ်လိုက်ရသောအခါ. . .

ရှေ့လမျှော်

www.burmeseclassic.com